# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 March 2017 (၈၈၅၂)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား အသီးသီးလက်ခံတွေ့ဆုံ

စာမျက်နှာ » ၃

## ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ် မတ် ၁ ရက်မှစ၍ အများပြည်သူ ကံစမ်းနိုင်ပြီ

စာမျက်နှာ » ၇




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံရေရှည်တိုးတက်ရန် ငြိမ်းချမ်းရေးသည် မဖြစ်မနေရယူရမည့်ကိစ္စဖြစ်

## ငြိမ်းချမ်းရေးပန်းတိုင်သို့သွားသည့်လမ်းကြီးကို ဖြောင့်သွားအောင်၊ ကျယ်ဝန်းသွားအောင်လုပ်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးမရသည့် အကြောင်းရင်းမှာ စိတ်ဓာတ်မသန်စွမ်းမှုကြောင့်ဖြစ်ပါကြောင်း၊ ဉာဏ်ရည်မသန်စွမ်းမှု၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုတို့ကြောင့် မဟုတ်ပါကြောင်း၊ စိတ်ဓာတ်သန်စွမ်းမှုမရှိသည်ကို ရှိအောင် အားလုံးဝိုင်းပြီး ကူညီရန်လိုပါကြောင်း။

**စံနမူနာဖြစ်**

ဤအဖွဲ့သည် ဒုက္ခနှင့် ရင်ဆိုင်နေရသော်လည်း၊ မသန်စွမ်းသည့်အပိုင်း ရှိသော်လည်း အင်မတန်စွမ်းရည်ပြည့်ဝသည့် စိတ်ဓာတ်ရှိသည်ကို ပြနိုင်ခြင်းသည် တစ်နိုင်ငံလုံးအတွက် စံနမူနာဖြစ်ပြီး အားရစရာလည်းဖြစ်ပါကြောင်း၊ ရင်ဆိုင်နေရသည့် အခက်အခဲကို ကျော်လွှားနိုင်သည့် အရည်အချင်းသည် တကယ့်သန်စွမ်းမှုပင် ဖြစ်ပါကြောင်း၊ ရင်ဆိုင်ရသည့်အခက်အခဲများကို ကျော်လွှားရဲသည့် သတ္တိမရှိသည့်အခါ ဘယ်လိုမှ တိုးတက်မှုမဖြစ်နိုင်ပါကြောင်း။

**အလုပ်နှင့်ပြ**

နိုင်ငံတကယ်ရေရှည်တိုးတက်ရန် ငြိမ်းချမ်းရေးသည် မဖြစ်မနေရယူရမည့်ကိစ္စပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကိုထိခိုက်စေသည့် မသန်စွမ်းသည့် စိတ်ဓာတ်ကို မိမိတို့အားလုံး ကုစားပေးရမည်ဖြစ်ပါကြောင်း၊ ကုစားပေးသည်ဆိုသည်မှာ စကားနှင့်ချည်း ကုစားပေး၍မရဘဲ အလုပ်နှင့်ပြရမည်ဖြစ်ပါကြောင်း၊ စံနမူနာအရ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသော အခက်အခဲပြဿနာတစ်ရပ်မှာ လယ်ယာလုပ်သားရှားပါးခြင်းနှင့်အတူ လယ်ယာလုပ်သားတို့အတွက် ကုန်ကျစရိတ်မြင့်မားခြင်းဖြစ်ပါသည်။ စက်မှုလယ်ယာအသွင်ဖြင့် အကောင်အထည်ဖော်နိုင်ပါက အဆိုပါအခက်အခဲပြဿနာကို ကျော်လွှားနိုင်သော်လည်း စက်မှုလယ်ယာအကောင်အထည်ဖော်နိုင်ရေးအတွက် တောင်သူလယ်သမားတို့၏ လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုလိုအပ်သကဲ့သို့ လုံလောက်သော ဘဏ္ဍာငွေကြေးရရှိရန်လိုအပ်ပါသည်။ ထို့ပြင်စနစ်တကျ အကောင်အထည်ဖော်ရန်လည်း လိုအပ်ပါသည်။ စက်မှုလယ်ယာအကောင်အထည်ဖော်ရာ၌ ကျွမ်းကျင်လုပ်သားပြုစုပျိုးထောင်ခြင်းကိုပါ ပူးတွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ တောင်သူ ၅၈ ဦး၏ လယ်ယာမြေဧက ၅၀၀ အား လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ရေးအတွက် ဆောင်ရွက်နေသည်ဟူသော သတင်းပေါ်မူတည်၍စက်မှုလယ်ယာကူးပြောင်းရေးကို ဆွေးနွေးတင်ပြလိုပါသည်။ အဆိုပါ လယ်ယာမြေဧက ၅၀၀ အား လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်းကို စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရပါသည်။ ဤစက်မှုလယ်ယာကူးပြောင်းခြင်းကိစ္စ၌ တောင်သူ ၅၈ ဦးနှင့် စက်မှုလယ်ယာဦးစီးဌာနကြား မည်ကဲ့သို့သောပုံစံမျိုးဖြင့် လက်တွဲဆောင်ရွက်သည်ကို ပြည်သူလူထုအားတင်ပြပါက တိုင်းပြည်အတွက် အကျိုးများမည်ဟု ယူဆပါသည်။

စက်မှုလယ်ယာမြေတစ်ကွက်လျှင် ပေ ၁၂၀၊ ပေ ၃၆၀ အကျယ်၊ ရေသွင်း/ရေထုတ် မြောင်းသုံးပေစီ၊ ကုန်ထုတ်လမ်း ၁၂ ပေပါသည်ဟုဆိုသည့်အတွက် လယ်ယာမြေပိုင်ဆိုင်မှုအရွယ်အစား မတူညီသည့် တောင်သူလယ်သမားတို့ကြား မည်ကဲ့သို့အပေးအယူပြု၍ စေ့စပ်ညှိနှိုင်းသည်ဟူသော အချက်မှာလည်း တောင်သူလယ်သမားများအပါအဝင် အများပြည်သူတို့အတွက် စိတ်ဝင်တစား လေ့လာသင့်သည့်ကိစ္စရပ်ဖြစ်ပါသည်။ သတင်းများအရ ဤကဲ့သို့ စက်မှုလယ်ယာကူးပြောင်းခြင်းကို ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀ ဖြင့် ဆောင်ရွက်သည်ဟု သတင်းများဖော်ပြထားသည့်အတွက် အဆိုပါစက်မှုလယ်ယာကူးပြောင်းသည့် စီမံကိန်း၏ စီမံခန့်ခွဲမှုအခန်းကဏ္ဍ၌ ကရင်ပြည်နယ်အစိုးရပါဝင်မည်ဟု ယူဆရပါသည်။ သို့ဖြစ်ပါ၍ စက်မှုလယ်ယာစီမံခန့်ခွဲရေးကဏ္ဍ၌ ကရင်ပြည်နယ်အစိုးရနှင့် တောင်သူလယ်သမားတို့ကြား ညှိနှိုင်းဆောင်ရွက်သည့် ပုံစံသည်လည်း ပြည်သူလူထုအား အသိပေးတင်ပြသင့်သည့်ကိစ္စရပ်ဟု ယူဆပါသည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုပြည့်စုံကောင်းမွန်သော စက်မှုလယ်ယာကူးပြောင်းရေးစနစ်တစ်ရပ်ပေါ် ထွက်လာမည်ဖြစ်ပါသည်။ အဆိုပါ ကရင်ပြည်နယ်စက်မှုလယ်ယာကူးပြောင်းရေးစီမံကိန်း၌ စက်ကိရိယာများနှင့် ခေတ်မီနည်းစနစ်များ မည်ကဲ့သို့ရယူအသုံးပြုသည်ကိုလည်း စနစ်တကျလေ့လာသုံးသပ်သင့်ပါသည်။ ခြုံ၍တင်ပြရပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် စနစ်တစ်ရပ်လိုအပ်သည်ဖြစ်၍ အဆိုပါ စနစ်ပေါ်ပေါက်လာရေးအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်ကြပါရန် လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

## ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲစာတမ်းများ UPDJC သို့ တင်ပြသွားမည်



တောင်ငူ ဖေဖော်ဝါရီ ၂၈

တောင်ငူမြို့ ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ သုံးရက်မြောက်နေ့ကို ယနေ့ကျင်းပရာ နိုင်ငံရေးဆိုင်ရာစာတမ်းများကို ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံကလည်းကောင်း၊ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းကလည်းကောင်း၊ KNU အမျိုးသားအစည်းအရုံးမှ စောပိုပိုထူးအောင်က လည်းကောင်း ဖတ်ကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်းများကို တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေကလည်းကောင်း၊ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမင်းအောင်ကလည်းကောင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးသိန်းနိုင်ဝင်းကလည်းကောင်းဖတ်ကြားခဲ့ပြီး မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာတမ်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က လည်းကောင်း၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးက လည်းကောင်း ဖတ်ကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌဦးသုဝေက ငြိမ်းချမ်းရေးအကြောင်းကို ပြောကြားပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ဦးဝင်းထိန်က ပြောကြားရာတွင် ဒေသဆိုင်ရာအသီးသီးမှ တင်ပြချက်၊ လိုအပ်ချက်များကို မကြာခင်ကျင်းပမည့် (၂၁)ရာစု ပင်လုံညီလာခံမှာ ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ မိမိကျရာကဏ္ဍကနေ ငြိမ်းချမ်းရေးအတွက် ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန် ပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက နိဂုံးချုပ်ပြောကြားရာတွင် ယခုကျင်းပသည့်ဆွေးနွေးပွဲအကြောင်းအရာများမှာ "နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးတစ်မျိုးစီအလိုက် ခံစားသင့်၊ ခံစားထိုက်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍမှာ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊မြေယာဆိုင်ရာကဏ္ဍစသည့်ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည့်တူညီသောအမြင်သဘောထားများနှင့် မတူညီသော အမြင်သဘောထားများကို စုစည်းပြီး UPDJC ၏ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရေးလုပ်ငန်းကော်မတီ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များဆွေးနွေးရေးလုပ်ငန်း ကော်မတီတို့သို့ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌတိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ဆွေးနွေးပွဲတွင်တင်သွင်းသည့် စာတမ်းများ မှတ်တမ်းတင်ထားသည့် အကြောင်း ကြေညာရာတွင် နိုင်ငံရေးဆိုင်ရာစာတမ်းအား ဆွေးနွေးသူ ၃၁ ဦး၊ စာတမ်းတင်သူ ၇၈ ဦးကဆွေးနွေးပြောကြားခဲ့ရာ ခေါင်းစဉ်ကြီးနှစ်ခုအား ဆွေးနွေးရာတွင် ဒီမိုကရေစီဆိုင်ရာခေါင်းစဉ်အောက်တွင် အချက် ၃၀၊ ဖက်ဒရယ်စနစ်ဆိုင်ရာ ခေါင်းစဉ်အောက်တွင် ၂၃ ချက်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးစီအလိုက် ခံစားသင့်၊ ခံစားထိုက်သော အခွင့်အရေးများနှင့် လူမျိုးရေးဆိုင်ရာစုပေါင်းအခွင့်အရေးဆိုင်ရာခေါင်းစဉ်အောက်တွင် ၃၈ ချက်၊ အဆိုပါနိုင်ငံရေးခေါင်းစဉ်ကြီးနှစ်ခုအောက်တွင် အချက်ပေါင်း ၉၀ ကို ဆွေးနွေးခဲ့ကြပြီး စီးပွားရေးဆိုင်ရာစာတမ်းအားဆွေးနွေးသူ ၄၁ ဦး၊ စာတမ်းတင်သူ ၆၉ ဦးတို့ဖြင့် ဆွေးနွေးခဲ့သည်။

စီးပွားရေးခေါင်းစဉ်နှင့် ပတ်သက်၍ ဖက်ဒရယ်အခြေခံသော ခေါင်းစဉ်ကြီး ခုနစ်ခုအား ဆွေးနွေးခဲ့ရာတွင် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး ခေါင်းစဉ်အောက်တွင် ၁၃ ချက်၊ ဘဏ္ဍာငွေ တည်ငြိမ်မှုရရှိရေး ခေါင်းစဉ်အောက်တွင် ၁၁ ချက်၊ မျှတသော အခွန်စနစ်တည်ထောင်ရေးခေါင်းစဉ်အောက်တွင် ၁၈ ချက်၊ ပြည်သူများ၏အခွင့်အရေးနှင့် ပစ္စည်းပိုင်ဆိုင်မှုဥပဒေကို လုပ်ထုံးလုပ်နည်းဖြင့်ကိုင်တွယ်ရေး ခေါင်းစဉ်အောက်တွင် ၂၈ ချက်၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလမ်း၊ တံတား၊ ရေ၊ မီး၊ လျှပ်စစ်ခေါင်းစဉ်အောက်တွင် ကိုးချက်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုကဏ္ဍခေါင်းစဉ်အောက်တွင် အချက် ၄၀၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်အောက်တွင် ၃၅ ချက်စသည်ဖြင့် အချက်ပေါင်း ၁၅၄ ချက် ဆွေးနွေးခဲ့ကြသည်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာတမ်းကို ဆွေးနွေးသူ ၄၁ ဦး၊ စာတမ်းတင်သူ ၆၃ ဦးတို့ဖြင့် ဆွေးနွေးခဲ့သည်။

အဆိုပါ ခေါင်းစဉ်နှင့်ပတ်သက်၍ ဖက်ဒရယ်ကိုအခြေခံသော မြေယာမူဝါဒချမှတ်နိုင်ရေးအတွက် ခေါင်းစဉ်ကြီးခြောက်ခုအား ဆွေးနွေးခဲ့ရာတွင် မြေယာနှင့်သက်ဆိုင်သော ခေါင်းစဉ်အောက်တွင် ခုနစ်ချက်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဆိုင်ရာမူဝါဒများ ခေါင်းစဉ်အောက်တွင် အချက် ၄၀၊ သိမ်းဆည်းမြေများနှင့် သက်ဆိုင်သည့်မူဝါဒများခေါင်းစဉ်အောက်တွင် ၁၁ ချက်၊ ရေအရင်းအမြစ်အား အသုံးချနိုင်ရေးမူဝါဒခေါင်းစဉ်အောက်တွင် ရှစ်ချက်၊ ရေအားလျှပ်စစ်မူဝါဒများအတွက် ပြန်လည်နေရာ ချထားရေးဆိုင်ရာခေါင်းစဉ်အောက်တွင်ခုနစ်ချက်၊ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ ဆွေးနွေးချက်များ ခေါင်းစဉ်အောက်တွင် ခုနစ်ချက်ဖြင့် အချက်ပေါင်း ၁၄၃ ချက် ဆွေးနွေးခဲ့ကြကြောင်း ကြေညာခဲ့ပြီးဆွေးနွေးပွဲကိုအောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သူရ (တောင်ငူ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀၊ မန္တလေး(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀/၇၄၅ ကျပ်၊ | ၇၇၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၈၀ ကျပ်

**၂၀-၂-၂၀၁၇ ရက်နေ့မှ ၂၄-၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၉၂ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၉၆ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၈. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၉၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၀၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၄၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၉၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၆. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၉၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၃. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၇. ၇၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍနှင့် ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံပြည်သူများအချင်းချင်း အပြန်အလှန် ချိတ်ဆက်နားလည်နိုင်မှု တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် JICA ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ဥက္ကဋ္ဌ Mr. Shinichi KITAOKA နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် JICA တို့အကြား နယ်ပယ်ဒေသအသီးသီး၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အီတလီနိုင်ငံသံအမတ်ကြီးအား သူရဦးရွှေမန်း လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Glorgio ALIBERTI အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ် (I-1)ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အာကာသခရီးသည်နှစ်ဦးကို လအနီးအပါးသို့ ပို့ဆောင်ပေးရန် စပေ့အိပ်က်စ် စီစဉ်

**ကိပ်ကနေဗာရယ်(ဖလော်ရီဒါ) ဖေဖော်ဝါရီ ၂၈**

အမေရိကန်ပြည်ထောင်စုရှိ အာကာသစူးစမ်းလေ့လာရေး နည်းပညာကော်ပိုရေးရှင်း(စပေ့အိပ်က်စ်)သည် အခကြေးငွေပေး၍ စီးနင်းလိုက်ပါမည့် အာကာသခရီးသည်နှစ်ဦးကို လာမည့်နှစ်အတွင်း လကမ္ဘာအနီးတစ်ဝိုက်သို့ ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း ယင်းကုမ္ပဏီက ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်၏ ဂြိုဟ်ပတ်လမ်းကြောင်းကို ကျော်လွန်၍ အာကာသခရီးသည်များကို ပို့ဆောင်ပေးရန် အဆိုပါကုမ္ပဏီက စီစဉ်ထားသည်။ အခကြေးငွေပေး၍ အာကာသအတွင်း လည်ပတ်လိုသူများအတွက် ဝန်ဆောင်ပေးမည့် ခရီးစဉ်ကို ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် အကောင်အထည်ဖော်ရန် ယာယီအားဖြင့် အချိန်ဇယားသတ်မှတ်ထားကြောင်း စပေ့အိပ်က်စ်၏ အမှုဆောင်အရာရှိ အယ်လွန်မက်စ်က ပြောကြားသည်။

အာကာသခရီးသည်များအဖြစ် လိုက်ပါမည့် ပုဂ္ဂိုလ်များ မည်သူမည်ဝါတို့ဖြစ်သည်ကို မက်စ်က ထုတ်ဖော်ပြောကြားရန် ငြင်းဆိုသည်။ ထို့အပြင် အာကာသခရီးစဉ်ဖြင့် လိုက်ပါနိုင်ရေးအတွက် ပုဂ္ဂိုလ်နှစ်ဦးက ငွေကြေးမည်ရွေ့မည်မျှပေးရသည်ကိုလည်း ပြောဆိုခြင်းမရှိပေ။ သို့ရာတွင် အာကာသခရီးသည်နှစ်ဦးမှာ ဟောလိဝုဒ်ရုပ်ရှင်လောကမှ မဟုတ်ဟုဆိုသည်။

ရက်သတ္တတစ်ပတ်ကြာမြင့်မည့် အာကာသခရီးစဉ်ဖြင့် လိုက်ပါနိုင်ရေးအတွက် အာကာသခရီးသည် နှစ်ဦးအနေဖြင့် ငွေကြေးအမြောက်အမြား ပေးရကြောင်း၊ ၎င်းတို့သည် အာကာသခရီးမနှင်မီ လေ့ကျင့်သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း မက်စ်က ပြောကြားသည်။

တစ်နှစ်လျှင် အာကာသခရီးသည် တစ်ဦးမှ နှစ်ဦးအထိ ရှိမည်ဟု မိမိမျှော်လင့်ကြောင်း၊ စပေ့အိပ်က်စ်ကုမ္ပဏီက အာကာသခရီးစဉ်အတွက် ခရီးသည်များထံမှ တောင်းခံသည့် ငွေကြေးပမာဏသည် ကုမ္ပဏီဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လအနီးအပါးမှ ဖြတ်သန်းမည့် အာကာသခရီးစဉ်အတွင်း ခရီးတာမိုင်ပေါင်း ၃၀၀၀၀၀ မှ ၄၀၀၀၀၀ အထိ




ကို ခရီးနှင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆွဲအားဖြင့် အာကာသယာဉ်ကို ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်စေပြီးနောက် ကမ္ဘာမြေပြင်ပေါ်သို့ လေထီးဖြင့် ဆင်းသက်စေမည်ဖြစ်ကြောင်း မက်စ်က ပြောကြားသည်။ **ရိုက်တာ။**

# တရုတ်လုပ်စစ်သုံးမောင်းသူမဲ့လေယာဉ်များကို ပြည်ပနိုင်ငံတစ်နိုင်ငံက အများအပြားမှာယူ

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံလုပ် စစ်သုံးမောင်းသူမဲ့လေယာဉ်စင်းရေ အများအပြားကို အမည်မဖော်သည့် ပြည်ပနိုင်ငံတစ်နိုင်ငံက ဝယ်ယူရန် အမှာစာပေးပို့ခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ ယင်းမှာယူမှုသည် တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး စက်မှုလုပ်ငန်း၏ ဝင်ငွေတိုးတက်ရရှိရေး ရည်မှန်းချက်ပြည့်မြောက်ရန် အကျိုးသက်ရောက်မှုရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဝမ်လောင်း-၂ ဟု အမည်ပေးထားသည့် မျိုးဆက်သစ်မောင်းသူမဲ့လေယာဉ်ကို အောင်မြင်စွာ စမ်းသပ်ပျံသန်းမှုမပြုလုပ်မီမှာပင် ယင်းအမှာစာကို ရရှိခဲ့ကြောင်း ချန်ဒူးလေယာဉ်ဒီဇိုင်း ထုတ်လုပ်ရေးနှင့် သုတေသနသိပ္ပံ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ တရုတ်နိုင်ငံမှ မောင်းသူမဲ့ စစ်သုံးလေယာဉ်ဝယ်ယူသူအမည်နှင့် မှာယူသည့်လေယာဉ်အစင်းရေ ပမာဏကိုမူ




ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဝမ်လောင်း-၂ အမျိုးအစား မောင်းသူမဲ့လေယာဉ်သည် တောင်ပံအလျား မီတာ ၂၀ ကျော်(၆၅ ပေ) ရှိပြီး အလယ်အလတ်အမြင့်ပေအထိ ပျံသန်းနိုင်ကြောင်း၊ ခရီးဝေးပျံသန်းနိုင်ကာ ဝေဟင်ကင်းထောက်လုပ်ငန်းနှင့် တိုက်ခိုက်ရေးစွမ်းရည်များရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ပထမအကြိမ် စမ်းသပ်ခဲ့သည်။ တရုတ်နိုင်ငံအနောက်ပိုင်းရှိ လေယာဉ်ကွင်းတစ်ခု၏ပြေးလမ်းမှ ပျံတက်စေပြီး ၃၁ မိနစ်ကြာမျှ ပျံသန်းခဲ့သည်။

တရုတ်နိုင်ငံ မျိုးဆက်သစ်ကင်းထောက်ပျံသန်းရေးနှင့် တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များသည် အမေရိကန်ပြီးလျှင် ဒုတိယနေရာတွင် ရပ်တည်နေသည်။

**ဆင်ဟွာ။**

# ထိုင်းဘုရင်၏ မီးသင်္ဂြိုဟ်ရုံ စတင်ဆောက်လုပ်

**ဘန်ကောက် ဖေဖော်ဝါရီ ၂၈**

နတ်ရွာစံသွားပြီဖြစ်သည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်အတွက် မီးသင်္ဂြိုဟ်ရုံကို ဘန်ကောက်မြို့တွင် စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ထိုင်းပြည်သူများ အလွန်ကြည်ညိုမြတ်နိုးသည့် ဘုရင်ကြီးဘူမိဘောသည် လွန်ခဲ့သည့် အောက်တိုဘာလက နတ်ရွာစံသွားခဲ့ပြီး ဝမ်းနည်းပူဆွေးမှုတစ်နှစ်ပြည့်သည့်အချိန်တွင် ဈာပနအခမ်းအနား ကျင်းပသွားမည်ဖြစ်သည်။

ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဧရာမတိုင်ကြီးတစ်တိုင်ကို တနင်္လာနေ့တွင် စတင်စိုက်ထူခဲ့ပြီး ဈာပနအခမ်းအနားနေရာကို ဘန်ကောက်မြို့၏ နန်းတော်အနီးတွင် တည်ဆောက်လျက်ရှိသည်။

မီးသင်္ဂြိုဟ်ရုံလောင်တိုက်ကို ပန်းပုလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ အလှဆင် တည်ဆောက်သွားမည်ဖြစ်ပြီး ထိုင်းဘတ် သန်း ၅၀၀ သို့မဟုတ် ဒေါ်လာ ၁၄ သန်းကုန်ကျမည်ဟု မျှော်လင့်ရသည်။

ဂျပန်ဘုရင်နှင့် မိဖုရားတိုသည် နတ်ရွာစံသွားသည့် ဘုရင်ဘူမိဘောကို ဂါရဝပြုရန် မတ်လ ၅ ရက်တွင် ဘန်ကောက်မြို့သို့ လာရောက်ရန် စီစဉ်ထားသည်။ ဂျပန်ဘုရင်နှင့် မိဖုရားတို့သည် ဘုရင်ဘူမိဘောနှင့် ရင်းနှီးသည့် မိတ်ဆွေများဖြစ်ကြသည်။ **အင်န်အိတ်ချ်ကေ။**

# အမေရိကန်မှ ကနေဒါသို့ ထွက်ပြေးရန် ကြိုးပမ်းသူများကို ဆီးနှင်းခဲ အရည်ပျော်ဆင်းမှုက ဘေးအန္တရာယ်အဖြစ် ခြိမ်းခြောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်ပြည်ထောင်စုမှသည် ကနေဒါနိုင်ငံသို့ ညအမှောင်ထုကို အကာအကွယ်ယူ၍ ထွက်ပြေးကြသူ ခိုလှုံခွင့်တောင်းခံသူများသည် လာမည့်ရက်သတ္တပတ်များတွင် ဘေးအန္တရာယ်အသစ်နှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိကြောင်း၊အကြောင်းမှာ ရေလွှမ်းမိုးလေ့ရှိသော အမေရိကန်မြောက်ပိုင်းလွင်ပြင်ဒေသများနှင့် ကနေဒါနိုင်ငံ မာနီတိုဘာပြည်နယ်တို့၌ အလွန်ကြီးမားလှသည့် ဆီးနှင်းခဲထုကြီး အရည်ပျော်ဆင်းနေသောကြောင့်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ်စ၏ နွေဦးပေါက်ရာသီအတွင်း မြောက်ပိုင်းဒါကိုတာနှင့် မင်နီဆိုတာပြည်နယ်တို့မှ ကနေဒါနိုင်ငံအတွင်းသို့ ဖြတ်သန်းစီးဆင်းသော မြစ်နီမြစ်သည် ရေလွှမ်းမိုးမည့် ဘေးအန္တရာယ် ခြိမ်းခြောက်လျက်ရှိကြောင်း ကနေဒါနိုင်ငံအနောက်ပိုင်း မာနီတိုဘာပြည်နယ် အာဏာပိုင်များက ပြောကြားကြသည်။

ရေကြီးရေလျှံမှုကြောင့် ခိုလှုံခွင့်တောင်းခံသူများအနေဖြင့် ညအမှောင်ထုတွင် ခရီးနှင်ရန် မလွယ်ကူကြောင်း မင်နီဆိုတာပြည်နယ် အီမာဆင်ဖရန့်ကလင်း ကျေးလက်ဒေသဆိုင်ရာ အရေးပေါ် လုပ်ငန်းများဌာန၏ ညှိနှိုင်းရေးမှူး ဘီလ် စပန်ဂျာက ပြောကြားသည်။

ဇန်နဝါရီ ၁ ရက်နောက်ပိုင်း ယင်းဒေသကို တရားမဝင်ဖြတ်သန်းသူပေါင်း ၁၄၃ ဦးရှိကြောင်း၊ အလားတူပင် ဒီဇင်ဘာလအတွင်း တရားမဝင်ဖြတ်သန်းခရီးသွားသူ ၃၂ ဦးရှိခဲ့ကြောင်း စပန်ဂျာက ပြောကြားသည်။

ဥပဒေမဲ့ ရွှေ့ပြောင်းအခြေစိုက်သူများအား ဖြို့ခွင်းရန်လည်းကောင်း၊ မွတ်စလင်အများစုနေထိုင်ရာ နိုင်ငံအချို့မှ လာရောက်သော ခရီးသည်များ၏ ပြည်ဝင်မှုကို ထိန်းချုပ်ကန့်သတ်ရန်လည်းကောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ညွှန်ကြားခဲ့ပြီးနောက် ခိုလှုံခွင့်တောင်းခံသူများသည် အုပ်စုများဖွဲ့၍ နယ်စပ်ဖြတ်ကျော်ကာ ကနေဒါနိုင်ငံသို့ ထွက်ပြေးခိုလှုံလျက်ရှိနေချိန်တွင် စပန်ဂျာက သတိပေးပြောကြားခြင်းဖြစ်သည်။

မိမိ၏နေရင်းနိုင်ငံသို့ ပြန်ပို့ခံရမည့်အရေး စိတ်မအေးဖြစ်နေကြသူများသည် မင်နီယာပိုလစ်မြို့မှနေ၍ မြောက်ပိုင်း ဒါကိုတာသို့ မော်တော်ကားဖြင့် ထွက်ပြေးလျက်ရှိကြသည်။ မင်နီယာပိုလစ်မြို့သည် ဆိုမာလီလူမျိုး အများအပြားနေထိုင်ရာဒေသဖြစ်သည်။

ခိုလှုံခွင့်တောင်းခံသူများသည် မြောက်ပိုင်းဒါကိုတာသို့ ရောက်ရှိပြီးလျှင် အီမဆင်ဒေသအနီး ကနေဒါ-အမေရိကန်နယ်စပ်၏ အစောင့်မရှိသော နယ်မြေကို ဖြတ်သန်းနိုင်ရန် နာရီပေါင်းများစွာကြာအောင် ရထားလမ်းတစ်လျှောက် ခြေကျင်ခရီးနှင်ရခြင်း၊ ကွင်းပြင်ကျယ်များကို ဖြတ်သန်းကြရသည်ဆို၏။

**ရိုက်တာ။**

# တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံမည်

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရီကီလ်ဆောင်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားမှုကြောင့် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် အင်္ဂါနေ့မှ စနေနေ့ထိ တရုတ်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှုန်က နေ့စဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂျန်ရှုန်၏ပြောဆိုချက်အရ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လျူရှန်မင်းနှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကောင်ခါနီယိုတို့သည်လည်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

နှစ်ဖက်တာဝန်ရှိသူများသည် တရုတ်-မြောက်ကိုရီးယားဆက်ဆံရေးကို အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာပြဿနာများကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကောင်ခါနီယိုသည် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အိုင်ဂါမော်ဂူလက်ဗ်နှင့်တွေ့ဆုံ၍လည်း ကိုရီးယားကျွန်းဆွယ်အခြေအနေနှင့် အခြားသောကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

# ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်ကျယ်လာစေရန် ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်ကျယ်လာစေရန်အတွက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်း**အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က မြန်မာနိုင်ငံတွင် ဝါးမျိုးပေါင်း ၁၀၂ မျိုးရှိသည်ဟု ဖော်ထုတ်သိရှိရပါကြောင်း၊ ဝါးအများဆုံးပေါက်ရောက်ရာဒေသဖြစ်သော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးရိုးမအရှေ့နှင့်အနောက် စသည့်ဒေသများတွင် ဧရိယာအားဖြင့် ၁၅၅၅၂ ကီလိုမီတာခန့် ကျယ်ဝန်းသည်ဟု သိရှိရပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ဝါးများကိုလျင်မြန်စွာ ထုတ်ယူမည်ဆိုပါက များမကြာမီကာလတွင် ဝါးများရှားပါးလာမည်ဖြစ်ပါကြောင်း၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုး၍ နိုင်ငံတော်အနေဖြင့် တိုင်းပြည်အတွက် ဝါးဥယျာဉ်တစ်ခုစိုက်ပျိုးရန်လိုအပ်သည်ဟု တိုက်တွန်းလိုပါကြောင်း၊ ဝါးမှ ဝါးပျော့ဖတ်များထုတ်လုပ်မှုကို ကျေးလက်ဒေသများတွင် တွင်ကျယ်စွာလုပ်ကိုင်တတ်စေရန် စနစ်တကျဖော်ထုတ်သင်ကြားပေးမည်ဆိုပါက နိုင်ငံတော်အတွက် အလွန်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကျေးရွာထင်းစိုက်ခင်းများကဲ့သို့ ရည်ရွယ်၍ ဝါးစိုက်ခင်းမျိုးကောင်းမျိုးသန့်များကိုလည်း စနစ်တကျ ဖော်ထုတ်သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မြေလွတ်၊ မြေရိုင်းများ ပေါကြွယ်ဝမှုကို ဖော်ပြရမည်ဆိုပါက ရန်ကုန်-မန္တလေး မီးရထားလမ်းဝဲ၊ ယာ နယ်နိမိတ်များတွင် စမ်းသပ်စိုက်ပျိုးနိုင်ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲ၊ ယာတွင်လည်း ကုက္ကိုပင်များနှင့် ရောနှောစမ်းသပ်စိုက်ပျိုးမည်ဆိုပါကလည်း အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အဆိုရှင်၏အဆိုအပေါ် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုအပေါ် သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင်က ၎င်း၏အဆိုကို အတည်ပြုပေးရန် လွှတ်တော်သို့တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောတူညီချက်ကိုရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ထပ်မံထည့်သွင်းခြင်းကို လွှတ်တော်သို့အသိပေးတင်ပြသည်။

ယနေ့အစည်းအဝေးတွင် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပစေတီပရိဝုဏ်၏ ပေ ၁၀၀ အတွင်း ပေ ၇၀ထက်မြင့်သော အထပ်မြင့် အဆောက်အအုံဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့စီစဉ်ထားသည်ကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တောင်ဥက္ကလာပစေတီတော်သည် ၁၉၉၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဉာဏ်တော် ၁၀၈ ပေရှိပါကြောင်း၊ အဆိုပြုမြေကွက်သည် မြေရှင် ဦးဌေးအောင်မှ မူလကမူအားဖြင့် ခွင့်ပြုထားသည့် Basement + ၁၂ ဒသမ ၅ ထပ်တိုက်အစား ၄ ထပ်လျှော့၍ တောင်ဥက္ကလာပစေတီတော်၏ စိန်ဖူးတော်နှင့် ထီးတော်တို့ထက် နိမ့်ချပြီး အမြင့် ၉၈ ပေရှိသော Basement + ၈ ဒသမ ၅ ထပ်တိုက် အဆောက်အအုံဆောက်လုပ်ခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားမှုအား ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် (၇)အရ သဘောတူကြောင်း အကြောင်းကြားလာပါသဖြင့် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းများနှင့်ညီညွတ်သဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။


လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် နဝမအစည်းအဝေးက "ဥက္ကလာပစေတီတော်အနီးဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းကြောင့် စေတီတော်၏မြင်ကွင်းကိုထိခိုက်စေခြင်း၊ စေတီတော်၏ ကြံ့ခိုင်မှုကိုထိခိုက်စေခြင်း အစရှိသည်များမဖြစ်ပေါ်စေရေးနှင့် သာသနာတော်အရှည်တည်တံ့နိုင်မည့်အရေးကို တွက်ဆ၍ ဘာသာရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်၊ ဘူမိဗေဒရှုထောင့်နှင့် အင်ဂျင်နီယာရှုထောင့်အသီးသီးတို့မှ ပညာရှင်များနှင့် စနစ်တကျတွက်ချက်ညှိနှိုင်းပြီး ဆောက်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံရန်" ဟု ဆုံးဖြတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အကြောင်းကြားမေတ္တာရပ်ခံခဲ့ပြီး ပညာရှင်များနှင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၃ ရက်စွဲဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းစုံစမ်းရေးအဖွဲ့က ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဆွေးနွေးသုံးသပ်ချက်များအရ ၂၀၁၆ ခုနှစ် မတ်လ ၃ရက် ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြခဲ့ရာ ပညာရှင်အဖွဲ့၏ အစီရင်ခံချက်အရ အမြင့်ပေ ၉၆ ပေဖြင့် ခွင့်ပြုခဲ့ကြောင်း။

အလားတူ ဥက္ကလာပစေတီဂေါပကအဖွဲ့က ဥက္ကလာပစေတီမဟာရံတံတိုင်းနှင့် ၅၉ ပေသာကွာဝေးသည့် မြေကွက်နေရာ၌ ဆာကူရာကုမ္ပဏီက ၈ ထပ်ခွဲ အဆောက်အအုံဆောက်လုပ်နေသဖြင့် တားမြစ်ပေးပါရန် သာသနာရေးဝန်ကြီးဌာနထံ ထပ်မံမေတ္တာရပ်ခံတင်ပြလာသဖြင့် ဤဝန်ကြီးဌာနက သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ကို လိုအပ်သလို ပြန်လည်သုံးသပ်ပေးနိုင်ရန်ထပ်မံညှိနှိုင်းခဲ့ပါကြောင်း၊ အပြန်အလှန်ညှိနှိုင်းချက်များအရ စိစစ်မှုအကြိမ်ကြိမ်ပြုလုပ်သည့်နောက်ပိုင်းတွင် ဖော်ပြပါ Basement + ၈ ဒသမ ၅ ထပ်တိုက်အား ခွင့်ပြုထားပြီးဖြစ်သဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၉ ရက်တွင်ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးသို့တင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့်အတိုင်း Basement + ၈ ဒသမ ၅ ထပ်တိုက်အား အမြင့် ၉၆ ပေဖြင့် ခွင့်ပြုခဲ့သည်ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါကြောင်း။

ဆာကူရာကုမ္ပဏီက အမြင့် ၉၈ပေရှိ ၈ထပ်ခွဲ အဆောက်အအုံဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အနေဖြင့် ဥက္ကလာပစေတီဂေါပကအဖွဲ့၏ တင်ပြချက်များအရ သက်ဆိုင်ရာတာဝန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ အကြိမ်ကြိမ်အသိပေးညှိနှိုင်းပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပညာရှင်များဖွဲ့စည်းစစ်ဆေးပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဆုံးအဖြတ်သည်သာ အဓိကဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဥတ္တရသီရိမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၏ **ဥတ္တရသီရိမြို့နယ်အတွင်း ဒေသခံပြည်သူများ အမှန်တကယ်နေထိုင်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများနှင့်ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ရှိအစိုးရသစ်လက်ထက်တွင် နေပြည်တော်ကောင်စီအတွင်းရှိ သစ်တောနယ်မြေများအတွင်း နှစ်ကာလကြာရှည်စွာ ကျူးကျော်အခြေချနေထိုင်သူများအတွက် ၂၀၁၃ ခုနှစ်တွင် စာရင်းကောက်ယူခဲ့သော ပြည်ထဲရေးအမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက်ကျေးရွာများ၏ ရွာမြေ၊ လယ်မြေနှင့် သာသနာ/အများပိုင်မြေများ ပယ်ဖျက်ပေးရန် နေပြည်တော်ကောင်စီ၏ ၂၀၁၆ ခုနှစ် ဇွန်လ ၁၆ ရက်ကကျင်းပသည့် အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် (၁၁)အရ ဥတ္တရသီရိမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောမြေအတွင်းရှိ ပြည်ထဲရေးအမည်ပေါက် ၄၉ ရွာ ပယ်ဖျက်ပေးခြင်းမပြုဘဲ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုခြင်း၊ ဥယျာဉ်ခြံမြေများအတွက် နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ သစ်တောနယ်မြေအတွင်းရှိ ပယ်ဖျက်ပေးမည့် ဧရိယာ ၆၈၃၈ ဒသမ ၄၈၃ ဧက အနက် အမှန်ပယ်ဖျက်ရန် ထပ်မံစိစစ်ဆောင်ရွက်ချက်အရ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေ ၈၀၇ ဒသမ ၇၃၆ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အမိန့်ကြော်ငြာစာမူကြမ်းအား စိစစ်ပြီးပါက သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဥတ္တရသီရိမြို့နယ်အတွင်း၌ ကျန်ရှိသော ယာမြေ ၁၅၇၀ ဒသမ ၃၆၇ ဧကကို သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုမည်ဖြစ်ပါကြောင်းနှင့် ဥယျာဉ်ခြံမြေ ၅၀ ဒသမ ၉၄ ဧကကို နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် သိန္နီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းနှင့် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်တို့၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့က ရှင်းလင်းဖြေကြားပေးကြသည်။

ပေါင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက **မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး "ဗိုလ်ချုပ်အောင်ဆန်း"၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆို**ကိုတင်သွင်းရာ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုကိုလက်ခံဆွေးနွေးနိုင်ရန်အတွက် လွှတ်တော်၏သဘောတူညီမှုကိုရယူကာ အဆိုအပေါ် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **အောင်နိုင်၊ အေးအေးသန့်၊ မီမီဖြိုး(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
လက်ရှိအခြေခံပညာ အထက်တန်းသင်ရိုးတွင် အခြေခံဥပဒေဘာသာရပ်တစ်ခုအဖြစ် မဟုတ်သော်လည်း စာရိတ္တနှင့် လောကနီတိကို သမိုင်းဘာသာရပ်နှင့် အခြားဆက်နွယ်သော ဘာသာရပ်များတွင် ထည့်သွင်းပေါင်းစပ်သင်ကြားပေးလျက်ရှိသည့်အပြင် သင်ရိုးသစ်တွင်လည်း ထည့်သွင်း သင်ကြားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **"နိုင်ငံတော်၌ တရားဥပဒေစိုးမိုးမှုယိမ်းယိုင်ပျက်ပြားနေခြင်းအပေါ် အနာဂတ်တွင် ထိန်းသိမ်းပြုပြင်ပြောင်းလဲနိုင်ရန်အလို့ငှာ မျိုးဆက်သစ် အထက်တန်းကျောင်းများတွင် စာမေးပွဲ မစစ်သည့် အပိုဘာသာရပ်အဖြစ် ဥပဒေအခြေခံဘာသာရပ်သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန် သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြားပို့ချပေးစေနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လက်ရှိ အခြေခံပညာအထက်တန်းသင်ရိုးတွင် အခြေခံဥပဒေဘာသာရပ်တစ်ခုအဖြစ် မဟုတ်သော်လည်း နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရန်


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

အတွက် နိုင်ငံသားများ၏အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ဒီမိုကရေစီအခြေခံများ၊ နိုင်ငံသားများလိုက်နာကျင့်သုံးရမည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ၊ လူ့အခွင့်အရေးဆိုင်ရာအခြေခံများကို စာရိတ္တနှင့် လောကနီတိအဖြစ် သမိုင်းဘာသာရပ်နှင့် အခြားဆက်နွယ်သော ဘာသာရပ်များတွင် ထည့်သွင်းပေါင်းစပ်သင်ကြားပေးလျက်ရှိသည့်နည်းတူ သင်ရိုးသစ်တွင်လည်း ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ဥပဒေဘာသာရပ်သည် ခက်ခဲနက်နဲသည့်အတွက် အခြေခံပညာအဆင့်တွင် သင်ကြားမှုမပြုဘဲ ဥပဒေပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် တက္ကသိုလ်အဆင့်၌သာ ဥပဒေဘာသာရပ်အထူးပြုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်းဖြေကြားသည်။

ထို့ပြင် ဥပဒေအရာရှိများအနေဖြင့် အခါအားလျော်စွာ စာသင်ကျောင်းများတွင် ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲများကျင်းပ၍ အသိပညာဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းစသည်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးခြင်းကိုသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်အောက်ခံမြို့နယ်ဥပဒေရုံးနှင့် ခရိုင်ဥပဒေရုံးအသီးသီးရှိ ဥပဒေအရာရှိများက အထက်ဖော်ပြပါအတိုင်း ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲများတွင် ဟောပြောခြင်းဖြင့်သာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပြင်ဆင်ရေးဆွဲလျက်ရှိသည့်သင်ရိုးသစ်နှင့် လက်ရှိအသုံးပြုနေသည့် သင်ရိုးဟောင်းနှစ်ရပ်လုံးတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

# ဘဝနေဝင်ဆည်းဆာကို ဖြတ်သန်းကြမည့် ဘိုးဘွားများအားထားရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ

ဆောင်းပါး – မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ – ရဲထွဋ်



ခေါင်းပေါင်းပန်းရောင်၊ တိုက်ပုံအဖြူရောင်နှင့် ယောဂီပုဆိုးတို့ တူညီဝတ်ဆင်ထားသည့် အဘိုးများနှင့် အဖြူရောင်လက်ရှည်ရင်ဖုံးအကျီ၊ ယောဂီထမီတို့ကို တူညီဝတ်ဆင်ထားသည့်အဘွားများသည် ထမင်းစားဆောင်အတွင်း ညင်သာစွာ နေရာယူနေကြသည်။ အားလုံးစုံညီချိန်တွင် ယနေ့ နေ့လယ်စာကို လှူဒါန်းသည့် အလှူရှင်၏အမည်ကို ဝန်ထမ်းတစ်ဦးက ကြေညာလိုက်ရာ ဘိုးဘွားများအားလုံး၏ သာဓုခေါ်သံများနှင့် စုပေါင်းမေတ္တာပို့သံများက ကြည်နူးစွာ ထွက်ပေါ်လာသည်။

ထိုအဘိုး အဘွားများသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂၁)ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ၁၉၃၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုသက်တမ်းအားဖြင့် (၈၄) နှစ်တိုင်ခဲ့ချေပြီ။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကို တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ ဘွားဦးဇွန်း (ဒေါ်သုမာလာ)က ၁၉၃၃ ခုနှစ်တွင် နှင်းဆီကုန်းလူအိုရုံအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဘွားဦးဇွန်းသည် ၁၉၁၅ ခုနှစ်တွင် မင်းကွန်းလူအိုရုံ၊ ၁၉၂၃ ခုနှစ်တွင် သထုံလူအိုရုံ၊ ၁၉၂၉ ခုနှစ်တွင် ပေါင်းတည်လူအိုရုံ၊ ၁၉၃၃ ခုနှစ်တွင် နှင်းဆီကုန်းလူအိုရုံနှင့် ၁၉၃၇ ခုနှစ်တွင် ပခုက္ကူလူအိုရုံအပါအဝင် လူအိုရုံ ငါးရုံကို တည်ထောင်ခဲ့ကြောင်း သိရသည်။

နှင်းဆီကုန်းလူအိုရုံကို ဒုတိယကမ္ဘာစစ်အတွင်းမှစ၍ ဘွားဦးဇွန်း၏ လွှဲပြောင်းပေးအပ်ချက်အရ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ ပထမဦးဆုံးသောဥက္ကဋ္ဌ ဖြစ်လာမည့် သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင်က အဘိုး ငါးဦး၊ အဘွား ခုနစ်ဦးတို့ကို ပြန်လည်စုစည်းကာ အသစ်တစ်ဖန် ပြန်လည်ထူထောင်လျက် အောင်မြင်အောင် ဆက်လက်ထိန်းသိမ်းခဲ့သည်။ လူအိုရုံအနီးတွင် နှင်းဆီကုန်းရပ်ကွက်နှင့် နှင်းဆီကုန်း မီးရထားဘူတာရုံများ တည်ရှိခြင်းကြောင့် နှင်းဆီကုန်းလူအိုရုံဟု ခေါ်ဆိုခဲ့ကြောင်း သိရသည်။ မြန်မာ့အလင်း ဦးတင်သည် နှစ်ပေါင်း ၃၅ နှစ်ကျော်အထိ တာဝန်ယူခဲ့ပြီး လက်ရှိဥက္ကဋ္ဌမှာ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ဖြစ်သည်။ ၎င်းသည် ခုနစ်ဆက်မြောက်ဥက္ကဋ္ဌဖြစ်ကြောင်း သိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ဘိုးဘွားများလက်ခံရာ၌ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက "မြန်မာနိုင်ငံသား ဖြစ်ရမယ်။ အသက် ၇၀ ပြည့်ရမယ်။ လူမှုရေးဒုက္ခရောက်တဲ့သူ၊ ဆင်းရဲချို့တဲ့တဲ့သူဖြစ်ပြီး ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ရမယ်။ ကိုယ့်ခြေကိုယ့်လက်နဲ့ သွားလာနိုင်သူဖြစ်ရမယ်။ စဝင်ပြီဆိုရင် နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံမှာ ကူးစက်ရောဂါ၊ စိတ်ရောဂါတို့ စစ်ဆေးတယ်။ နောက်ထပ် ဇီဝိတဒါနသံဃဆေးရုံကြီးမှာ အသေးစိတ်စစ်ဆေးတယ်။ ဒီဘိုးဘွားရိပ်သာကို ရောက်ရှိလာရင်တော့ ၂၄ နာရီ စောင့်ရှောက်မှုပေးပါတယ်။ ဒီမှာနေထိုင်ရင်း ရောဂါဝေဒနာဖြစ်ပွားလာရင်တော့ သေတပန်သက်တစ်ဆုံး တာဝန်ယူမှုပေးတယ်။ သာမန်နေထိုင်မကောင်းဖြစ်ပွားမှုကို ဒီကဆေးရုံက ကုသပေးတယ်။ ပြင်းထန်တဲ့ရောဂါဝေဒနာကိုတော့ သက်ဆိုင်ရာဆေးရုံတွေနဲ့ ချိတ်ဆက်ကုသမှု ပေးလျက်ရှိပါတယ်"ဟုပြောသည်။

ယခုအချိန်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အသက် ၇၁ မှ ၇၉ နှစ်အထိ အဘိုး ၁၉ ဦးနှင့် အဘွား ၄၄ဦး၊ အသက် ၈၀ မှ ၈၉ နှစ်အထိ အဘိုး ၃၃ ဦးနှင့် အဘွား ၆၅ဦး၊ အသက် ၉၀ မှ ၉၉ နှစ်အထိ အဘိုး ငါးဦးနှင့် အဘွား ၁၅ ဦး၊ အသက် ၁၀၀ နှစ်အထက် အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့ရှိပြီး အဘိုး ၅၈ ဦးနှင့် အဘွား ၁၂၅ ဦး စုစုပေါင်း ၁၈၃ ဦးရှိကြောင်း သိရသည်။ တစ်နှစ်လျှင် အဘိုးဦးရေ ၁၀၀၊ အဘွားဦးရေ ၁၂၀ ကို လက်ခံလျက်ရှိသည်။

အဆိုပါဘိုးဘွားများအား နေ့စဉ်လေးကြိမ် အချိန်မှန်ထမင်းနှင့် အာဟာရတို့ ကျွေးကြောင်း သိရသည်။ တစ်နေ့တာအစီအစဉ်အဖြစ် နံနက် ၅ နာရီတွင် နံနက်စာစားသုံးခြင်း၊ နံနက် ၆ နာရီမှ ၇ နာရီအထိ ဘုရားဝတ်ပြု ပရိတ်ရွတ်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ နံနက် ၉ နာရီတွင် ဝိပဿနာတရားထိုင်ခြင်း၊ ၁၀ နာရီခွဲတွင် နေ့လယ်စာစားသုံးခြင်း၊ မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ် ဝိပဿနာတရားထိုင်ခြင်း၊ မွန်းလွဲစာစားသုံးခြင်း၊ ညနေ ၄ နာရီခွဲတွင် ညစာစားသုံးခြင်းတို့ ဆောင်ရွက်ကာ မိမိနှစ်သက်ရာအလိုက် အားကစားလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စာပေဖတ်ရှုခြင်းနှင့် တီဗွီကြည့်ရှုခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

ထို့ပြင် ဘိုးဘွားများအား တစ်နှစ်လျှင် သုံးကြိမ် ရန်ကုန်မြို့တွင်းရှိ တန်ခိုးကြီးဘုရားများပို့ဆောင်ပေးခြင်း၊ ပဲခူးနှင့် လှည်းကူးသို့တစ်ကြိမ်၊ ကျောက်တန်းနှင့် သန်လျင်သို့တစ်ကြိမ် ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ကြကြောင်းနှင့် ကထိန်ပွဲများ ခင်းကျင်းကာ ရိပ်သာတွင်းတွင် လှည့်လည်ခြင်းတို့အပြင် နှစ်စဉ် နိုဝင်ဘာလပထမပတ်၏ စနေနေ့တွင် ဘိုးဘွားများနေ့အဖြစ် သတ်မှတ်ကာ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းကြီးလောင်းခြင်း၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ တွဲဖက်အတွင်းရေးမှူး ရူပဗေဒပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်ခင်တင့်က "ကိုယ်လုပ်ရတဲ့အလုပ်က သက်ကြီးရွယ်အိုတွေကို ကိုယ့်ရဲ့ဘိုးဘွားမိဘများလိုပဲ စောင့်ရှောက်ခွင့်ရရှိတဲ့အတွက် အတော့်ကိုကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။ ဖွဲ့စည်းပုံက အလွန်ခိုင်မာသလို ငွေရေးကြေးရေး၊ စည်းမျဉ်းစည်းကမ်း၊ အလှူငွေနဲ့ပတ်သက်ပြီး ထိန်းသိမ်းပုံစနစ်၊ တိုးပွားအောင်လုပ်ပုံလုပ်နည်းစနစ်၊ ဦးဆောင်ကြတဲ့ ဥက္ကဋ္ဌကြီးတွေကလည်း ကိုယ်ကျိုးမဖက်ဘဲ စေ့စပ်သေချာသူတွေဖြစ်လို့ ကျွန်မတို့မျိုးဆက်သစ်တွေအနေနဲ့ လုပ်အားပေးရတာ အခက်အခဲမရှိဘဲ လုပ်ကိုင်ရတာ အဆင်ပြေပါတယ်"ဟု ၎င်း၏ ပရဟိတအတွေ့အကြုံကို ပြောသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံတွင် တာဝန်ခံဆရာမကြီး၊ သက်ဆိုင်ရာဆရာဝန်နှင့် သူနာပြု ၄၀ ခန့်က ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကာ အထူးကုဆရာဝန်ကြီးများကလည်း တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် အလှည့်ကျ ကုသမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၅ ရက်အထိ ဆေးရုံတွင် ဘိုးဘွား ၆၈ ဦး ကုသပေးလျက်ရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပထမတည်ထောင်သူ ဘွားဦးဇွန်းနှင့် ဒုတိယတည်ထောင်သူဟု ဆိုရမည့် မြန်မာ့အလင်း ဦးတင်တို့ကို ဂုဏ်ပြုသောအားဖြင့် ၎င်းတို့၏ ရုပ်တုများကို အဆိုပါ ရိပ်သာအဝင်၌ ထုလုပ်ထားသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ပြင်ပအလှူရှင်များ၊ ရာသက်ပန်အလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိရာ လာရောက်လှူဒါန်းလိုသူစေတနာရှင်၊ အလှူရှင်များသည် နေ့စဉ်ပိတ်ရက်မရှိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ ငွေပဒေသာပင်အဖြစ် အာဟာရပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်နှင့် အထွေထွေပဒေသာပင်များကို ငွေကျပ် တစ်သောင်းနှင့်အထက် နှစ်သက်သလို စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။ ဘိုးဘွားများအတွက် တစ်နေ့တာအာဟာရလေးကြိမ်တွင် အထူးကျွေးအစီအစဉ်အဖြစ်လည်း လက်ခံနိုင်ပြီး ငွေကျပ် လေးသိန်း ကျသင့်မည်ဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် ဖုန်း- ၅၄၁၇၉၆၊ ၅၄၁၇၉၇၊ လိုင်းခွဲ ၄၀၇/၄၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

"အထူးကျွေးက နှစ်စဉ် ရာသက်ပန်လက်ခံတဲ့ပုဂ္ဂိုလ်တွေက လှူဒါန်းတာများတယ်။ ကျန်တာကတော့ ပဒေသာပင်စိုက်ကြတယ်။ တစ်သောင်းအထက်ဆိုပဒေသာပင်စိုက်လို့ရသလို ငါးထောင်ကျပ်၊ တစ်ထောင်ကျပ် စသဖြင့် တတ်နိုင်သလောက် လာရောက်လှူဒါန်းကြပါတယ်။ အထူးကျွေးအစီအစဉ်ကို ကျွေးမွေးလှူဒါန်းချင်ပေမယ့် မတတ်နိုင်ဘူးဆိုရင် နံနက်စာနဲ့ နေ့ခင်းစာအတွက် ငါးထောင်ကျပ်၊ နေ့လယ်စာ၊ ညစာတွေမှာ တစ်သောင်းကျပ်စီနဲ့လည်း ပါဝင်လှူဒါန်းနိုင်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ပြောသည်။

နေ့လယ်စာအာဟာရကို စားသုံးပြီးနောက် အဘိုး အဘွားများသည် မိမိနားခိုရာအဆောင်များသို့ တရားရှုမှတ်လျက် တစ်လှမ်းချင်းလှမ်းကာ ပြန်လည်ထွက်ခွာသွားကြသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးကမူ ဘဝ၏နေဝင်ဆည်းဆာ အချိန်ကာလကို ဖြတ်သန်းကြမည့် အဘိုးအဘွားများကို "ရောက်သူတိုင်း စိတ်ချမ်းသာသည်"ဟူသည့် ရိပ်သာ၏ဆောင်ပုဒ်နှင့်အညီ နွေးထွေးစွာ ကြိုဆိုနေမည်သာ။ ။





# ပြည်တွင်းရေးရာ

❐ နိုင်ငံရေရှည်တိုးတက်ရန်မှ

မိမိတွင်ရှိသည့် အခက်အခဲကို ကျော်လွှားနိုင်သည်၊ အားနည်းချက်များကို ကျော်လွှားနိုင်သည်၊ ထို့ကြောင့် အားလုံး ကိုယ့်စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းချက်များကို ကျော်လွှား၍ရသည် ဆိုပြီး အားပေးရမည်၊ တိုက်တွန်းရမည်ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းလုပ်မှ ငြိမ်းချမ်းရေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာဆိုသည်မှာ ဒီနိုင်ငံကို မှီတင်းနေသူအားလုံးက ဖော်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ တစ်ယောက်တည်းလုပ်၍၊ တစ်ဖွဲ့တည်းလုပ်၍မရပါကြောင်း၊ အစိုးရတစ်ဖွဲ့တည်းလုပ်၍မရပါကြောင်း၊ နိုင်ငံကို မှီတင်းနေထိုင်ကြသူများအားလုံး၏ လုပ်ဆောင်ချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးပေးသွားမည်ဖြစ်ပါကြောင်း။

### မှန်မှန်ကန်ကန်သုံး

လွတ်လပ်ရေးမရခင်က လွတ်လပ်ရေးအတွက် လှုပ်ရှားရုန်းကန်နေသည့် ခေါင်းဆောင်များ ပြောသည့်စကားရှိပါကြောင်း၊ မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ခွင့်ရစေချင်ပါကြောင်း၊ လွတ်လပ်ရေးလိုချင်သည်မှာ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးပိုင်ခွင့်တောင်းဆိုခြင်းဟု ပြောပါကြောင်း၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရသည့်အခါ ဒီအခွင့်အရေးကို မှန်မှန်ကန်ကန်သုံးရန်အရေးကြီးပါကြောင်း၊

ရေးလမ်းစဉ်ပေါ်တွင် အားလုံးဝိုင်းပြီး လျှောက်ချင်သည့်ဆန္ဒဖြစ်အောင် ကြိုးစားပေးပါ၊ ဒီမှာရောက်လာသည့်အဖွဲ့ကလည်း ကိုယ့်အစွမ်းအစများနှင့် ဆက်ပြီးကူညီပေးပါ။ ဒီအကူအညီတွေလည်း ဆက်ပြီးယူပါ့မယ်ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်က အဖွဲ့ဖြစ်တည်လာပုံနှင့် ငြိမ်းချမ်းရေးခရီးစဉ် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) ဒုတိယကျောင်းအုပ်ကြီး ဒေါ်မြသီတာလွင်က ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့၏ လှုပ်ရှားဆောင်ရွက်ချက်များကို Projector ဖြင့် ရှင်းလင်းတင်ပြသည်။

### အများသိအောင် မှတ်တမ်းတင်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူများသည် ယုံကြည်မှုတည်ဆောက်ရန်၊ တရားလျှင် တရားကြောင်း၊ မတရားလျှင် မတရားကြောင်း ပြောရဲရန်၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ချက်များ၊ သတင်းများကို အများပြည်သူသိအောင် မှတ်တမ်းတင်ပြီး စာစောင်ထုတ်နိုင်ရေး တာဝန်ရှိသူများနှင့် တိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးသည် အားလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ယူပြီး ငြိမ်းချမ်းသည့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့တို့ တွေ့ဆုံခြင်းအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အခွင့်အရေးရသည့်အခါ အလွဲသုံးစားလုပ်မည်ဆိုလျှင် ရှေ့မှတိုင်းပြည်လွတ်လပ်ရေးရရန် လုပ်သွားသည့် ခေါင်းဆောင်ကြီးများအပေါ် သစ္စာမဲ့ရာလည်း ရောက်ပါကြောင်း၊ နောက်မျိုးဆက်များအပေါ် သစ္စာမဲ့ရာလည်းရောက်ပါကြောင်း၊ ကိုယ့်အပေါ်လည်း ကိုယ်သစ္စာမဲ့ရာရောက်ပါကြောင်း၊ သစ္စာဆိုသည်မှာ အနာဂတ်ကိုရော၊ ပစ္စုပ္ပန်ကိုရော၊ အတိတ်ကိုရော အားလုံးဆက်နွယ်သွားမည်ဖြစ်ပါကြောင်း။

### ဝီရိယလေးမျိုး

မိမိတို့သည် ငြိမ်းချမ်းရေးပန်းတိုင်ကို မရောက်သေးပါကြောင်း၊ ပန်းတိုင်ကို ရောက်သည်အထိ စိတ်ဓာတ်အပြည့်အဝဖြင့် ဆက်ပြီး လုပ်သွားရန် လိုပါကြောင်း၊ ဝီရိယဆိုသည်မှာ အင်မတန် အရေးကြီးပါကြောင်း၊ လူငယ်များကို ဆရာတော်ကြီးတစ်ပါး သင်ပေးသည့်အတိုင်း ပြောပြပါကြောင်း။

ဝီရိယသည် အဆင့်လေးဆင့်ရှိပါကြောင်း၊ အလုပ်တစ်ခုလုပ်မည်ဆိုသည့် ဆုံးဖြတ်ခြင်းက ပထမအဆင့်၊ ဆုံးဖြတ်ချက်အတိုင်း လုပ်ခြင်းက ဒုတိယအဆင့်၊ အခက်အခဲနှင့် တွေ့ရသည့်တိုင် ဆက်ပြီး လုပ်သည်က တတိယအဆင့်ဖြစ်ပြီး နောက်ဆုံးအဆင့်၊ အမြင့်ဆုံးအဆင့်မှာ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရသည့်အခါတောင်မှ စိတ်ဓာတ်မကျဘဲ ဆက်ပြီး ရှုံးနိမ့်မှုကို ကျော်လွှားခြင်းဆိုသည့်ဝီရိယသည် အမြင့်ဆုံးဝီရိယပါပဲဆိုပြီး ခံယူခဲ့ပါကြောင်း၊ အားလုံး ဒီလိုဝီရိယမျိုး လိုအပ်ပါကြောင်း။

### ငြိမ်းချမ်းရေးပန်းတိုင်

ငြိမ်းချမ်းရေးပန်းတိုင်ရောက်သည်အထိ နိုင်ငံသူနိုင်ငံသားများအားလုံးက ဒီပန်းတိုင်ကို ရောက်အောင်လုပ်မည်ဆိုသည့် စိတ်ဓာတ်ဖြင့် ပန်းတိုင်ကို သွားသည့်လမ်းကြီး ဖြူးသွားအောင်၊ ဖြောင့်သွားအောင်၊ ကျယ်ဝန်းသွားအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ ကျယ်ဝန်းသည်ဆိုသည့်နေရာတွင် ပါဝင်သင့်သူများအားလုံးပါဝင်အောင် အားလုံး ဒီလမ်းကြီးကို လျှောက်နိုင်အောင် လျှောက်ရမည်ဖြစ်ပါကြောင်း၊ သို့သော် လမ်းက ဘယ်လောက်ပဲကျယ်ကျယ်၊ ဘယ်လောက်ပဲချောချော လျှောက်ချင်သည့်ဆန္ဒရှိမှ ဒီလမ်းပေါ်ကို ရောက်လာမည်ဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ ဆန္ဒပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်း

ဒေသမှ လူများကလည်း ပိုမိုအလေးထား ပါဝင်ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

### ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်

ထို့ပြင် "၁ နဲ့ ၁ ပေါင်းရင် ၂ ထက်များတယ်ဆိုတဲ့ လမ်းစဉ်ကို သွားဖို့လိုမယ်။ ငြိမ်းချမ်းရေးရဖို့အတွက် လှုပ်ရှားနေတဲ့ အစိုးရနဲ့ ပေါင်းခြင်းအားဖြင့် ၁ နဲ့ ၁ နဲ့ ပေါင်းခြင်းအားဖြင့် ၂ မက ဖြစ်လာနိုင်တယ်။ အဲဒီလို စိတ်ဓာတ်တွေနဲ့ အားလုံးလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ မလွဲမသွေရမယ်။ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်အဖြစ် ဖွံ့ဖြိုးတိုးတက်ရေးရမယ်။ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အသီးအပွင့်ဟာ ငြိမ်းချမ်းရေးကို ပြန်ပြီး ပိုပြီးတော့ ခိုင်မာအောင် လုပ်သွားမယ်။ ငြိမ်းချမ်းရေး ပိုပြီး ခိုင်မာလာတာနဲ့အမျှ ဖွံ့ဖြိုးတိုးတက်ရေးဟာ ပိုပြီး ခိုင်မာလာမယ်။ ဒီလို တစ်ဆင့်တစ်ဆင့်နဲ့ ဒီနိုင်ငံဟာ တက်လှမ်းနိုင်မှာဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အမြင်ကျယ်အောင်၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အသိအမြင်သစ်တွေ တိုးပွားအောင်လုပ်ပေးဖို့ ရောက်လာတဲ့ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ကို အများကြီးကျေးဇူးတင်ပါတယ်။ နောင်ဆက်လက်ပြီး နိုင်ငံကို အကျိုးပြုနိုင်ပါစေ" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယနေ့ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်-

(က) အခန်း(၄)ခေါင်းစဉ်ပါ "တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အခန်း(၆)ခေါင်းစဉ်ပါ "တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။ (က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် မတ် ၁ ရက်မှစ၍ အများပြည်သူ ကံစမ်းနိုင်ပြီ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကျပ် ၅၀၀ တန် ထီလက်မှတ်များ ရောင်းချခြင်းနှင့်ပတ်သက်၍ ကြေညာချက်**
**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ၂၀၁၇ ခုနှစ်၊ မတ်လ (၁)ရက်နေ့မှစ၍ ပြည်သူအများ ကံစမ်းနိုင်ရန်အတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထီအရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တိုင်းဒေသကြီး /ပြည်နယ် (၁၄)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ဒေသအသီးသီးသို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် လည်းကောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ပေါ်ရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲနှင့် မန္တလေး(ရုံးခွဲ)များမှတစ်ဆင့် လည်းကောင်း၊ ကိုယ်စားလှယ်စုစုပေါင်း ၂၃၁၉ ဦးထံ ထီစာအုပ် ၂၈၈၆၉၉၉ အုပ် (ထီလက်မှတ်စောင်ရေပေါင်း ၃၁၇၅၆၉၈၉ စောင်) ဖြန့်ဝေပေးပို့ထားပြီး ဖြစ်ပါသည်။

၃။ အောင်ဘာလေသိန်းဆုဌာနခွဲနှင့် သက်ဆိုင်ရာအရောင်းကိုယ်စားလှယ်တို့ ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ထီလက်မှတ်များ ပြန်လည်ရောင်းချရာတွင် ထီလက်မှတ်အပေါ်၌ ရိုက်နှိပ်ထားသော ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်း ရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း အမည်ပျက်စာရင်း(Black List)အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ ထို့ပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသော အာမခံငွေ (Deposit) အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ထီလက်မှတ်တန်ဖိုးထက်ပို၍ ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုပါရန်နှင့် ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၅။ ထီလက်မှတ်တစ်စောင်ချင်းကိုဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ ရောင်းချရာတွင် ထီလက်မှတ်ပါတန်ဖိုးထက်ပို၍ ရောင်းချသူများတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအပြင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်တွင်းအခွန်များဦးစီးဌာန (နေပြည်တော်) | ၀၆၇-၄၃၀၀၀၅ |
| (ခ) | အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်) | ၀၁-၂၄၉၂၇၃ |
| (ဂ) | အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) | ၀၂-၃၅၉၁၃ |

# အမျိုးသားလွှတ်တော် ပညာရေးနှင့်သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၏ ပညာရေးနှင့်သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးတင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့ တက်ရောက်ပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆွေးနွေးတင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❐ အမျိုးသားလွှတ်တော်မှ**

**“အခြေခံဥပဒေဘာသာရပ်သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံး တစ်ချိန်သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြားပို့ချပေးစေနိုင်ရန်”** စီစဉ်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ မရှိသေးပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **“အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စစ်ချီထွက်တိုင်း ပင့်ဆောင်သွားလေ့ရှိသည့် သက်န်းနက် ရုပ်ပွားတော်မြတ်ကြီးအား ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့် ရရှိရေးအတွက် ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သက်န်းနက်ရုပ်ပွားတော်သည် နှစ်ပေါင်း ၁၀၀ နှစ်အထက် သက်တမ်းရှိပြီးဖြစ်သဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း။

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ မိမိတို့ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်းနှင့် ပျက်စီးခြင်းဖြစ်နိုင်သည်ဟု ယူဆပါလျှင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသော်လည်း ယင်းရုပ်ပွားတော်သည် အဆိုပါဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်နေသဖြင့် ဝန်ကြီးဌာန၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်နှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း။

သို့ဖြစ်ပါ၍ ယင်းသက်န်းနက်ဆင်းတုတော်နှင့်အတူ အခြားရှေးဟောင်းသမိုင်းဝင် ရုပ်ပွားဆင်းတုတော်များစွာကို မရမ်းကုန်းမြို့နယ် ဓမ္မသကသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါက်တာပညာသီရိက သဗ္ဗညုပုထိုးတော်ကြီးတွင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားပြီး မည်သူမဆို အချိန်မရွေးလာရောက်ဖူးမြော်နိုင်ပါကြောင်း၊ ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့်ရရှိရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးသည် လက်ရှိ ကိုးကွယ်လျက်ရှိသော သီလရှင်ဆရာကြီး ဒေါက်တာပညာသီရိနှင့် ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ပြေလည်မှုရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း သီလရှင်ဆရာကြီးက သဘောမတူသဖြင့် ပြေလည်မှုမရရှိခဲ့ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးဟန်ဝင်းသိန်း၏ **“တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဇာဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **“ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပမိရုပ်မကောင်းသော စာသင်ကျောင်း(၃)ကျောင်း၌ ကျောင်းဆောင်သစ် (၁)ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **“ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူး၏ **“မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းများနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် စိုင်းထွန်းအောင်က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော **“ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်နှင့် တင်ပြချက်များကို တစ်ပိုဒ်ချင်းစီ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့သည်။

**“စာရင်းအင်းဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက မူဝါဒချမှတ်သူများနှင့် စီမံကိန်းရေးဆွဲသူများသည် စာရင်းအင်းပါ အချက်အလက်များအပေါ် အခြေပြုပြီး မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ခြင်းဖြစ်သည့်အတွက် အခြေခံစာရင်းအင်း အချက်အလက်များသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းဥပဒေတစ်ရပ်ရေးဆွဲပြီး စာရင်းအင်းများကို အသေအချာပြုစုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စာရင်းအင်း အချက်အလက်များသည် တိုင်းပြည်ပြိုကွဲပျက်စီးစေနိုင်သည်အထိ အရေးကြီးပါကြောင်း။

၁၉၈၈ ခုနှစ်က ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံနှင့် ပြည်ထောင်စုဆိုရှယ်လစ်ဆိုဗီယက် ရုရှားနိုင်ငံများသည် စာရင်းအမှား၊ ကိန်းဂဏန်းအမှားများ၊ အောက်ခြေမှ လိမ်လည်ပြုစုတင်ပြသည့် အချက်အလက်များအပေါ်တွင် အခြေပြုဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံပြိုကွဲပျက်စီးသည်အထိ ဖြစ်ခဲ့ရသည့် ကမ္ဘာ့သာဓကများ ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် တာဝန်ရှိသူများဖြစ်သည့် စာရင်းအင်းဆိုင်ရာအချက်အလက်များ ကောက်ယူစုဆောင်းသူနှင့် ၎င်းတို့၏ အထက်အဆင့်ဆင့်ရှိ ဗဟိုကော်မတီဝင်များသည် လွန်စွာတာဝန်ကြီးလေးလှပါကြောင်း၊ ၎င်းတို့အထဲမှ တစ်ဦးဦးသည် မကောင်းသောရည်ရွယ်ချက်ဖြင့် မမှန်သည်ကိုသိလျက် စာရင်းအင်းအချက်အလက်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဖြည့်သွင်းခြင်း၊ ဖော်ပြအသုံးပြုခြင်းနှင့် ကြေညာခြင်းတို့ကို ဆောင်ရွက်ပါက တိုင်းပြည်အတွက် အထက်ပါသာဓကများကဲ့သို့ မူဝါဒအမှားများ၊ စီမံကိန်းအမှားများ ရေးဆွဲမိမည်ဖြစ်ပါကြောင်း၊ ထိုအခါ တိုင်းပြည်လည်း အထိနာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းအင်းနှင့်ပတ်သက်၍ တာဝန်ရှိသူအားလုံး သိလျက်နှင့် မကောင်းသည့်စိတ်ဓာတ်ဖြင့် ထိုသို့မလုပ်ရဲအောင် ဥပဒေတွင် တားမြစ်ထားသည့်အချက် မပါရှိခြင်းသည် တိုင်းပြည်အတွက် လွန်စွာအရေးကြီးပါကြောင်းနှင့် ပြစ်ဒဏ်နှင့် ငွေဒဏ်များ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**မော်စီ၊ ဝေသူနွယ်၊ မွေးကြူဇင် (သတင်းစဉ်)**

# တရားစီရင်ရေးကျင့်ဝတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တတိယအကြိမ် အဆင့်မြင့်ဆွေးနွေး




**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒိန်းမတ်နိုင်ငံသံရုံး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (International Commission of Jurists- ICJ)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP)တို့ ပူးပေါင်း၍ **“တရားစီရင်ရေးကျင့်ဝတ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ တတိယအကြိမ် အဆင့်မြင့်ဆွေးနွေးပွဲ”** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံတွင် မျှတပြီး ဘက်လိုက်မှုကင်းရှင်းသည့် တရားစီရင်ရေးစနစ်အဖြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများအတွက် ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်အဖြစ် စံနှုန်းများသတ်မှတ်ရန် ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များနှင့်ပတ်သက်ပြီး ထုံးတမ်းစဉ်လာအရ ရှိနေသည့် တန်ဖိုးထားမှုများကို ပြန်လည်သုံးသပ်၍ ရေးဆွဲဆောင်ရွက်ခဲ့ရာတွင် ယခုအခါ တတိယမူကြမ်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်အနေဖြင့် နိုင်ငံတကာစံနှုန်းများ၊ တရားစီရင်ရေးဆိုင်ရာ ဘန်ဂလောအခြေခံမူများတွင်ပါရှိသည့် အချက်များနှင့်ကိုက်ညီပြီး အကျိုးသက်ရောက်မှု ရှိစေရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများက လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တရားစီရင်ရေးကဏ္ဍနှင့် ပါဝင်ဆက်စပ်နေသူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး လိုအပ်သည့် ပံ့ပိုးမှုများ ပြုနိုင်ရမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်အပေါ် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ကျင့်ဝတ်တွင် ပါဝင်သင့်သည့် အရေးပါသောအချက်များကို ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် တရားစီရင်ရေးကဏ္ဍတစ်ရပ်လုံးအတွက် ပထမဆုံးဖြစ်ပြီး ပြည့်စုံကောင်းမွန်သည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်ထုတ်ပြန်နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. Peter Lysholt Hansen နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ Country Director Mr. Peter Bachelor တို့က အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ တာဝန်ရှိသူများနှင့် ဒိန်းမတ်နိုင်ငံသံရုံးမှ သံအရာရှိများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့(ICJ)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့မှ ပညာရှင်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒိုက်ဦးမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်း

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့နှင့် ဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ NGO များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး သင်တန်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ကျော်ကျော်(IPRD)**

# ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဇွာမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**❍ ကျောဖုံးမှ**

လိုင်လင်းပီမြို့ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ ဒေါက်တာဆာဆာက တင်ပြရာ တာဝန်ရှိသူများက မြို့တွင်းလမ်းများ ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ မင်းတပ်-လိုင်လင်းပီ မြို့နယ်ချင်းဆက် လမ်းဖောက်လုပ်ပေးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျောင်းများနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မြို့မိမြို့ဖ ဒေါက်တာဆာဆာထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရေဇွာမြို့(၁၆)ခုတင်ဆံ့ဆေးရုံသို့ရောက်ရှိပြီး လူနာကုသဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် တိုးချဲ့ဆောင် တည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့် လူနာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ရေဇွာမြို့ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၏ လိုလားချက်များကို မြို့မိမြို့ဖ ဦးရော်ဟဲကတင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတအား ရေဇွာမြို့သူမြို့သားများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မတူပီမြို့နယ်(၂၅) ခုတင်ဆံ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းရှိ လူနာကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် တိုးချဲ့ကုသဆောင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေသည့် လူနာများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် မတူပီမြို့ ဘုံတလာခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မတူပီမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို မြို့မိမြို့ဖတစ်ဦးက တင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မတူပီမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ဒုတိယသမ္မတက မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်တစ်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ မတူပီမြို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် ဆိုလာပြား ၅၀ ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လည်းကောင်း၊ စောင် ၂၅၀ ကို ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကိုမန်မုန်တိုင်း မိုးရွာသွန်းမှုကြောင့် မတူပီမြို့ နေရာအချို့တွင် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများအနက် ခိုဘွေရပ်ကွက်နှင့် စံဘောင်ရပ်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လတ်တလောဆောင်ရွက်နေမှုနှင့် ရေရှည်ဆောင်ရွက်ရမည့်အစီအစဉ်များတွင် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိမ်ဗျူးလ်ဂေါက်ကွင်းရှုရပ်မှနေ၍ မတူပီမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှု၊ မြို့ပြဇရိယာ တိုးချဲ့သင့်သည့်နေရာများ၊ မြေပြိုကျမှုဖြစ်စဉ်ဖြစ်ပွားသည့် နေရာများကို ကြည့်ရှုသည်။

ထို့နောက် မတူပီမြို့ မြို့ရှောင်လမ်းဖောက်လုပ်ထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ယနေ့သွားရောက်ခဲ့သည့် ဒေသများတွင် ဒုတိယသမ္မတက ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသရှိ ရေ၊ မြေတို့ကို အကျိုးရှိရှိ အသုံးပြုသွားရန်၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းမှ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးကိုလည်း လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လတ်တလော ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်နေသည့်အပြင် နောင်တွင်အလားတူ ဖြစ်စဉ်မျိုးဖြစ်ပွားခြင်းမရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သည့် မြေပြိုမှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိအောင် စီမံဆောင်ရွက်ရာ၌ ဒေသအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေဖူလုံစွာရရှိအောင်လည်း တစ်ပါတည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်၍ ဘူမိဗေဒဆိုင်ရာ၊ ပထဝီပိုင်းဆိုင်ရာ၊ ဆည်မြောင်းဆိုင်ရာ စသည့် တတ်သိကျွမ်းကျင်သည့် ပညာရှင်များပါဝင်သည့် ကော်မတီတစ်ရပ်ကို ဆောလျင်စွာဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

---

**❐ ရှမ်းပြည်နယ်မှ**

ခဲ့ပါကြောင်း၊ နိုဝင်ဘာလ ၂၀ ရက်တွင် မုံးကိုးစခန်းသို့ KIA နှင့် MNDAA တို့ အင်အား ၂၀၀ ခန့်က လေးနေရာခွဲ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ထို့ပြင် မန်ကန်စခန်း၊ ဖောင်းဆိုင်စခန်း၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မူဆယ်တပ်စခန်း၊ မူဆယ်ရဲကင်း၊ ကျူကုတ် (ပန်ဆိုင်း) စခန်း၊ နမ့်ပေါ်တံတား၊ မုံးပေါ်စခန်းတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် မုံးကိုးစခန်းသို့ ထပ်မံတိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် အင်အား ၅၀၀ ခန့် သာလွန်အင်အားအသုံးပြုပြီး အနီးကပ်တိုက်ပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ မြေဖြတ်ကျင်းများ ပိတ်ဆို့ဆောင်ရွက်ခဲ့ပါကြောင်း၊ KIA၊ MNDAA၊ TNLA၊ AA တို့ ပူးပေါင်းအဖွဲ့များ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း၊ တံတားများမိုင်းခွဲဖျက်ဆီးခြင်းများကြောင့် ဒေသခံပြည်သူများ သေဆုံးပြီး ဒဏ်ရာရရှိခဲ့ပါကြောင်း။

လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင်လည်း ကုန်တင်ယာဉ်များအား မီးရှို့ခြင်း၊ လမ်းကြောင်းပိတ်ဆို့ခြင်းများ ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းနှစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးတို့အား အကြောင်းမဲ့သတ်ဖြတ်ခဲ့ပါကြောင်း၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို ငါးရက်ကြာတိုက်ခိုက်မှုကြောင့် ကုန်စည်စီးဆင်းမှု ရပ်နားခဲ့ရပြီး ငါးရက်တာကာလအတွင်း တိုင်းပြည်အတွက် ဒေါ်လာသန်း ၉၀ ဒသမ ၅၅၅ ထိခိုက်နစ်နာခဲ့ပါကြောင်း၊ မုံးကိုးဒေသသည် မဟာဗျူဟာအရ အရေးပါသောနေရာဖြစ်ပါကြောင်း၊ မုံးကိုးဒေသကိုရရှိပါက တရုတ်-မြန်မာ အဓိကကုန်သွယ်ရေးလမ်းကြောင်းကို ခြိမ်းခြောက်နိုင်မည်ဖြစ်ခြင်း၊ တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ထားပါက တပ်မတော်စစ်ကူ၊ စစ်ကြောင်းများရောက်ရှိရန် ကြန့်ကြာနိုင်ခြင်း၊ နယ်စပ်ဒေသဖြစ်၍ မိမိလက်နက်ကြီးဖြင့် လေကြောင်းပစ်ကူပေးရန် ကန့်သတ်ချက်များရှိနိုင်ခြင်းတို့ကို သုံးသပ်၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့အနေဖြင့် မုံးကိုးဒေသကို ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်နိုင်ပါကြောင်း။

သို့သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသခံပြည်သူများဘဝ လုံခြုံစိတ်ချမှုရှိစေရေး၊ နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားများ မထိခိုက်စေရေး၊ နိုင်ငံတော်၏ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်ကို ဥပဒေနှင့်အညီ သာယာဖြောင့်ဖြူးစွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မုံးကိုးနယ်မြေအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစပြီး စစ်ဆင်ရေးနှင့် လုံခြုံရေးများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံဖြင့် စုစည်းထားသည့် တပ်မတော်အနေဖြင့် မည်သည့် ခွဲခြားမှုမျှမရှိဘဲ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကို ကျရာအခန်းကဏ္ဍမှ အဓိကဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် နောက်ကြောင်း ပြန်တောင်းဆိုမှုများထက် အနာဂတ်ကို မြော်တွေးပြီး ပြည်သူလူထု၏ အလိုအပ်ဆုံးသော ထာဝရငြိမ်းချမ်းရေးရရှိအောင် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက မုံးကိုးဒေသတွင် ၁၉၆၇ ခုနှစ်မှစ၍ ဗကပတို့ လှုပ်ရှားခဲ့မှု၊ ၁၉၈၅ခုနှစ်တွင် တစ်ဖက်နိုင်ငံမှ အကူအညီဖြတ်တောက်ခဲ့သည့်အတွက် စစ်ရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးတို့တွင် ဗကပတို့ ဩဇာကျဆင်းခဲ့မှု၊ ဖုန်အုပ်စုနှင့် ရန်အုပ်စု အရေးအခင်းဖြစ်ပွားခဲ့မှု၊ လောက်ကိုင်အရေးအခင်းဖြစ်ပွားခဲ့မှု၊ ဖုန်ကြားရှင်အား နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့မှု၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း လောက်ကိုင်ဒေသသို့ လက်နက်ကိုင်များ ဝင်ရောက်တိုက်ခိုက်မှု၊ MNDAA အဖွဲ့ မုံးကိုးဒေသသို့ ဝင်ရောက်လှုပ်ရှားခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျီးကန်းပြင်၊ ကိုးတန်ကောက်၊ ငါးခူရစခန်းတို့အား အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်းခဲ့မှု၊ ယင်းဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်များသေဆုံးခဲ့မှုနှင့် လက်နက်မျိုးစုံဆုံးရှုံးခဲ့မှု၊ အကြမ်းဖက်သမားများ ဖမ်းဆီးရရှိမှု၊ နိုဝင်ဘာ ၁၂ ရက်တွင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ပူးပေါင်းစစ်ကြောင်းမှ မယင်းတောင်ကျေးရွာရောက်ရှိစဉ် အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့မှု၊ ဂွဆုံကျေးရွာအနီး အကြမ်းဖက်သမား ၈၀၀ ခန့်က တပ်မတော်စစ်ကြောင်းအား ဝိုင်းပတ်တိုက်ခိုက်ခဲ့သဖြင့် ယာယီတပ်ရင်းမှူးတစ်ဦး ကျဆုံးခဲ့မှုနှင့် စစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့မှု။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် မောင်တောဒေသတွင် လှုပ်ရှားခဲ့သည့် Aqa Mul Mujahidin အဖွဲ့၏ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာနေ ဟာဖစ်တူဟာရ်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံ ခြောက်လသင်တန်း တက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ဟာဖစ်တူဟာရ်က လူမှုကွန်ရက်မှတစ်ဆင့် ဝါဒဖြန့်ဗီဒီယိုများ ထုတ်လွှင့်ခဲ့မှု၊ မောင်တောဒေသတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုဖြစ်စဉ်များ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကျေးရွာများအတွင်း ဌာနဆိုင်ရာနှင့် ပညာရေးဝန်ထမ်းများအား ရဟတ်ယာဉ်များဖြင့် ပြောင်းရွှေ့ပေးခဲ့မှု၊ မောင်တောမြို့နယ်အတွင်းရှိ ဒေသခံများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သွားရောက်တွေ့ဆုံအားပေးခဲ့မှု၊ ပြည်ပနိုင်ငံသတင်းမီဒီယာများနှင့် အဖွဲ့အစည်းများ၏ တစ်ဖက်သတ်စွပ်စွဲဖော်ပြချက်များ၊ ဂျီနီဗာအခြေစိုက်လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးရုံး၏ အစီရင်ခံစာထုတ်ပြန်ခဲ့မှု၊ ပြည်ပနိုင်ငံအချို့မှ အစိုးရအဖွဲ့၊ ပါတီအဖွဲ့အစည်းများ၊ မြန်မာသံရုံးများရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ မှုများ၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အကြံပေးကော်မရှင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအပါအဝင် ဥပဒေနှင့်မညီသော ဖြစ်စဉ်ဖြစ်ရပ်များရှိ မရှိ စုံစမ်းစစ်ဆေးရန်အတွက် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှု၊ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ၊ ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ၊ သံရုံးသံတမန်များနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာအဖွဲ့များ မောင်တောဒေသသို့ ရောက်ရှိစဉ် တွေ့ရှိချက်များ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီးလီ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် ဒေသခံများနှင့် တွေ့ဆုံ မေးမြန်းချက်၊ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားချက်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေသုံးသပ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူဗဟိုပြုသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာစေရန် မီဒီယာကို အသုံးပြု၍ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များ၊ စံကိုက်ကုထုံးပုံစံများ၊ ဝန်ထမ်း ကျင့်ဝတ်များ၊ စနစ်ကျသည့် စီမံခန့်ခွဲမှုများ၊ ဝန်ထမ်းကျင့်ဝတ်များ အားလုံးနှင့် ပြည့်စုံစွာ နေထိုင်နိုင်လျှင် အပြစ်ကင်းသည့် ပြည်သူကို မျက်နှာမူသော ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။



မိမိတို့၏ မူလအရည်အသွေးများကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ မီဒီယာများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံဆက်ဆံသည့်အခါတွင်လည်း မီဒီယာကျင့်ဝတ်များ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်ဆံပြောဆို လုပ်ကိုင်သွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မီဒီယာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြည်သူလူထုကိုစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်အညီ ကျန်းမာရေးဝန်ထုပ်ဝန်ပိုး မဖြစ်ရအောင် နားလည်စွာ ဆက်ဆံပြောဆိုသွားရန်လည်း လိုအပ်လှပါကြောင်း။

ယနေ့အစီအစဉ်သည် ယင်းလိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးသည့် အစီအစဉ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ယနေ့အစီအစဉ်တွင် အတွေ့အကြုံရှိဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများလည်း ပါဝင်နေပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်က "ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်ဖြည့်ဆည်းရေးနှင့် နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အတွင်းရေးမှူး ဦးသီဟစောတို့က မီဒီယာဥပဒေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

ညီလာခံတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီများမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများက စာတမ်းများကို ဖတ်ကြားကြသည်။

ယနေ့ကျင်းပသည့် ညီလာခံတွင် "ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရှင်သန်နေသော ကျေးရွာစာကြည့်တိုက်များ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်လည်ပတ်မှု၊ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ဆောင်ရွက်မှုအပေါ် အားနည်းချက်၊ အားသာချက်၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရှင်သန်နေသော ကျေးရွာ စာကြည့်တိုက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အမေ့ရွာ စာပျိုးခင်း စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးမှုများ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ မြို့ဖွံ့ဖြိုးရေးရာပြည့်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးမှုအခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ သုံးသပ်တင်ပြခြင်း၊ ကြီးပွားရေးစာကြည့်တိုက်အောင်မြင်တိုးတက်မှုများ၊ မင်္ဂလာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်ချက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးမှုအပေါ် သုံးသပ်တင်ပြခြင်း" ခေါင်းစဉ်များဖြင့် စာတမ်း ၁၄ စောင်ကို ဖတ်ကြားခဲ့ကြသည်။




ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**

# ကွမ်းခြံကုန်းမြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ စည်းဝေး

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း မှ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကွမ်းခြံကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာအုပ်စု (၂၉) အုပ်စုမှ လူထုကိုယ်တိုင်ရေးဆွဲထားသော ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ တူညီနေခြင်းရှိ/မရှိကို တိုက်ဆိုင်ကြည့်ရှုခြင်း၊ ၎င်းလုပ်ငန်းများကို အကြံပြုခြင်း စသည်တို့ကိုဆွေးနွေးကြကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

# မစိုးရိမ်ကျောင်းတိုက်မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ပဒုမာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မစိုးရိမ်ကျောင်းတိုက်မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ (အဘိဓဇမဟာရဋ္ဌဂုရု) သဒ္ဓမ္မနယူပဒေသကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပဒုမာဘိဝံသသည် သက်တော် (၈၂)နှစ် သိက္ခာတော် (၆၂)ဝါအရ ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၂ ရက် (ဖေဖော်ဝါရီ ၂၇ ရက် - တနင်္လာနေ့) ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## ဘဒ္ဒန္တ ပဒုမာဘိဝံသ၏ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း** ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ ခမည်းတော် ဦးလှသွင် - မယ်တော် ဒေါ်သက်မေတို့က ၁၂၉၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက် (ကြာသပတေးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း** ဆရာတော်လောင်းလျာသည် ၁၃၁၀ ခုနှစ်တွင် စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ်တွင် စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ ကျောင်းသစ်ကျောင်း ခဏ္ဍသိမ်၌ ပုဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း** ဆရာတော်လောင်းလျာသည် စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဝိနယနယူပဒေသ ကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသနှင့် စာချဆရာတော်များ၊ ပါဠိနယူပဒေသကျောင်း မဟာနာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသနှင့် စာချဆရာတော်များ၊ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသနှင့် စာချဆရာတော်များ၊ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသနှင့် စာချဆရာတော်များ၊ တောင်သမန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကေသဝါဘိဝံသနှင့် စာချဆရာတော်များထံ၌ ပရိယတ္တိစာပေများကိုသင်ယူတော်မူခဲ့ပြီး ပထမကျော်၊ စေတီ သင်္ဃာဓမ္မာစရိယဝဋ္ဋံသကာ၊ သာသနဓဇဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယဘွဲ့များ အောင်မြင်တော်မူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း** ဆရာတော်သည် ဆဋ္ဌသင်္ဂီတိကာရဆရာတော်အဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော် အဖြစ်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ဘွဲ့ယူကျမ်းစစ်ဆရာတော်အဖြစ် လည်းကောင်း၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ မဟာသကျသီဟမြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပရိယတ္တိသာသနဟိတအသင်းကြီးတို့၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်ဆရာတော်အဖြစ် လည်းကောင်း၊ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ ယနေ့အချိန်ထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း** ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လ၊ ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသန ဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ဆရာတော် ဘဒ္ဒန္တ ပဒုမာဘိဝံသသည် ၁၃၇၇ ခုနှစ် (၂၀၁၆ခုနှစ်)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း** ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ အရ ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၂ ရက်(ဖေဖော်ဝါရီ ၂၇ ရက် - တနင်္လာနေ့) ည၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မကွေးနှင့် မုံရွာဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်မည်

ဆုနင်းလဲ့
ဓာတ်ပုံ - စောသိန်းဝင်း




ဦးဝင်းဇော် မန်နေဂျင်းဒါရိုက်တာ
ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဘဏ်ခွဲများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့်မတ်လတွင် မကွေးမြို့၌ ဖွင့်လှစ်မည်ဖြစ်ကာ ဆက်လက်၍ မုံရွာမြို့တွင်လည်း ဘဏ်ခွဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က ပြောသည်။

လက်ရှိတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ရန်ကုန်မြို့တွင် ရုံးချုပ်ဖွင့်လှစ်ထားရှိပြီး ရုံးချုပ်နှင့်ဘဏ်ခွဲပေါင်း ကိုးခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မတ်လမှာ မကွေးမြို့မှာ ဘဏ်ခွဲဖွင့်လှစ်ပါမယ်။ ပြီးရင် မုံရွာမှာ ဖွင့်ပါမယ်။ အဓိကအနေနဲ့က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းတွေ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ပြည်နယ်နဲ့တိုင်းဒေသကြီး ၁၄ ခုမှာ အဓိကထား ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အခု လက်ရှိမှာ ဝင်ငွေနည်းပြည်သူတွေ အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်လှစ်စုဆောင်းပြီး အိမ်ပိုင်တိုက်ခန်း ပိုင်ဆိုင်နိုင်စေဖို့ ဝယ်ယူနိုင်စေဖို့အတွက် ဘဏ်နဲ့ချိတ်ဆက်ပြီး အရစ်ကျချေးငွေစနစ် ဆောင်ရွက်ပေးနေပါတယ်" ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က ပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်တွင် ရုံးချုပ်ဖွင့်လှစ်ထားရှိပြီး ဘဏ်ခွဲများအနေဖြင့် ဒဂုံဘဏ်ခွဲ၊ ဗိုလ်တထောင်ဘဏ်ခွဲ၊ နေပြည်တော်ဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ၊ မော်လမြိုင်ဘဏ်ခွဲ၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ၊ ရွှေပေါက်ကံဘဏ်ခွဲတို့ကို ဖွင့်လှစ်ထားရှိထားကာ မကြာမီတွင် မကွေးနှင့် မုံရွာမြို့တို့၌ ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းများဖြစ်သည့် ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာ(ရန်ကုန်)၊ ယုဇနတန်ဖိုးနည်းအိမ်ရာ(ရန်ကုန်)၊ ကနောင်တန်ဖိုးနည်းအိမ်ရာ(ရန်ကုန်)၊ မြရည်နန္ဒာအိမ်ရာ(မန္တလေး)၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ(ရန်ကုန်)တို့ကို CHD ဘဏ်နှင့်ချိတ်ဆက်ကာ ပြည်သူများအား နှစ်ရှည်ချေးငွေစနစ်ဖြင့် တိုက်ခန်းဝယ်ယူနိုင်ရန် ငွေချေးပေးလျက်ရှိပြီး မြို့ပြနှင့်အိမ်ရာဦးစီးဌာနမှ ငါးနှစ်တာကာလအတွင်း အိမ်ရာစီမံကိန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြေနေရာရရှိမှုများအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဟု သိရသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ဩဂုတ် ၁ ရက်မှစတင်ကာ တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ပေးသွင်းနိုင်သူများကို ဘဏ်နှင့်ချိတ်ဆက်ကာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုက်ခန်းများကို အရစ်ကျရောင်းချပေးလျက်ရှိသည့်အပြင် ၂၀၁၇ ဇန်နဝါရီလကုန်အထိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်သူ ၁၃၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ ယင်းအနက် ၂၀ ရာခိုင်နှုန်းမှာ ကျပ်သိန်း ၃၀ နှင့်အထက် စုဆောင်းထားနိုင်သူများဖြစ်ပြီး ကျန်စုဆောင်းသူများအနေဖြင့် ဆက်လက်စုဆောင်းလျက်ရှိကြောင်း သိရသည်။



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ဖေဖော်ဝါရီ ၂၇ ရက်မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၁ | ဇော်ခိုင်ဦး (စင်ပေါ်ကဟောပြောချက်များ) | လူထုခေါင်းဆောင်ငမွဲ(ဗိုလ်ချုပ်အောင်ဆန်း) | ၃၀၀၀ိ/- | မိုး(စာလွင်ပြင်) |
| ၄၂ | မြင့်ကြိုင်(အောင်မိုးဆောင်း) | လူသည်လူသာမဟုတ်ပါနှင့် သုတရသစာများ | ၁၅၀၀ိ/- | မိုးကျော်ထွန်းစာပေ |
| ၄၃ | ထွန်းတောက်ထွဋ်(သချာ) | အတ္တလောင်းရိပ်ချွေးသိပ်မဖြေနှင့် (မဂ္ဂဇင်းဝတ္ထုရှည်စုစည်းမှု) | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၄ | ဆရာဟိမဝန္တာ | အိမ်ထောင်ပြုဘုရားတည် | ၁၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၅ | မင်းအောင်နိုင် | ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်ရက်စွဲများ | ၂၅၀၀ိ/- | မျိုးမြန်မာစာပေ |
| ၄၆ | ကျော်မောင်မောင် | ကလေးသူငယ်ဥပဒေ | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၇ | မြင့်ထွန်း | ခရီးသွားဂျပန်စကားပြော | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၈ | မောင်စင်ကြယ် | မာနယ်ပလောခရီးသည် | ၃၀၀၀ိ/- | မြန်မာ့ခြေရာစာပေ |
| ၄၉ | သောင်းဝေဦး | ဗသက(၃၆)မှ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ အမှတ်တရတိုက်ပွဲ | ၄၀၀၀ိ/- | မြရတနာစာပေ |
| ၅၀ | ထွန်းမြင့်(မာန်အောင်) | ရှေ့နေကြီး ဦးဘတုတ်နှင့် အမွေဆိုင်သမီးအမှု | ၂၀၀၀ိ/- | ရန်အောင်စာပေ |
| ၅၁ | မောင်ပေါ်ထွန်း | ချစ်မိလေသောကြောင့် (The Sleeping Partner Winston Graham) | ၂၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၅၂ | Quality အယ်ဒီတာအဖွဲ့ | ဒီးဒုတ်ဦးဘချို | ၂၅၀၀ိ/- | Quality Publishing House |
| ၅၃ | Quality အယ်ဒီတာအဖွဲ့ | တရုတ်ပြည်သူတို့၏ နှလုံးသားထဲက အနီရောင်နေဝန်းနီ မော်စီတုန်း | ၂၅၀၀ိ/- | Quality Publishing House |
| ၅၄ | မိုးကုတ်ဆရာတော်ကြီး | သတိပဋ္ဌာန်(တစ်ပါးပါးကြိုးစားရစ်ကြ) | ၂၀၀၀ိ/- | သစ္စာအလင်းမွှေသာရစာပေ |
| ၅၅ | ဦးခင်မောင်သန်း(ရွှေ့ဆောင်) | English Speaking For All (အားလုံးအတွက် အင်္ဂလိပ်စကားပြော) | ၃၀၀၀ိ/- | သန်းစာပေ |
| ၅၆ | ရိုးပြေပြစ်အောင် | ညီမလေးအတွက်ရင်နှင့်ရင်း၍ရေးခဲ့သည် | ၂၀၀၀ိ/- | သရအိမ်စာပေ |
| ၅၇ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | ရခိုင်ပြည်နယ် သံတွဲမြို့တွင် ဟောကြားတော်မူသော "ငြိမ်းချမ်းရေး" တရားတော် | ၁၅၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၅၈ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | မြတ်ဘုရားရွှေတိဂုံ | ၁၅၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၅၉ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | ဧကရာဇ်မင်းကြီး၏ ဘဝနိဂုံး | ၁၅၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၀ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | CHARACTER IS POWER(1,2) | ၁၅၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၁ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | အတုမရှိမိန့်ခွန်း | ၂၀၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၂ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | ကမ္ဘာ့ကိုးကွယ်ရာဘာသာကြီးများမိတ်ဆက် | ၄၀၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၃ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | BHIKKHUPATIMOKKHA | ၂၀၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၄ | ဒေါက်တာအရှင်ဉာဏိဿရ (Ph.DD.,Litt) | ဆယ်စုနှစ်ဩဝါဒများ | ၄၅၀၀ိ/- | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် |
| ၆၅ | ကြည်ဇော်ထူး | စိတ်ကြိုက်တစ်ဆယ်(မဂ္ဂဇင်းဝတ္ထုစုစည်းမှု) | ၁၈၀၀ိ/- | ယဉ်မျိုးစာပေ |
| ၆၆ | (ယော)ဆရာတော်ကြီး | နှလုံးသားဝယ် ဘုရားတည်မွေစာစုများ အမှတ်(၁) | ၂၀၀၀ိ/- | အသိုင်းဝိုင်းစာပေ |
| ၆၇ | သန်းဝင်းလှိုင် | သီပေါမင်း၏ မိဖုရားတော်များ | ၂၀၀၀ိ/- | အိပ်မက်သစ်စာပေ |
| ၆၈ | ဘွဲ့ရတစ်ဦး(အောင်ကောင်းစံ) | အထွေထွေသိစရာမှတ်စရာ ဗဟုသုတ မှတ်စု(၂၀၁၇-၂၀၁၈) | ၃၅၀၀ိ/- | ဇေကရီစံစာပေ |
| ၆၉ | နွမ်ဂျာသိုင်း | ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ် | ၃၅၀၀ိ/- | ကောင်းဆုသာစာပေ |
| ၇၀ | ရဲသျှမ်း | ဘူတာရုံကလေး ဝတ္ထုတိုစုစည်းမှု | ၂၀၀၀ိ/- | ကောင်းဆုသာစာပေ |
| ၇၁ | မောင်နိုင်လင်း(ကောလင်း) | ဗိုလ်ချုပ်အောင်ဆန်းကလေးကဗျာများ | ၁၅၀၀ိ/- | ဒေါင်းမြူစာပေ |
| ၇၂ | မြင့်ဆွေဦးနော်ဇာ | သမိုင်းကိုပြောင်းလဲစေသော မိန်းမများ | ၂၀၀၀ိ/- | မူဝံစာပေ |
| ၇၃ | ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်) | သိစေချင်လို့ပါ(ဖြစ်ရပ်မှန်များ) | ၂၅၀၀ိ/- | မောင်ကမ္ဘာစာပေ |
| ၇၄ | မောင်သိန်းလွင် | ထူးဆန်းထွေလာ သိပ္ပံကမ္ဘာ | ၁၀၀၀ိ/- | ရွှေဟသ်ာစာပေ |
| ၇၅ | သင်းသင်းအေးထိန် | သစ်ရွက်နှင်း (Mist on the Leat) | ၁၅၀၀ိ/- | အေးရိန္ဒယ်စာပေ |
| ၇၆ | ချစ်နိုင်(စိတ်ပညာ) | အချိန်ကိုအသုံးချနည်း | ၂၀၀၀ိ/- | နိုင်စာပေ |
| ၇၇ | တက္ကသိုလ်မြတ်သူ | ဧရာဝတီမှယဉ်စီသို့ | ၃၀၀၀ိ/- | အမေ့သားစာပေ |
| ၇၈ | မောင်အောင်ခွန် | ကလေးချစ်သူများသို့ | ၁၈၀၀ိ/- | ရာပြည့်စာပေ |
| ၇၉ | ကိုကိုလှ(ကမ္ဘာမြေ) | ကျိန်စာမြို့ရိုးတံခါးနှင့် အခြားပုံပြင်များ | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၈၀ | မြတ်ငြိမ်း | ရွက်မရှိလျှင်တက် တက်မရှိလျှင်လက် | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၁ | ခင်မောင်စန်း | Sketch From nature? | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၂ | ကျော်တင့်ဆွေ | အံ့ဖွယ်ဆေးဖက်ဝင်သဘာဝ ဟင်းသီးဟင်းရွက်များ | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၃ | ခင်မောင်ညို(ဘောဂ) | ခေါင်းဆောင်နှင့်ခေါင်းရှောင် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၄ | အောက်တိုဘာအောင်ကြီး | ကြားဖူးနားဝပုံပြင်များ | ၃၀၀၀ိ/- | ရွှေပဒေသာစာပေ |
| ၈၅ | ဦးခင်မောင်သန်း | စကားလုံးထွက်Eng စကားပြော | ၃၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၈၆ | မောင်သာနိုး | ခေတ်ပေါ်အချစ်ခေတ်ပေါ်ကဗျာ | ၂၀၀၀ိ/- | နှစ်ကာလ |
| ၈၇ | Dr.တင့်ဆွေ | ဆေးပညာစာများ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၈၈ | မျိုးမင်းရဲအောင် | ရွေးကောက်ပွဲအနိုင်ရနည်းနိဿရည်း | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၈၉ | မိုးစက်ပွင့် | မောင်သာလျှင်. . . ထာဝရ | ၁၆၀၀ိ/- | ရွှေပဒေသာစာပေ |
| ၉၀ | မမသဒ္ဒါမောင် | တိတ်တဆိတ်လေး | ၁၆၀၀ိ/- | ရွှေပဒေသာစာပေ |
| ၉၁ | မောင်ထွန်းသူ | ချစ်မျက်ရည်ဘယ်ခါစဲလေလိမ့် | ၃၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉၂ | လှိုင်ကြာဖြူ(လားရှိုး) | ကြယ်ပန်းတစ်ခင်းလမင်းတစ်ရာ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၉၃ | ကြယ်စင်မှူးဝေ | အချစ်နှောင်ကြိုးလေး. . အဝေးဆုံးမှာ | ၁၆၀၀ိ/- | ရွှေပဒေသာ |
| ၉၄ | အောင်အေး(ရန်ကုန်) | ရွှေဒဿနများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉၅ | ဆလိုင်းပြုံးချို | ဝိညာဉ်ချစ်သူ | ၂၅၀၀ိ/- | ရွှေမိုးစာပေ |
| ၉၆ | မိုးသွေး(ပန်ထွာမြေ) | သမုဒယရပ်ဝန်းချစ်ခြင်းဖွဲ့ကဗျာများ | ၁၂၀၀ိ/- | မျိုးဆက်သစ်စာပေ |



မြန်မာ-ထိုင်း အမျိုးသမီးအသင်း ခြေစမ်းပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

# မြန်မာ-ထိုင်း အမျိုးသမီးခြေစမ်းပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲကို မတ် ၁ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဟိုတယ်မန္တလေး၌ ကျင်းပသည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ရော်ဂျာ (နယ်သာလန်)က "ဒီပွဲက နှစ်သင်းစလုံးအတွက် အကျိုးရှိပါတယ်။ ထိုင်းအသင်းဟာ အာဆီယံမှာ အကောင်းဆုံးအသင်းဖြစ်ပါတယ်။ ခြေစမ်းပွဲဖြစ်ပေမယ့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ကစားတာဖြစ်တာကြောင့် လူစုံအသုံးပြုသွားမှာပါ။ ထိုင်းအသင်းနဲ့ခြေစမ်းပွဲကစားလိုက်တာက အာရှဖလားခြေစစ်ပွဲမှာ ဗီယက်နမ်ကိုဘယ်လိုကစားရမလဲဆိုတာ သိမှာပါ။ ထိုင်းအသင်းနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲမှာ ဂိုးပြတ်ရှုံးခဲ့ပေမယ့် ခြေစွမ်းပိုင်းမကွာပါဘူး။ ကျွန်တော်တို့က အခွင့်အရေးတွေ အသုံးမချနိုင်လို့သာ ဂိုးပြတ်သွားတာပါ။ ကျွန်တော်တို့တွေ ပြင်ဆင်မှုတွေပြုလုပ်ထားတာ ဘယ်လောက်အထိ တိုးတက်လာသလဲဆိုတာ ဒီပွဲမှာ တွေ့မြင်ရမှာပါ"ဟု ပြောကြားခဲ့သည်။

ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ် စပန်ဆာ(အင်္ဂလန်)က "ကျွန်တော်တို့အသင်းက ဒီနှစ်ထဲမှာ နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရပါမယ်။ မြန်မာအသင်းနဲ့ပွဲဟာ ပြင်ဆင်မှုတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့တယ်။ အခု မြန်မာအသင်းနဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားမယ်။ ဒါဟာ ဧပြီလမှာ ယှဉ်ပြိုင်ရမယ့် အာရှဖလားခြေစစ်ပွဲအတွက် လုံလောက်တဲ့ပြင်ဆင်မှုဖြစ်ပါတယ်။ မြန်မာအသင်းဟာ နည်းပြ ရော်ဂျာလက်ထက်မှာ အများကြီးတိုးတက်လာပါတယ်။ ကစားသမားကောင်းတွေနဲ့ ခြေစွမ်းမြင့်မားတဲ့အသင်းဖြစ်တာကြောင့် နှစ်သင်းစလုံးအတွက် အကျိုးရှိတဲ့ခြေစမ်းပွဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

# အဌမတန်း နောက်ဆုံးနေ့စာမေးပွဲ မောင်တောမြို့နယ်တွင် အောင်မြင်စွာကျင်းပပြီးစီး

မောင်တော ဖေဖော်ဝါရီ ၂၈

**မောင်တောမြို့နယ်အတွင်း စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများ၌ အဌမတန်း ကျောင်းသား ကျောင်းသူများအတွက် အတန်းတင်စာမေးပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျင်းပသည်။**



စာမေးပွဲ နောက်ဆုံးရက်တွင် မောင်တောမြို့ အထက(၂) စာစစ်ဌာန၌ ကျောင်းသားကျောင်းသူ ၃၃၈ ဦး လာရောက်ဖြေဆိုကြောင်း သိရသည်။

"အဌမတန်းတွေအတွက် ဒီနေ့က စာမေးပွဲဖြေဆိုရက် နောက်ဆုံးနေ့ ဖြစ်ပါတယ်။ အောင်ချက်မြင့်မားရေးအတွက် ဒီကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေရော အကျိုးတော်ဆောင်တွေရော အကုန်လုံး စည်းစည်းလုံးလုံးနဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြတဲ့အတွက် အောင်မြင်မှုတွေရရှိပါတယ်။ ပူးပေါင်းလုပ်ဆောင်တဲ့အတွက် အခက်အခဲလည်းမရှိပါဘူး။ အဲဒီလို ဝိုင်းဝန်းလုပ်ဆောင်ကြတဲ့အတွက် ကျွန်မတို့ကျောင်းက ပညာထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ထွက်ရှိပါတယ်"ဟု မောင်တော အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေသိန်း က ပြောသည်။

"ကျွန်တော့် နာမည်က မောင်မင်းမြတ်သိန်းပါ။ ၈ တန်း (A) ခန်းကပါ။ နှစ်စကနေ ပုံမှန်ကြိုးစားလာတာပါ။ စာမေးပွဲ ဖြေဆိုရတာ အခက်အခဲတော့ မရှိပါဘူး။ အခုလို စာမေးပွဲကြီးကို အောင်အောင်မြင်မြင်နဲ့ ဖြေဆိုနိုင်အောင် သင်ကြားပြသပေးခဲ့တဲ့ ဆရာ ဆရာမအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ဖြေဆိုနေကြတဲ့ လေးတန်း၊ ရှစ်တန်း ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲ ဖြေဆိုနိုင်ကြပါစေ။"

"ကျွန်မနာမည်က မဖူးပြည့်စုံပါ။ စာမေးပွဲဖြေဆိုရက် ခြောက်ရက်လုံးမှာ ဘာသာရပ်အားလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ပါတယ်။ စာကို နှစ်စကတည်းက ပုံမှန်လုပ်သွားရင် အခက်အခဲကတော့ မရှိသလောက်ပါပဲ။ အရေးအခင်းတွေ ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာလည်း သွားရေးလာရေးတွေ ပုံမှန်အဆင်ပြေပါတယ်။ စာကျက်ရင်တော့ အခက်အခဲမရှိ ဖြေဆိုနိုင်မှာပါ။ အားလုံးဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့အတူ လာမည့် မတ် ၈ ရက်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက်လည်း ကျောင်းသား ကျောင်းသူများအားလုံး အခက်အခဲမရှိအဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မောင်တောမြို့နယ်အတွင်းရှိ ကျောင်းအသီးသီးမှ တာဝန်ရှိ ဆရာ ဆရာမများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# မောင်တောမြို့နယ်အတွင်း နေအိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မောင်တောမြို့နယ် ဖားဝပ်ချောင်း (ရွာဟောင်း) နှင့် (၄) မိုင်ရပ်ကွက်တို့တွင် ဖေဖော်ဝါရီ ၂၇ ရက်က နေအိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း မီးလောင်မှု ဖြစ်ပွားကြောင်းသိရသည်။

မောင်တောမြို့နယ် ဖားဝပ်ချောင်း (ရွာဟောင်း) ကျေးရွာနေ အာန်တာဟူဆောင်း၏ နေအိမ်တွင် ယမန်နေ့ ညနေ ၃ နာရီက မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ကျွမ်းခဲ့ရာ ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ် နှစ်လုံး၊ ဈေးဆိုင် တစ်ဆိုင် ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ (၆) မိုင် စစ်ဆေးရေးစခန်းအနီးရှိ ထီးတစ်ရာဘုန်းကြီးကျောင်းတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကာ ပျဉ်ကာ၊ ပျဉ်ခင်း သွပ်မိုးကျောင်း တစ်ကျောင်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# ကျောက်တံတားမြို့နယ်ရှိ အအေးနှင့် မုန့်မျိုးစုံဆိုင်တွင် မုန့်ကြော်ရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြစပါယ် အအေးနှင့် မုန့်မျိုးစုံဆိုင်တွင် ယနေ့ ညနေပိုင်းက မုန့်ကြော်ရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၄ နာရီ ၇ မိနစ်ခန့်က အဆိုပါ မြို့နယ် အမှတ် (၄)ရပ်ကွက် ပန်းဆိုးတန်း(အောက်)လမ်းရှိ မြစပါယ် အအေးနှင့် မုန့်မျိုးစုံဆိုင်အတွင်းရှိ မီးဖိုခန်းတွင် မုန့်ကြော်နေစဉ် ဒယ်အိုးအတွင်းမှ ဆီများဘေးသို့ကျရာမှ အဝတ်ဖြင့်ငြိမ်းသတ်စဉ် မီးခိုးခေါင်းတိုင်ဝင်ပေါက်ထဲသို့ မီးတောက်ဝင်ကာ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်ရာသို့သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ်ခြောက်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မိနစ် ၂၀ ခန့်အကြာတွင်မီးငြိမ်းသွားသည်။

"မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူမရှိပါဘူး။ အကြော်ဆီ အနည်းငယ်မီးလောင်သွားတာပါ"ဟု တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါဖြစ်ပွားမှုကြောင့် စားဖိုမှူးဖြစ်သူ ကိုဇင်ကို (၂၃)နှစ် အား ကျောက်တံတားမြို့မရဲစခန်းက (ပ)၆၄/၂၀၁၇/ ပုဒ်မ -၂၈၅ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**

■

# လီဗာပူးကို အနိုင်ရရှိသည့် ပွဲစဉ်အပြီး လက်စတာ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရရန် ခရိတ်ခ်ရှိတ်စပီးယား ထိပ်ဆုံးမှ ရေပန်းစားလာ

လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် လက်စတာအသင်းယာယီနည်းပြ ခရိတ်ခ်ရှိတ်စပီးယားအနေဖြင့် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရရန် ထိပ်ဆုံးမှ ရေပန်းစားလာပြီ ဖြစ်သည်။ ရှိတ်စပီးယားသည် လက်စတာနည်းပြ ရာနီရေရီ၏ လက်ထောက်အဖြစ်တာဝန်ယူခဲ့သူဖြစ်သလို လက်စတာကစားသမားများနှင့် ရင်းနှီးသော ဆက်ဆံရေးရှိသူလည်းဖြစ်သည်။ လီဗာပူးနှင့် ပွဲစဉ်တွင် ရလဒ်ကောင်းတစ်ခု ဖန်တီးနိုင်ခဲ့သည့်အတွက် ရာသီကုန်အထိ လက်စတာအသင်းကို ရှိတ်စပီးယားသာ ဆက်လက် ကိုင်တွယ်သွားဖွယ် ရှိနေခြင်းဖြစ်သည်။

လီဗာပူးနှင့် ပွဲအပြီးတွင် ရှိတ်စပီးယားက "ဒီအလုပ်ကို ကျွန်တော်လုပ်နိုင်မှာလား။ ကျွန်တော်တော့ လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ဒါပေမယ့် အသင်းပိုင်ရှင်တွေက အသင်းအတွက် သင့်လျော်တဲ့ လူတစ်ဦးကို ရွေးချယ်ပါလိမ့်မယ်" ဟု တုံ့ပြန်ဖြေကြားခဲ့သည်။



ရှိတ်စပီးယားအနေဖြင့် အမြဲတမ်းနည်းပြရာထူးအတွက် လက်စတာနည်းပြဟောင်း ပီယာဆန်နှင့် အဓိကယှဉ်ပြိုင်ရဖွယ်လည်း ရှိနေသည်။ လက်စတာအသင်းပိုင်ရှင်များက အခြားနာမည်ကြီး နည်းပြအချို့ကို ချိတ်ဆက်နေသော်လည်း လက်ကျန် ၁၂ ပွဲအတွက် အခြေအနေယိမ်းယိုင်မှုကို မလိုလားသဖြင့် ရှိတ်စပီးယားကိုသာ ဆက်လက်ကိုင်တွယ်ခွင့်ပေးဖွယ်ရှိနေသည်။ အင်္ဂလန်နည်းပြဟောင်း ဆမ်အလာဒိုက်စ်ကလည်း အင်္ဂလန်နည်းပြအဖြစ် တာဝန်ယူစဉ်က ရှိတ်စပီးယားကို နည်းပြ အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့ဖူးသည်။

ရာနီရေရီ ထုတ်ပယ်ခံရမှုကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့် ကစားသမားများကို မည်သို့ကိုင်တွယ်ရမည်ကို ရှိတ်စပီးယား ကောင်းစွာသိရှိနေခြင်းကလည်း ဘုတ်အဖွဲ့ဝင်များ ရှိတ်စပီးယားကို မျက်စိကျနေသည့် အဓိက အားသာချက်တစ်ခုဖြစ်နေသည်။ အလုပ်အမှုဆောင်ချုပ် ဆူဆန်ဝီလန်၊ ဘောလုံးဒါရိုက်တာ ဂျွန်ရက်ဒ်ကင်နှင့် ဘောလုံးစီမံခန့်ခွဲမှုဒါရိုက်တာ အန်ဒရူး နဗီးလ်တို့ သုံးဦးက နည်းပြသစ်အဖြစ် ပီယာဆန်၊ ဂူဟာစ်ဒင့်နှင့် မန်စီနီတို့ အမည်စာရင်းကို အဆိုပြုထားပြီး အသင်းပိုင်ရှင် ဗီချိုင်း ဆရီဗက်ဟာနာပရာဟာက အပြီးသတ်ခန့်အပ်ရေးကို အတည်ပြု ဆုံးဖြတ်မည်ဖြစ်သည်။ ရက်ဒ်ကင်မှာ အသင်းပိုင်ရှင် ဆရီဗက်နှင့် အင်မတန်ရင်းနှီးသည့် ဆက်ဆံရေးရှိသူဖြစ်ရာ နည်းပြသစ်ခန့်အပ်ရေး၏ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် သူ၏စိတ်ကြိုက် ရွေးထုတ်ဖွယ်ရှိသည်ဟုလည်း သတင်းများ ထွက်ပေါ်နေသည်။

မေလဲ့သင်း– စုစည်းသည်

## အာဆင်နယ်နှင့် ပွဲစဉ်ကို ဟန်ဒါဆန် လွဲချော်မည်

လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်မှာ ခြေထောက်ဒဏ်ရာပြဿနာကြောင့် လက်စတာအသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်မည့် အာဆင်နယ်နှင့် ပရီမီယာလိဂ် ပွဲစဉ်ကို လွယ်ချော်ရဖွယ်ရှိနေကြောင်း သိရသည်။ ကွင်းလယ်လူ ဟန်ဒါဆန်မှာ လေ့ကျင့်ရေးအစီအစဉ်တွင် ခြေထောက်ဒဏ်ရာရရှိသဖြင့် အာဆင်နယ်နှင့် ပွဲစဉ်ကို ဝင်ရောက်ကစားရန် မသေချာသည့် အခြေအနေကြုံနေရသည်။

## ချယ်လ်ဆီးအသင်းတွင် ကာလရှည်ဆက်ရှိဖွယ်ရှိနေတဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ အန်တိုနီယို ကွန်တီဟာ လန်ဒန်မြို့မှာ စားသောက်ဆိုင်ဖွင့်လှစ်ဖို့ စီစဉ်နေတာကြောင့် လန်ဒန်အခြေစိုက် ချယ်လ်ဆီးမှာပဲ ကာလကြာရှည်ဆက်ရှိနေထိုင်ဖို့ ရှိနေတယ်လို့ ခန့်မှန်းချက်တွေလည်း နောက်ဆက်တွဲအနေနဲ့ ထွက်လာပါတယ်။ ဒါပေမယ့် အီတလီကလာတဲ့ သတင်းရင်းမြစ်တွေက ကွန်တီဟာဇာတိမြေကို လွမ်းဆွတ်နေတာကြောင့် လာမယ့်ရာသီမှာ အင်တာမီလန်အသင်းကို ပြောင်းလဲကိုင်တွယ်ဖွယ်ရှိနေတယ်လို့ ဖော်ပြခဲ့တယ်။ ကွန်တီရဲ့ ညီဖြစ်တဲ့ ဒန်နီယယ်ကွန်တီဟာ တူရင်မြို့မှာ ဝမ်းအဲပဲလ်ဆိုတဲ့ စားသောက်ဆိုင်ဖွင့်လှစ်ထားပြီး ဒီဆိုင်ဟာ ကော့တေးနဲ့ အမြည်းကောင်းမွန်မှုကြောင့် နာမည်ကြီးပါတယ်။

ခုတော့ ကွန်တီက ဝမ်းအဲပဲလ် စားသောက်ဆိုင်ရဲ့ ဆိုင်ခွဲတစ်ခုကို လန်ဒန်မြို့မှာ ဖွင့်လှစ်ဖို့ စီစဉ်ပေးနေတဲ့အတွက် ချယ်လ်ဆီးပရိသတ်တွေအနေနဲ့ အသစ်ဖွင့်လှစ်မယ့်ဆိုင်ကို လာရောက်အားပေးမယ့် အဓိကဖောက်သည်ဖြစ်လာမယ်လို့ မျှော်လင့်နေတာဖြစ်ပါတယ်။ အများစုကတော့ ကွန်တီဟာ ပရီမီယာလိဂ်ကို ရောက်ရှိလာတဲ့ ပထမရာသီမှာပဲ ပရီမီယာလိဂ်ဖလားကိုင်မြှောက်ဖို့ အခြေအနေရှိနေပြီဆိုတော့ ချယ်လ်ဆီးအသင်းကို အားလုံးမျှော်မှန်းထားတာထက် ကာလကြာရှည် ဆက်လက်လက်တွဲဖွယ်ရှိနေတယ်လို့ ခန့်မှန်းချက်ထုတ်နေတာဖြစ်ပါတယ်။

## ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ အစ္စကိုကို ၂၀၁၈ ခုနှစ်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ဘာစီလိုနာ စီစဉ်

ဘာစီလိုနာအသင်းသည် လာလီဂါ အင်အားကြီးပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်လူ အစ္စကိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် ၂၀၁၈ ခုနှစ်တွင် ခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။ အစ္စကိုနှင့် ရီးယဲလ်မက်ဒရစ်တို့အကြား သက်တမ်းတိုးစာချုပ် ထပ်မံမချုပ်ဆိုတော့ရန် ဘာစီလိုနာဘက်မှ မျှော်လင့်နေပြီး အစ္စကိုကို ပွဲထွက်ခွင့်ပုံမှန်ရရှိမည်ဟူသော အကြောင်းတရားဖြင့် ဆွဲဆောင်စည်းရုံးမည်ဖြစ်သည်။

ဘာစီလိုနာနည်းပြ အင်းနရစ်သည် ၁၉၉၆ ခုနှစ်တွင် ရီးယဲလ်မှ ဘာစီလိုနာသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာသွားခဲ့ဖူးသူဖြစ်ရာ အစ္စကိုအနေဖြင့် သူ၏ခြေရာအတိုင်း ရီးယဲလ်မှ ဘာစီလိုနာသို့ သွားရောက်ကစားမည့် ကစားသမားတစ်ဦးဖြစ်လာရန် မျှော်လင့်နေသည်။ ရီးယဲလ်ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်သည် ဘာစီလိုနာ ကစားသမားများဖြစ်သည့် နေမာ၊ ဆွာရက်ဇ်နှင့် အင်နီယေစတာတို့ကို ကမ်းလှမ်းခဲ့ဖူးသော်လည်း ဖီဂိုနောက်ပိုင်း ဘယ်ဘာစီလိုနာ ကစားသမားမျှ ရီးယဲလ်ကို ပြောင်းရွှေ့ခြင်းမရှိရာ ရီးယဲလ်နှင့် ကစားသမားအပြောင်းအရွှေ့ကိစ္စဆောင်ရွက်တိုင်း ဘာကာဘက်မှ အမြဲသာ ရလေ့ရှိသည်ဟု ဘာစီလိုနာ တာဝန်ရှိသူများက ယုံကြည်ထားသည်။

အစ္စကိုသည် ၂၀၁၃ ခုနှစ်တွင် မာလာဂါအသင်းမှ ရီးယဲလ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပွဲထွက်ချိန် ကန့်သတ်မှုရှိနေသဖြင့် ရီးယဲလ်မှ ထွက်ခွာတော့မည်ဟု မကြာခဏ သတင်းထွက်နေသူဖြစ်သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းကို သစ္စာစောင့်သိမှုပြချင်သည့် အနေဖြင့် ဘာစီလိုနာသို့ပြောင်းရွှေ့ခွင့်ကို ငြင်းပယ်ပြီး အခြားဥရောပကလပ်အသင်း တစ်ခုကိုသာ ရွေးချယ်နိုင်ဖွယ်ရှိကြောင်း မှန်းဆမှုများရှိနေသည်။

## မန်ယူနှင့် အနာဂတ်ကို အလျင်စလို ဆုံးဖြတ်မည်မဟုတ်ဟု အီဗရာဟီမိုဗစ် ပြောပြီ



မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်လက်မှတ်ရေးထိုးခြင်းကို အလျင်အမြန် ဆောင်ရွက်မည်မဟုတ်ဘဲ ရာသီကုန် အခြေအနေစောင့်ကြည့်ပြီးမှသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်ရာ မန်ယူ ပရိသတ်များ အတွက် ရင်ပူဖွယ်ပင်ဖြစ်သည်။ အသက်(၃၅)နှစ်အရွယ် အီဗရာဟီမိုဗစ်မှာ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မန်ယူနှင့် တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ဒုတိယရာသီ ဆက်လက်ကစားရန် မန်ယူဘက်မှ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟိုက မိုဗစ်ကို မန်ယူတွင် ဆက်လက်မြင်တွေ့လိုသော်လည်း ဘယ်ကစားသမားကိုမျှ စာချုပ်သစ်လက်မှတ်ရေးထိုးရန် တောင်းပန်မှုပြုမည်မဟုတ်ကြောင်း တုံ့ပြန်ထားပြီးဖြစ်သည်။

မိုဗစ်က " ကျွန်တော် အခုစာချုပ်သက်တမ်းနှစ်လကျန်နေပါသေးတယ်။ ဒါကြောင့် အခြေအနေကို စောင့်ကြည့်ကြတာပေ့ါ။ သတင်းတွေကတော့ မန်ယူ ချန်ပီယံလိဂ်ဝင်ခွင့်မရရင် ကျွန်တော် စာချုပ်သက်တမ်းတိုးမှာ မဟုတ်ဘူးလို့ လုပ်ဇာတ်တွေခင်းနေကြတာလည်း တွေ့နေရတာပဲဗျာ။ ဒါကဘာမှမဆိုင်တဲ့ ကိစ္စရပ်ပါ"ဟု စာချုပ်သစ်ကိစ္စရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မိုဗစ်သည် ဆောက်သမ်တန်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည့် အီးအက်ဖ်အယ်လ်ဖလား ဗိုလ်လုပွဲတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး မန်ယူအသင်း၏ ခေတ်သစ်ကန်တိုနာဟု ကင်ပွန်းတပ်ခံခဲ့ရသည်။ အဆိုပါနေ့တွင် မန်ယူအသင်းပရိသတ်များက မိုဗစ်အိမ်သို့ သွားရောက်တံခါးခေါက်ကာ တစ်ညလုံး မိုဗစ်အိမ် မှာပင် ရှိနေခဲ့ကြသည်ဟု မော်ရင်ဟို၏ ပြောပြချက်အရသိရသည်။ မော်ရင်ဟိုနှင့် မိုဗစ်တို့နှစ်ဦးသည် အင်တာမီလန်အသင်းတွင်လည်း လက်တွဲခဲ့ဖူးပြီး သူတို့နှစ်ဦးကြား ရင်းနှီးသည့် ဆက်ဆံရေးအနေအထားကလည်း မိုဗစ် မန်ယူကို ရောက်လာခဲ့သည့် အဓိကအကြောင်းတရားတစ်ရပ်ဖြစ်ခဲ့သည်။ မိုဗစ်သည် ပီအက်စ်ဂျီအသင်းတွင်ရှိစဉ်က အင်တာဗျူးတစ်ခုတွင် "ကျွန်တော့်စိတ်တွေ ဒီမှာမရှိပါဘူး။ ပြီးတော့ ကျွန်တော့်ကလေးတွေက မန်ယူကစားသမားအဖြစ် ကျွန်တော့်ကို မြင်တွေ့လိုကြတယ်။ ဒါကြောင့် မော်ရင်ဟိုက ကျွန်တော့်ကို ဆက်သွယ်လာတဲ့အချိန်မှာ ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေခဲ့တာဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

အီဗရာဟီမိုဗစ်သည် မန်ယူအသင်းနှင့် အီးအက်ဖ်အယ်လ် ဖလားရယူနိုင်ခဲ့ပြီးနောက် သူ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ဆုဖလား ၃၂ လုံးအထိ ရယူနိုင်ခဲ့သည့် ကစားသမားဖြစ်ခွင့်ရလာခဲ့သည်။ သူသည် ကစားသမားသက်တမ်း ၁၈ နှစ်အတွင်း မယ်လ်မို၊ အေဂျက်စ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ အေစီမီလန်နှင့် ပီအက်စ်ဂျီအသင်းတို့တွင် ကစားခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့သည်။

■

# ဇင်းဘောင်ချောင်းတူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ရက်အတွင်းပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**ဖျာပုံ ဖေဖော်ဝါရီ ၂၈**

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ စိုက်ပျိုးဧရိယာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေး ကျွန်းတွင်းပိုလျှံ ရေများထုတ်နုတ်မှု ကောင်းမွန်စေရေး၊ သီးနှံများအောင်မြင်စွာစိုက်ပျိုးနိုင်စေရေး၊ ဇင်းဘောင်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ ရက်မှစတင်၍ ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဌာနစက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါချောင်းတူးခြင်းလုပ်ငန်းကို ရေပေါ်ဘောခုံတင်မြေတူးစက် ခုနစ်စီး၊ ရွှံ့နွံတူးမြေတူးစက် နှစ်စီး၊ မြေထိုးစက်တစ်စီး၊ ယန္တရားအင်အား ၁၀ စီး အသုံးပြု၍ ပျမ်းမျှချောင်းအကျယ် ၉၅ ပေ၊ ပျမ်းမျှအနက် ခုနစ်ပေနှင့် အလျား ၃ ဒသမ ၇၈ မိုင်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသည်။

"ဒီဇင်းဘောင်ချောင်း တူးဖော်ပေးတာဟာ ဇင်းဘောင်ကျွန်းပတ်တာနဲ့ ကျွန်းအပြင်က မိုးစပါး စိုက်ဧကတွေ မိုးတွင်းရေမြုပ်ပြီး နှစ်ခါပြန် သုံးခါပြန် ပြန်စိုက်ရတဲ့ အရင်တုန်းကလိုအဖြစ်မျိုးက ကင်းမယ်။ မျိုးစပါးတွေ ထပ်ထပ်ပြီးဝယ်ယူရတဲ့ ဒုက္ခလည်း သက်သာတော့မှာပါ။ မိုးစပါးပျက်ပြီး လယ်သမားတွေ မျိုးစပါးနဲ့ လုပ်အားခ ဆုံးရှုံးရတဲ့အဖြစ်ကလည်း ကင်းဝေးပြီး စိတ်ချလက်ချနဲ့ ဧကပြည့်စိုက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေအတွက် တကယ်လိုအပ်နေတဲ့ ဇင်းဘောင်ချောင်းပြန်တူးပေးဖို့ တင်ပြတောင်းဆိုခဲ့တာကို လာရောက်တူးဖော်ပေးတဲ့အတွက် အဆင်ပြေတယ်ဗျာ။ ဒီရေလမ်းကနေ စပါး သယ်ဆန်သယ်ရတာလည်း အရင်ကထက်ပိုပြီး ကောင်းမွန်လာမှာဖြစ်ပါတယ်" ဟု ကွန်ဒိုင်းကြီးကျေးရွာမှ လယ်သမား ဦးလှအောင်က ပြောသည်။

ဒီရေနှင့်အတူပါလာသော နုန်းမြေအနယ်ထိုင်ပို့ချမှုများကြောင့် ဒီရေဝင်ချောင်းမကြီးများ သိသိသာသာ တိမ်ကောလာသဖြင့် မိုးရာသီကျွန်းတွင်း မိုးရေများ ထုတ်နုတ်ရာတွင် ရေနုတ်အားမကောင်းတော့ ခြင်း၊ မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း၊ မိုးစပါးများ ပျက်စီး၍ လယ်သမားများဆုံးရှုံးနစ်နာခြင်း မဖြစ်ပေါ်စေရေးအတွက် ယခုကဲ့သို့ တူးဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဇင်းဘောင်ချောင်းသည် ငါးမိုင်ခန့် အရှည်ရှိသဖြင့် တူးဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းများကိုလည်း လုပ်ငန်းခွင့်ပြုမိန့် ရရှိမှုပေါ်မူတည်၍ ဆက်လက်တူးဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော် က ပြောသည်။

**သမြေထွန်း**



## နန့်သာကျေးရွာ ချောင်းကူးတံတား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်

**အင်းတော် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာ ချောင်းကူးတံတားအား ချောင်းရေ တိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကျောက်စီ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေကျပ် ၃၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အရှည်ပေ ၃၀၀၊ အမြင့် ၁၂ ပေ၊ အကျယ်နှစ်ပေရှိကြောင်း၊ အဆိုပါတည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၈**

ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာအုပ်စု လယ်တောကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာမြေဖော်ထုတ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖေဖော်ဝါရီနောက်ဆုံးပတ်က တာဝန်ရှိသူများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၊ မြို့နယ်သစ်တောဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တွေ့ဆုံကာ ပြည်သူများ၏ လိုလားချက်၊ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဟိုစဲ့ကျေးရွာအုပ်စု လယ်တောကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃၄ သိန်းဖြင့် အောင်ရွှေပိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အ-မ-က (ခွဲ) လယ်တော (၆၀×၃၀) ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကုန်ကျစရိတ်သက်သာပြီး ပဲမျိုးစုံ အထွက်နှုန်းကောင်းမွန်ရေး သရုပ်ပြပညာပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်း ဆောင်းသီးနှံများ တိုးတက် စိုက်ပျိုးလာစေရေးနှင့် စိုက်ပျိုးစရိတ်ကုန်ကျမှု သက်သာပြီး တစ်ဧကပဲမျိုးစုံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး စိုက်ပျိုးနည်း ကွင်းလက်တွေ့သရုပ်ပြ ပညာပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က ဖန်မင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးလုံးကြူး၏ လယ်မြေတွင် (Best Management Practices, BMP) စနစ်ဖြင့် စိုက်ပျိုးထားသော ဆောင်းပဲပုပ်စံပြစိုက်ကွက် ငါးဧက၌ ကျင်းပခဲ့ကြောင်း သိရသည်။

စိုက်ပျိုးနည်း လက်တွေ့ကွင်းသရုပ်ပြပွဲတွင် ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကိုက မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးခြင်းဖြင့်ရရှိစေမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချတာဝန်ခံ ဒေါ်မြဉမ္မာက ယူရီးယားပုလဲခတ်မြေသြဇာနှင့် ဘိုရွန်လက်ချားရောစပ်ပက်ဖျန်းရာတွင် အသုံးပြုရမည့် နှုန်းထားနှင့် လက်တွေ့ ရောစပ်နည်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က (ယူရီးယားနှင့်လက်ချား)ရောစပ် ပက်ဖျန်းရခြင်း၏ အကြောင်းအရင်း၊ အချိန်ကာလနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြသပေးခဲ့သည်။

ယင်းပညာပေးကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် တောင်သူ ၄၀ ကျော်တို့အား စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ယူရီးယားနှင့် လက်ချား ရောစပ်ထားမှုအား လက်တွေ့ ပက်ဖျန်းသရုပ်ပြကာ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ၊ မရှိစစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွက်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ကြော်ငြာထားသော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှု ရှိ၊ မရှိကို စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ ရက်က မင်းဘူး(စကု) မြို့နယ် စည်ပင်သာယာဈေးတို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် မင်းဘူးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ညွှန့်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့အစည်းများ၊ ဈေးတာဝန်ခံနှင့် ဈေးကော်မတီများပါဝင်သောအဖွဲ့က စားသုံးရန်မသင့် ကြော်ငြာထားသော အစားအသောက်များအား ရောင်းချမှု ရှိ၊ မရှိ၊ စံချိန်စံညွှန်း၊ အရည်အသွေးမီ ထုတ်လုပ်သော ကုန်ပစ္စည်းတွင်ပါဝင်ရမည့် အချက်များဖြစ်သည့် ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်ပစ္စည်းများဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သူ၏လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ H.S Code၊ အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံများနှင့်အညီ ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ပြည်သူများ စားသုံးရန်မသင့်သည့်အစားအသောက်များ ရောင်းချခြင်း မပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

## ဒေသထွက်ရာသီပေါ်ပိန္နဲသီးနုများ ဈေးကောင်းရရှိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၈**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဥယျာဉ်ခြံများအတွင်း စိုက်ပျိုးထားရှိသော ပိန္နဲသီးပင်များမှ အသီးနုများ ဈေးကောင်းပေးဝယ်ယူလျက်ရှိသည့်အတွက် ဒေသခံတောင်သူများ ဝင်ငွေကောင်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ ရေကြီး၊ ရေလျှံမှုများဖြစ်ပွားခဲ့၍ ဥယျာဉ်ခြံများအတွင်း စိုက်ပျိုးထားရှိသော ပိန္နဲပင်များ၏ အမြစ်များ ရေစိမ်နာသဖြင့် အသီးများကြွေကျပျက်စီးခဲ့ရာ ၂၀၁၇ ခုနှစ် ဆောင်းရာသီတွင် အသီးများ စတင်သီးနိုင်ပြီး ပိန္နဲသီးနုတစ်လုံးလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ အထိ ရောင်းချရလျက်ရှိသည်။

ပိန္နဲသီးနုများကို ဟင်းရည်သောက်ချက်ခြင်း၊ အသားဖြင့် ရောနှောနှပ်၍ ချက်စားခြင်းနှင့် အလှူပွဲများတွင် ကုလားပဲဖြင့် ရောနှောချက်ကျွေးခြင်းတို့ကြောင့် မင်းဘူး၊ စလင်း၊ မကွေးမြို့များမှ လာရောက်ဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိသည်။

ပိန္နဲသီးကို အိမ်ကြွပ် (အိမ်မာ)မျိုးနှင့် အိမ်ပျော့မျိုးဟု နှစ်မျိုးရှိပြီး အိမ်ကြွပ်မျိုးကို ရင့်မှည့်သည်အထိထားရှိပြီး တစ်လုံးလျှင် ကျပ် ၅၀၀၀ မှ ၈၀၀၀ ထိ ရောင်းချရသည်။ အိမ်ပျော့မျိုးကို အသီးနုအရွယ်တွင် ဟင်းချက်သီးအဖြစ် ဆွတ်ခူးရောင်းချကြသည်။ ပိန္နဲပင်များသည် နှစ်ရှည် အပင်ကြီးမျိုးဖြစ်၍ ဥယျာဉ်ခြံ စည်းရိုးများတွင် တန်းပေးစိုက်ပျိုးထားရှိပြီး ခြောက်နှစ်မှ ၁၀ နှစ်အတွင်း မြေအမျိုးအစားပေါ်မူတည်၍ အသီးများ စတင်သီးကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## ငါးသိုင်းချောင်းမြို့စည်ပင်သာယာဈေး၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၂၈**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက်ရှိစည်ပင်သာယာ အောင်ဆန်းဈေး၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများနှင့် ရပ်ကွက်နေပြည်သူများက မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း မီးသုံးစွဲမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မီးသတ်ယာဉ်နှစ်စီးနှင့် ဈေးအတွင်းရှိမီးသတ်စက်ရေတွင်းမှ မီးသတ်ပိုက်များဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းအား စုပေါင်းဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## တေးယွန်၏ တစ်ကိုယ်တော်တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်

ဂီတသက်တမ်းတစ်လျှောက်ပထမဆုံးသော အကြိမ်အဖြစ် တစ်ကိုယ်တော် တေးအယ်လ်ဘမ်တစ်ခုကို ယခုလကုန်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ လတ်တလောမှာတော့ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်မယ့် ခေါင်းစီးတေးသီချင်းကို စမ်းသပ် ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

တေးယွန်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာတော့ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် "My Voice" မှာ ပါဝင်မယ့်ခေါင်းစီးတေးသီချင်းဖြစ်တဲ့ "Fine" ကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာ ယင်းတေးသီချင်းရဲ့ တေးဗီဒီယိုကိုပါတစ်ပြိုင်နက် အမြည်းသဘောထုတ်ဖော်ပြသခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။ အဆိုပါဗီဒီယိုအရ " Fine" ဟာ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပုံဖော်ရိုက်ကူးထားတာ ဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ တေးသီချင်းစမ်းသပ်ထုတ်လွှင့်မှုဟာ တေးယွန်ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် နောက်ဆုံးထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်းဖြစ်ပြီး တေးအယ်လ်ဘမ်အပြည့်အစုံကိုတော့ ဖေဖော်ဝါရီ ၂၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာတော့ တေးသီချင်း စုစုပေါင်း ၁၃ ပုဒ်ပါဝင်မှာဖြစ်ပြီး ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးယွန်ရဲ့ တစ်ကိုယ်တော် တေးသီချင်းတွေနဲ့မတူကွဲပြားတဲ့ ဂီတပုံစံမျိုးတွေကိုလည်း အဆိုပါတေးအယ်လ်ဘမ်မှာ ထည့်သွင်းဖန်တီးထားတဲ့အတွက် ရသအသစ်တွေကို ပေးစွမ်းနိုင်တဲ့တေးအယ်လ်ဘမ်တစ်ခုဖြစ်လာမှာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ဖူးကြောင်း သိရပါတယ်။

## ပရိသတ်ကိုတောင်းပန်ခဲ့တဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့တေးသံရှင်တစ်ဦးလည်းဖြစ်၊ အောင်မြင်တဲ့ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ဆူဇီဟာ မကြာသေးမီကပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲမှာ ပရိသတ်အများကို တောင်းပန်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဇီက သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတစ်ခုကိုပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားမှာ သူ့ရဲ့အပြင်အဆင်တွေဟာ သာမန်အမျိုးသမီးတစ်ဦးလိုဖြစ်နေပြီး ပရိသတ်တွေကို သူ့ရဲ့ အကောင်းဆုံးသော အပြင်အဆင်နဲ့အတူ အလှပဆုံးသောအနေအထားကို မပြသနိုင်ခဲ့တဲ့အတွက် တောင်းပန်စကားဆိုခဲ့တာ ဖြစ်ပါတယ်။

ဆူဇီအနေနဲ့ သူ့ရဲ့အပြင်အဆင်အတွက် ပရိသတ်တွေကို တောင်းပန်စကားဆိုခဲ့ပေမယ့်လည်း အဆိုပါအခမ်းအနားမှာ ပြင်ဆင်ခဲ့ပုံအရ သူ့ရဲ့ပင်ကိုယ်အလှကို ဖော်ပြနိုင်ခဲ့ပြီး ပိုမိုသဘာဝဆန်ကာ၊ ပိုမိုနုပျိုပုံပေါ်နေကြောင်းလည်း အဆိုပါမီဒီယာက ရေးသား ဖော်ပြခဲ့ပါတယ်။

အေးပြည့် - စုစည်းသည်

# မှတ်မှတ်ရရ အော်စကာည

***ဟောလိဝုဒ်ရုပ်ရှင်လောကရဲ့ အထင်ရှားဆုံးသောအနုပညာထူးချွန်ဆုပေးပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ဖေဖော်ဝါရီ ၂၆ ရက်က အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့ ဟောလိဝုဒ်မှာရှိတဲ့ ဒေါ်ဘီသီရေတာမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါဆုပေးပွဲကြီးနဲ့ ဆုပေးပွဲပြီးနောက် ပေါ်ထွက်လာခဲ့တဲ့ ကြယ်ပွင့်တွေနဲ့ပတ်သက်တဲ့ ထူးထူးခြားခြားသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်တင်ဆက်ပေးလိုက်ရပါတယ်။***

## အော်စကာဆုပေးပွဲကရွေးချယ်လိုက်တဲ့ အကောင်းဆုံးသရုပ်ဆောင်များ



ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးမှာ အမြင့်ဆုံးသော သရုပ်ဆောင်ဆုတွေကိုဆွတ်ခူးသွားနိုင်ခဲ့တဲ့ နာမည်ကျော် သရုပ်ဆောင်တွေကတော့ ကေဇီအက်ဖ်လက်ခ်၊ အမ်မာစတုန်း၊ မဟာရှာလာအလီနဲ့ ဗီအိုလာဒေးဗစ်တို့ပဲ ဖြစ်ကြပါတယ်။

မင်းသားကေဇီအက်ဖ်လက်ခ်ကတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် "Manchester by the sea" အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၄၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကေဇီအက်ဖ်လက်ခ်အတွက်လည်း ယခုနှစ်မှာရရှိခဲ့တဲ့ ထူးချွန်ဆုဟာ သူ့အတွက် ပထမဆုံးသော အော်စကာထူးချွန်ဆုလည်း ဖြစ်ခဲ့ပါတယ်။

"Spider-man" ရုပ်ရှင်တွေမှာ ဇာတ်ဆောင် မင်းသမီးတစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်ရဲ့အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့တဲ့ မင်းသမီး အမ်မာစတုန်းဟာတော့ အသက် (၂၈)နှစ်အရွယ်မှာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးသောအော်စကာဆုကို ယခုနှစ်မှာ သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အမ်မာစတုန်းဟာ သူနဲ့ မင်းသား ရိုင်ယန်ဂေါ့စ်လင်းတို့ တွဲဖက်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် "La La Land"နဲ့ ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ အကောင်းဆုံးရုပ်ရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ "MoonLight" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား ဟာရှာလာအလီကတော့ ယခုနှစ်ရဲ့ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ဆွတ်ခူးခဲ့ပြီး အလီဟာ အော်စကာသမိုင်းတစ်လျှောက် အဆိုပါဆုကို ပထမဦးဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ မွတ်စလင်ဘာသာဝင် သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ကာ ယင်းထူးချွန်ဆုဟာ အလီအတွက် ပထမဆုံး ရရှိခဲ့တဲ့ အော်စကာဆုလည်း ဖြစ်ပါတယ်။ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကိုတော့ "Fences" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ဗီအိုလာဒေးဗစ်က သိမ်းပိုက်သွားနိုင်ခဲ့ကြောင်း သိရပါတယ်။ အမေရိကန်လူမျိုးသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ (၅၁)နှစ်အရွယ် ဒေးဗစ်အတွက်လည်း ယခုနှစ်ရဲ့ အော်စကာထူးချွန်ဆုဟာသူ့အတွက် ပထမဆုံးဖြစ်ခဲ့ပါတယ်။

ဒါ့ကြောင့် ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲမှာ ချီးမြှင့်ခဲ့တဲ့ အမြင့်ဆုံးသော သရုပ်ဆောင်ဆုတွေကို ဆွတ်ခူးရရှိခဲ့တဲ့ အနုပညာရှင် လေးဦးစလုံးဟာ သူတို့ဘဝရဲ့ ပထမဆုံးသော အော်စကာဆုတွေကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ကြကြောင်းလည်း တွေ့ရပါတယ်။

## စတိဗ်ဟာဗေး နောက်ကိုလိုက်ခဲ့တဲ့ အော်စကာအလွဲ

ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးမှာလည်း ထူးချွန်ဆုရရှိတဲ့စာရင်းကိုကြေညာရာမှာ မှားယွင်းကြေညာခဲ့မိတာကြောင့် ယခုလိုအထင်ကရဆုပေးပွဲကြီးမှာ ဆုရှင်ကို မှားယွင်းကြေညာခဲ့ခြင်းဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ရဲ့ မယ်စကြဝဠာဆုပေးပွဲကြီးမှာ မယ်စကြဝဠာကို မှားယွင်းကြေညာခဲ့မိတဲ့ အဖြစ်မျိုး လူပြောစရာအမှားတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အော်စကာဆုပေးပွဲကြီးမှာ ဆုရသူကိုမှားယွင်းကြေညာခဲ့တဲ့ ဝါရန်ဘီတီအနေနဲ့ မယ်စကြဝဠာကို မှားယွင်းကြေညာခဲ့တဲ့ စတိဗ်ဟာဗေးရဲ့မှားယွင်းမှုနဲ့ ထပ်တူအမှားကို ကျူးလွန်ခဲ့တာဖြစ်ကြောင်းလည်း စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အော်စကာဆုပေးပွဲကြီးရဲ့ ထူးချွန်ဆုတွေကိုကြေညာခဲ့ရင်း အကောင်းဆုံးဓာတ်ပုံဆုရတဲ့ ရုပ်ရှင်ကို ထုတ်ပြန်ကြေညာပေးခဲ့ရာမှာတော့ အဆိုပါထူးချွန်ဆုကိုကြေညာပေးခဲ့သူ ဝါရန်ဘီတီက "La La Land" ရုပ်ရှင်က အဆိုပါထူးချွန်ဆုကို ဆွတ်ခူးသွားခဲ့ကြောင်း မှားယွင်းကြေညာခဲ့တာဖြစ်ပါတယ်။ ယင်းထူးချွန်ဆုကို အမှန်တကယ်သိမ်းပိုက်သွားနိုင်ခဲ့တဲ့ ရုပ်ရှင်ကတော့ "Moonlight" ဖြစ်တာကြောင့် ပြန်လည်ပြင်ဆင်ကြေညာပေးခဲ့ရတာ ဖြစ်ပါတယ်။

အဆိုပါမှားယွင်းမှုကို စတိဗ်ဟာဗေးက နောက်နေ့ နံနက်ပိုင်းမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကို သယ်ဆောင်လာခဲ့ပါတယ်။ စတိဗ်ဟာဗေးက "အားလုံးပဲ မင်္ဂလာနံနက်ခင်းလေးပါ။ မနေ့ညမှာတော့ ကျွန်တော်စောစောအိပ်ပျော်သွားခဲ့ပါတယ်။ ဒီလိုဆိုတော့ ကျွန်တော်ဘာကိုလွဲသွားပါလိမ့်"လို့ စနောက်ရေးသားထားတဲ့ စာသားတွေကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

## ယခုနှစ်ရဲ့ အလှဆုံးသော အော်စကာဝတ်စုံများ



အိုလီဗာကာပို

ပရီယန်ကာချော်ပရာ

အမ်မာစတုန်း

ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးရဲ့ ကော်ဇောနီပေါ်ကို လျှောက်လှမ်းခဲ့ကြစဉ် ဝတ်ဆင်လာခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ဝတ်စုံတွေအနက် ထူးခြားလှပတဲ့ ဝတ်စုံတွေကိုရွေးချယ်ကာ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ၂၀၁၇ ခုနှစ် အော်စကာဆုပေးပွဲကြီးရဲ့ အလှဆုံးသောဝတ်စုံတွေအဖြစ် စုစည်းဖော်ပြခဲ့ပါတယ်။

အဆိုပါမီဒီယာက အော်စကာဆုပေးပွဲဟာ ဟောလိဝုဒ်ရဲ့ အကောင်းဆုံးသော ဖက်ရှင်လက်ရာတွေရဲ့ စုဝေးရာ အခမ်းအနားတစ်ခုဖြစ်ပြီး ယခုနှစ်ဆုပေးပွဲကြီးမှာလည်း ကြယ်ပွင့်တွေရဲ့ လှပတဲ့ဝတ်စုံတွေအနက်က အလှဆုံးဝတ်စုံ ၁၀ စုံကို ရွေးချယ်ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

အလှဆုံးသောဝတ်စုံတွေရဲ့ နံပါတ်တစ်နေရာမှာတော့ မင်းသမီး အမ်မာစတုန်းဝတ်ဆင်ခဲ့တဲ့ ရွှေရောင်နဲ့ ရွှေအိုရောင်တွေပေါင်းစပ်ထားတဲ့ ဝတ်စုံကို ဖော်ပြခဲ့ပါတယ်။ ဒုတိယနေရာမှာတော့ ရှည်နက်ဂါရဲ့ အနီရောင်ဝတ်စုံက နေရာယူထားပြီး တတိယနေရာမှာတော့ ကာလီကလော့စ်ရဲ့ အဖြူရောင်ဂါဝန်ရှည်က ရှိနေတာဖြစ်ပြီး စတုတ္ထနေရာကိုတော့ ခရစ်စတန်ဒန်းစက်ထ်ရဲ့ အနက် ရောင်ဖျော့ဖျော့ဂါဝန်က ရယူထားခဲ့ပါတယ်။ အလှဆုံး ဝတ်စုံတွေအနက် နံပါတ် ၅ နေရာမှာတော့ ဟေလီစတိန်းဖီးလ် ဝတ်ဆင်လာခဲ့တဲ့ ပန်းပွင့်တွေပါဝင်တဲ့ အဖြူရောင်ဇာဂါဝန်ရှည်ကြီး က ရှိနေတာဖြစ်ပါတယ်။ ဒါ့အပြင် အခြားဟောနာမည်ကျော် တွေဖြစ်ကြတဲ့ ဂျက်ဆီကာဘိုင်ယယ်လ်၊ ပရီယန်ကာ ချော်ပရာ၊ ဘရီလာစန်၊ အိုလီဗာကာပိုနဲ့ ဗီအိုလာဒေးဗစ်တို့ရဲ့ ဝတ်စုံတွေလည်း အသီးသီး ပါဝင်နေတာဖြစ်ကြောင်း သိရပါတယ်။

ဗီအိုလာဒေးဗစ်

cpfbu[moaESovbM0efwlwpD,fvftvJwufl t&ydvuPmrjriftwLao;whq;aE;rhwaumif ruf{Dwufvwf&SdcmEie&ydZpfwbmpDwtoif ajymwhtwf[zpfvmyvJvrvm;armif[Jwh azmfjza&;qefyDtenfi,fkJcm;rl&Obowifawuf ,ckufbwjzwftwufxwfEkwfwifqufy;vJfyw,f

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

## ဘာစီလိုနာကို ရင်ပူစေခဲ့တဲ့ မက်ဆီရဲ့ စာချုပ်သစ်ကိစ္စ

မက်ဆီရဲ့ ဖခင်လည်းဖြစ်၊ မက်ဆီရဲ့ အေးဂျင့်လည်းဖြစ်တဲ့ ဂျော့ဂျ်မက်ဆီဟာ စပိန်နိုင်ငံကနေ ပြန်လည်ထွက်ခွာသွားပြီဖြစ်တာကြောင့် ဒါဟာ ဘာစီလိုနာအသင်းအတွက် ရင်ပူစရာ အခြေအနေဖြစ်တယ်လို့ စပိန်ကလာတဲ့ သတင်းရင်းမြစ်တွေကဖော်ပြပါတယ်။ မက်ဆီနဲ့ ဘာစီလိုနာတို့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်ဟာ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်မှာ ကုန်ဆုံးမှာဖြစ်တာကြောင့် စာချုပ်သက်တမ်းတိုးရေးကိစ္စရပ်ကို ဘာစီလိုနာဘက်က အလျင်အမြန်ဆောင်ရွက်ချင်နေတာဖြစ်ပါတယ်။ ဂျော့ဂျ်ဟာပီအက်စ်ဂျီအသင်းကို လေးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တဲ့ ပွဲစဉ်မတိုင်မီကတည်းက စာချုပ်သစ်ကိစ္စဆွေးနွေးဖို့ စပိန်နိုင်ငံကို ရောက်ရှိနေတာဖြစ်ပေမယ့် ဆွေးနွေးမှုကနေ ဘာတိုးတက်မှုမှ မရရှိခဲ့ဘဲ ဂျော့ဂျ်တောင် စပိန်ကနေပြန်သွားပြီဖြစ်ပါတယ်။ ဘာစီလိုနာ ဘုတ်အဖွဲ့ဝင်တွေကလည်း ဒီလိုဆွေးနွေးမှုတွေဟာ မျှော်မှန်းထားတဲ့ အချိန်ထက် ပိုပြီးကြာမြင့်နေမှာကို စိုးရိမ်နေကြသလို မက်ဆီ ကို စာချုပ်သက်တမ်းမတိုးနိုင်ရင် မက်ဆီရဲ့ လစာထက် ပိုမိုကုန်ကျရမှုတွေရှိလာလိမ့်မယ်ဆိုတဲ့ သတိပေးမှုတွေလည်း ကြုံနေရပါတယ်။ လာမယ့်ခြောက်လလောက်အတွင်းစာချုပ်သက်တမ်းမတိုးနိုင်ရင် မက်ဆီကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပေးရမယ့်အခြေအနေ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ မက်ဆီဟာ ဘာစီလိုနာမှာပဲ ဆက်ရှိနေချင်တယ်ဆိုတာ သံသယရှိစရာမလိုပေမယ့် အခုလို စာချုပ်သစ်ကိစ္စ ဆွေးနွေးမှုမအောင်မမြင်ဖြစ်ပြီး နောက်မှာ မက်ဆီကို ခေါ်ယူချင်နေတဲ့ ပီအက်စ်ဂျီ၊ မန်ယူ၊ မန်စီးတီးတို့ လက်ခမောင်းခတ်နေလောက်ပြီလို့ ယူဆချက်တွေလည်း ထွက်လာပါပြီ။

## ပြင်သစ်တော်လှန်ရေးလုပ်နေတဲ့ ဆမ်အလာဒိုက်စ်

ခရစ္စတယ်ပဲလေ့စ်နည်းပြ ဆမ်အလာဒိုက်စ်နဲ့ ပြင်သစ်ကစားသမားများကြား မပြေမလည်ဖြစ်မှုတွေရှိနေပြီး မစ်ဒယ်ဘရော့အသင်းနဲ့ပွဲမတိုင်မီ အလာဒိုက်စ်က သူ့ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ အတွေ့အကြုံကိုမီတဲ့သူ ဘယ်သူမှ အသင်းမှာ ရှိမနေဘူးဆိုတဲ့စကားနဲ့ ပြင်သစ်သားတွေကို နှိပ်ကွက်လိုက်ပါတယ်။ ပဲလေ့စ်ဟာ ပြီးခဲ့တဲ့ နွေဈေးကွက်မှာလည်း ငွေသုံးကြမ်းခဲ့ပေမယ့် တကယ်တမ်းကျတော့မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဆိုသလိုဖြစ်ခဲ့ပြီး တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ အနေအထားကို ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် ပါဂျူးနေရာ အလာဒိုက်စ်နဲ့ အစားထိုးပြီး တန်းဆင်းဇုန်ကလွတ်အောင် အားကုန်ရုန်းနေပေမယ့် ရလဒ်ပိုင်း သိသိသာသာတက်မလာခဲ့ပါဘူး။ ဒါပေမယ့် ပဲလေ့စ်ဟာ မစ်ဒယ်ဘရော့အသင်းကို တစ်ဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်နဲ့ အနိုင်ကစားနိုင်ခြင်းနဲ့အတူ တန်းဆင်းဇုန်ကနေ ယာယီ ရုန်းထွက်လာနိုင်ခဲ့ပါတယ်။

ပဲလေ့စ်မှာ ပြင်သစ်ကစားသမားတွေ အများစုရှိနေပြီး ကာဘာယီ၊ ဖလာမီနီတို့လို ပီအက်စ်ဂျီ၊ အာဆင်နယ်တို့မှာ ကစားဖူးတဲ့ ကစားသမားတွေရှိနေသလို ချယ်လ်ဆီးအသင်းကနေ အငှားနဲ့ လာရောက်ကစားနေတဲ့ လိုရစ်ရီမီ၊ မာဆေးလ်က ပြောင်းလာတဲ့ ဂိုးသမားမန်ဒန် ဒါ၊ လီဗာပူးကနေပြောင်းရွှေ့လာတဲ့ ဆာခိုတို့ရှိနေပါတယ်။ ဒါပေမယ့် ဒီလိုနာမည်ရှိ ကစားသမားတွေက အကျိုးပြုမှု နည်းပါးတာကြောင့် အလာဒိုက်စ်က စတုတ်နဲ့ပွဲစဉ်မှာကတည်းက ရီမီ၊ဖလာမီနီနဲ့ ကာဘာယီတို့ကို အရန်ခုံပေါ် ပို့ပစ်လိုက်ပါတယ်။ မန်ဒန်ဒါကိုတော့ ဒဏ်ရာပြဿနာကြောင့် အသုံးမပြုတာဖြစ်ပါတယ်။

မစ်ဒယ်ဘရောနဲ့ပွဲစဉ်မှာ ပြင်သစ်ကစားသမားတွေထဲက ဆာခိုနဲ့ ကာဘာယီတို့နှစ်ဦးကိုသာ ပွဲထွက်ကစားသမားအဖြစ်အသုံးပြုသွားပြီး ဆမ်အလာဒိုက်လက်ထက် ပထမဆုံး အိမ်ကွင်းနိုင်ပွဲကိုပါ ရယူသွားပါတယ်။ ဆမ်ကတော့ အသင်းအတွက်အရေးကြီးတဲ့အချိန်မှာ နည်းစနစ်အတိုင်း အံ့ဝင်အောင်ကစားပေးမယ့် အမှန်တကယ်အကျိုးပြုမယ့် သူကိုသာ ပွဲထွက်ကစားခွင့်ပေးမယ်လို့ သတိပေးစကားဆိုခဲ့ပေမယ့် အင်္ဂလန်မီဒီယာတွေကတော့ ဆမ်အလာဒိုက်စ်တစ်ယောက် တန်းဆင်းဇုန်တိုက်ပွဲနဲ့အတူ ပြင်သစ်တော်လှန်ရေးတိုက်ပွဲကိုပါ တစ်ပြိုင်နက်တည်း ဆင်နွှဲနေတာဖြစ်မယ်လို့သရော်ရေးသားနေကြပါတယ်။




## သတိထားလို့ဆိုလိုက်တဲ့ စီရိုနယ်လ်ဒို

စီရိုနယ်လ်ဒိုကြောင့် မကြာခင်ကမှ အများရဲ့ အာရုံစူးစိုက်မှုရရှိလာခဲ့တဲ့ ဂျော်ဂျီနာ ရိုဒရီဂွက်ဇ်ဟာ အမျိုးသားမိတ်ဆွေတစ်ဦးနဲ့ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက်တင်ခဲ့ပါတယ်။ အင်စတာဂရမ်မှာ ဓာတ်ပုံတင်တာဟာ ဆန်းကျယ်တဲ့ ကိစ္စတစ်ရပ်မဟုတ်ပေမယ့် ဒီပုံရဲ့ အောက်မှာ စီရိုနယ်လ်ဒိုရေးသားခဲ့တဲ့ မှတ်ချက် (Comment ) ကြောင့် ယခုရက်သတ္တပတ်ရဲ့ လူစိတ်ဝင်စားမှု အများဆုံးအကြောင်းအရာအဖြစ် ရောက်ရှိသွားခဲ့ပါတယ်။ ရိုဒရီဂွက်ဇ်ဟာ ကယ်လာဒို့ဇ်လို့ အမည်ရတဲ့ ယောက်ျားလေးမိတ်ဆွေနဲ့ ဓာတ်ပုံကို အင်စတာဂရမ်တင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုက သူ့ရဲ့ ချစ်သူ အားလပ်ချိန်မှာ အခြားအမျိုးသားတစ်ဦးနဲ့ အတူရှိနေတာကို မပျော်မရွှင်ဖြစ်နေပြီး စပိန်ဘာသာစကားနဲ့ သတိထားလို့ အဓိပ္ပာယ်ရတဲ့မှတ်ချက်ကို ဝင်ရောက်ရေးသားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစာသားအပြင် ရယ်မောနေတဲ့ အီမိုဂျီ အရုပ်လေးတွေကိုပါ ထည့်သွင်းရေးသားခဲ့တာကြောင့် သဝန်တိုတာကို ဟာသပုံစံလုပ်ပြစ်ပြီး တစ်ဖက်လှည့်နဲ့ သတိပေးခဲ့တာလို့ ဆိုသူတွေကလည်း ဆိုကြလေရဲ့။ ဂျော်ဂျီနာဟာ စပိန်နိုင်ငံမြို့တော် မက်ဒရစ်ရဲ့ ဂူချီ ( Gucci) စတိုးဆိုင်မှာ အလုပ်လုပ်နေသူဖြစ်ပြီး Dolce & Gabbana အလှကုန်ကောင်တာရဲ့ အထူးဖော်ကသည်များ ဝယ်ယူရာနေရာမှာ အသက် ၃၂ နှစ်အရွယ် စီရိုနယ်လ်ဒိုက ဂျော်ဂျီနာရဲ့အလှအပကို သတိပြုမိခဲ့တာပါ။ အဲဒီနောက် စီရိုနယ်ဒိုနဲ့ ဂျော်ဂျီနာတို့ မကြာခဏ ချိန်းဆိုတွေ့ဆုံခဲ့ကြပြီး စီရိုနယ်လ်ဒိုက ဂျော်ဂျီနာကို ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု အခမ်းအနားလို အရေးကြီးပွဲစဉ်တွေမှာတောင် ပွဲထုတ်မှုပြုခဲ့ပါတယ်။

## ကျွန်တော် ပြောခဲ့သားပဲလို့ မော်ရင်ဟိုဆိုလေမလား

မန်ယူနည်းပြ မော်ရင်ဟိုက ယူရိုပါလိဂ် မဲခွဲဆုံးဖြတ်မှု ထွက်ပေါ်မလာခင် အက်ဖ်အေဖလားပြိုင်ပွဲ ပွဲစဉ်အချိန်ဇယားရေးဆွဲခဲ့တဲ့အတွက် သူ့အနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ဝေဖန်စကားဆိုပါတယ်။ မော်ရင်ဟိုက ယူရိုပါလိဂ် ယှဉ်ပြိုင်စရာရှိတဲ့ ရက်သတ္တပတ်မှာပဲ ချယ်လ်ဆီးနဲ့ကစားမယ့် အက်ဖ်အေဖလားပွဲစဉ်ကို တနင်္လာနေ့မှာ ယှဉ်ပြိုင်ရမယ်လို့ ရေးဆွဲထားခဲ့တာဟာ လက်မခံနိုင်စရာဘဲလို့ ဆိုခဲ့ပါတယ်။ မော်ရင်ဟိုက“ ကြာသပတေးနေ့မှာ ဥရောပအသင်းတစ်ခုကို အဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ပြီး တနင်္လာနေ့မှာ ချယ်လ်ဆီးလို အသင်းမျိုးကို ရင်ဆိုင်ရဦးမယ်။ တကယ်လို့ မဲခွဲရွေးချယ်မှုအရ ရုရှား၊ တူရကီနဲ့ ဂရိကလပ်အသင်းတွေနဲ့သာ ကျရောက်ရင် ဒါဟာ အတော်လေး မမျှမတဖြစ်တဲ့ ကိစ္စရပ် ဖြစ်လာပါလိမ့်မယ်’ လို့ ဆိုလိုက်ပါတယ်။ အဲဒီနောက် မဲခွဲဆုံးဖြတ်မှုအရ ရုရှားကလပ်ရော့စ်ဗ်တော့အသင်းနဲ့ တွေ့ဆုံနေရလို့ မန်ယူအနေနဲ့ ခရီးမိုင်၄၂၉၉ကို နှင်ရဖို့ရှိနေပါတယ်။

မတ်လဟာ မန်ယူအသင်းအတွက် ပွဲဆက်များနေတဲ့ ကာလဖြစ်နေပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်တွေကို မတ် ၉ရက်နဲ့ ၁၆ရက်တွေမှာ ကစားရမှာဖြစ်သလို ကြားရက် မတ်၁၃ ရက်မှာ ချယ်လ်ဆီးအသင်းကို အဝေးကွင်းမှာ သွားရောက်ရင်ဆိုင်ရမှာဖြစ်တာကြောင့် မန်ယူအသင်းအတွက် အတော်လေး အကြပ်ရိုက်မယ့်အချိန်ဆိုလည်း မမှားပါဘူး။ ဒါကြောင့် မော်ရင်ဟိုက ရုပ်သံကြည့်ရှုသူတွေ အဆင်ပြေမယ့်အချိန်တွေကို ဦးစားပေးနေတဲ့ ပွဲစဉ်ဇယားရေးဆွဲသူတွေကို အပြစ်တင်ခဲ့တာဖြစ်ပါတယ်။ မော်ရင်ဟိုကတော့ ဥရောပအရှေ့ပိုင်းနဲ့ အနောက်ပိုင်း နိုင်ငံတွေကြား ခရီးမိုင်ကွာဟမှုကို မတွက်ဆဘဲ ပြည်တွင်းပွဲစဉ်တွေကို လျင်လျင်မြန်မြန်ရေးဆွဲ နေတဲ့ ကိစ္စရပ်တွေကြောင့် “ကဲ ကျွန်တော်ပြောခဲ့သားပဲ” လို့ အပြစ်ဆိုလေမလား။

## နောက်ကျောကို ဓားနဲ့ထိုးခံလိုက်ရလေတဲ့ ရာနီရေရီ

လက်စတာအသင်းကို ချန်ပီယံဖလားဆွတ်ခူးပေးခဲ့တဲ့ ရာနီရေရီ ထုတ်ပယ်မခံရမီ နာရီပိုင်းအတွင်းက လက်စတာ စီနီယာကစားသမားတွေဖြစ်တဲ့ ကပ်စ်ပါရှမိုက်ကယ်၊ ဂျေမီဗာဒီ၊ ဝက်စ်မော်ဂန်၊ မာ့ခ်အယ်ဘရိုက်တန်တို့ လေးဦးဟာ လက်စတာ အသင်းဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းဘီလျံနာသူဌေး ဆရီဗက်ဟာနာပရာဟာ ကိုသွားရောက်တွေ့ဆုံခဲ့ကြတယ်လို့ သိရပါတယ်။ လက်စတာရဲ့ နာမည်ကြီးကစားသမားတွေဟာ ရာနီရေရီရဲ့ နည်းစနစ်ပိုင်း နေ့ကွေးလွန်းတဲ့ တုံ့ပြန်သုံးသပ်ချက်တွေကို အားမလိုအားမရဖြစ်ခဲ့တဲ့အတွက် နည်းပြပိုင်းအပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်ပေးဖို့ အသင်းပိုင်ရှင်ဆီကို လေးကြိမ်တိုင်လာရောက်တောင်းဆိုခဲ့တာပါ။ အင်္ဂလန်ဂန္ထဝင် ကစားသမားဟောင်း အလန်ရှီးယားကတော့ လက်စတာကစားသမားတွေဟာ ကိုယ့်ကို ကမ္ဘာ့ဘောလုံး ဇာတ်ခုံပေါ် ရောက်အောင်ဆွဲတင်ပေးခဲ့တဲ့ ကျေးဇူးရှင်ကို ပြန်ဒုက္ခပေးခဲ့ကြတာကြောင့် ခွေးလောက်တောင် သစ္စာမရှိခဲ့ဘူးလို့ ပြင်းပြင်းထန်ထန် ဝေဖန်သွားပါတယ်။

ဒါ့အပြင် လက်စတာကစားသမားအများစုဟာ ရာနီရေရီ ထုတ်ပယ်ခံရပြီး သူတို့အသုံးပြုနေကျ လူမှုကွန်ရက်တွေက ရုတ်တရက် ပျောက်သွားခဲ့ကြတဲ့အတွက်လည်း ဒီလိုသတင်းတွေ ပိုပြီးကျယ်လောင်အားကောင်းလာစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နောက်၂၄နာရီ လောက်အကြာ ရှမိုက်ကယ်၊ မာရက်ဇ်နဲ့ အခြားကစားသမားတွေအတော်များများက ရာနီရေရီကို ဂုဏ်ပြုကြောင်းနဲ့ အမှတ်ရစရာ ဖြစ်ရပ်များကို အသီးသီး ရေးသားကြပေမယ့် ဗာဒီကတော့ ဘာတစ်ခုမှ ရေးသားတာမျိုးမလုပ်ဆောင်ခဲ့တဲ့အတွက် ဗာဒီနဲ့ ရာနီရေရီကြားက ဆက်ဆံရေးအပေါ် မီဒီယာတွေက အာရုံစိုက်လာပါတယ်။ ဗာဒီက သူဟာ စိတ်နောက်ကိုယ်ပါ စကားလုံး( ဒါမှမဟုတ်) အကြောင်းအရာတွေ ရေးသားမိတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်မိပြီး ခဏခဏ ဖျက်ပစ်ရတာမျိုးရှိတာကြောင့် နည်းပြရာနီရေရီအတွက်အကောင်းဆုံးစကားလုံးနဲ့ ဘယ်လိုနှုတ်ဆက်ရမလဲ စဉ်းစားရင်း ကြန့်ကြာသွားခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဗာဒီတို့လူစုနဲ့ အသင်းပိုင်ရှင်တို့ တွေ့ဆုံပြီး နာရီပိုင်းအကြာမှာပဲ ရာနီရေရီ ထုတ်ပယ်ခံလိုက်ရတာကို ကြည့်ပြီး အဖြေထုတ်လိုက်ရင် “ ရှင်ဘုရင် ဘယ်ကထွက် မင်းကြီးတာကထွက် ” ဆိုသလို ရာနီရေရီအပေါ် လက်စတာ ကစားသမားတွေ သစ္စာပျက်ခဲ့ကြတယ်ဆိုတာ ထင်ထင်ရှားရှား သိနိုင်မှာဖြစ်ပါတယ်။

ဧ မေလွဲ့သင်း စုစည်းတင်ဆက်သည်။

## သန့်ရှင်းသောသောက်သုံးရေရှိရေး စက်ရေတွင်းတူးဖော်

**ပေါက် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ထူးကြီးကျေးရွာသည် မြေအောက်ရေနှင့်အလွန်ဝေးကွာပြီး ဆည်မြောင်း၊ မြစ်ချောင်း၊ အင်းအိုင်များနှင့် အလှမ်းဝေးကာ နွေရာသီသောက်သုံးရေအခက်အခဲများ နှစ်စဉ်ကြုံတွေ့ရသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွန့်ပြုရန်ပုံငွေ ၂၃ ဒသမ ၅ သန်းဖြင့် လေးလက်မစက်ရေတွင်းအနက်ပေ ၇၀၀ ကို တူးဖော်ပေးလျက်ရှိရာ ထူးကြီးကျေးရွာ ဒေသခံပြည်သူများနှင့် ၎င်းတို့မွေးမြူထားသော ကျွဲ၊ နွား တိရစ္ဆာန်များ လာမည့်နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းအနက်ကို Well-Done Engineering ကုမ္ပဏီက တာဝန်ယူတူးဖော်ပေးနေပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီရေးတို့ကို ပေါက်မြို့နယ် ကျေးလက်ဒေသဦးစီးအရာရှိ ဦးဝင်းဇော်ဦးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၃ ရက်က စစ်ဆေးကာ လိုအပ်ချက်များကို မှာကြားခဲ့သည်။

အဆိုပါထူးကြီးကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၂၈ မှ လူဦးရေ ၆၉၉ နှင့် အိမ်မွေးတိရစ္ဆာန်များ သုံးရာသီသန့်ရှင်းသောသောက်သုံးရေအတွက် ပူစရာမလိုတော့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



## ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ဈေးနှုန်းပုံမှန်သာရှိသောကြောင့် အုတ်လုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုနည်းဟုဆို

**သထုံ ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း လုပ်ကိုင်နေသော မြေမီးဖုတ်အုတ်လုပ်ငန်းများ ယခုနှစ်တွင် ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ဈေးနှုန်းနှင့် ရောင်းအားပုံမှန်သာရှိသောကြောင့် အကျိုးဖြစ်ထွန်းမှုနည်းပါးနေကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။



"တစ်နိုင်တစ်ပိုင်လုပ်ကြတဲ့ ဖိုပိုင်ရှင်တွေအားလုံး လိုလိုက အရင်းအနှီးနည်းတော့ ငွေကိုကြိုယူပြီးလုပ်ကြတာများတယ်။ အုတ်ပေါ်ပြီဆိုတာနဲ့ လှောင်မထားနိုင်ဘဲ အလုပ်သမားခရှင်းဖို့နဲ့ ကြိုယူထားသူတွေကို အုတ်ပေးဖို့အတွက် ဈေးနည်းလည်းရောင်းရတော့တာပဲ။ အလုပ်သမားခကတော့ မနှစ်ကလောက်ပါပဲ။ ဒီနှစ်မှာ အုတ်ဖုတ်ဖို့အတွက် လိုအပ်တဲ့ လောင်စာထင်းတွေက ရှာရခက်တော့ ဈေးမြင့်လာတယ်။ နယ်ဝေးက အမှာတွေကလည်း သိပ်မလာတော့ အများကြီးဝယ်တာ မျိုးနည်းသွားတယ်။ ဒီကြားထဲ မိုးကရွာလို့ အုတ်တွေပျက်စီးကုန်တာဆိုတော့ အုတ်ဖိုတိုင်းလိုလိုက အလုပ်သမားနေ့စားခလောက်ပဲရပြီး ဖိုပိုင်ရှင်တွေအတွက်ကတော့ သိပ်ပြီး မကိုက်ကြဘူး" ဟု သထုံမြို့နယ် ကော့သန်ကွင်းတွင် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်နေသူ ဦးစံခိုင်က ပြောသည်။

ယခုနှစ် အုတ်ရာသီအစပိုင်း၌ တစ်လုံးလျှင် လုပ်ငန်းခွင်အတွင်း ၄၅ ကျပ်နှုန်းဖြင့် ဈေးဖွင့်ရောင်းချခဲ့သော်လည်း လက်ရှိအချိန်တွင် ၄၂ ကျပ်ဝန်းကျင်ခန့်သာ ဈေးပေါက်နေပြီး အိမ်အရောက်ပို့ပေးရပါက ကားခကြောင့် နေရာအကွာအဝေးပေါ်မူတည်၍ အုတ်ဈေးနှုန်း အပြောင်းအလဲရှိကြောင်း ၎င်းကဆိုသည်။

"ဒီအုတ်ဖိုတွေရှိတော့ လယ်ပြီးတဲ့ကာလမှာ ဝမ်းရေးအတွက်အဆင်ပြေတာပေါ့။ တခြားအလုပ်အကိုင်တွေကလည်းရှားတယ်။ လယ်ပြီးတာနဲ့ အုတ်ဖိုလုပ်၊ အုတ်ဖိုပြီးတာနဲ့ လယ်ပြန်ဝင်။ ဒီလိုပဲမိသားစုစားဝတ်နေရေးလေး အဆင်ပြေရုံလုပ်နေရတာပါ။ အုတ်ဖိုတစ်ဖိုမှာ လူအယောက် ၃၀ လောက် အလုပ်လုပ်တယ်။ နေပူကြီးထဲမှာ တစ်နေကုန်အလုပ်လုပ်မှ တစ်နေ့ ၄၀၀၀ လောက်ပဲရပေမယ့် မိသားစုတွေက ဒါကိုပဲ အားကိုးနေရတာပါ" ဟု အုတ်ဖိုတွင် အလုပ်လုပ်ကိုင်သူတစ်ဦးဖြစ်သည့် ဦးဌေးလှိုင်က ပြောသည်။

သထုံမြို့နယ်တွင် တရားဝင်ခွင့်ပြုချက်လိုင်စင်ဖြင့် အုတ်ဖိုပေါင်း ၄၀ ခန့်ရှိပြီး အုတ်ဖုတ်လုပ်ငန်းများကို ဒီဇင်ဘာလမှ မတ်လကုန်အထိ လုပ်ကိုင်ကြကာ အုတ်ဖိုတစ်ခုလျှင် တစ်ရာသီပျမ်းမျှ အုတ်အလုံးရေ ၄ သိန်းခန့် ထုတ်လုပ်နိုင်ကြောင်း မြို့နယ်အုတ်လုပ်ငန်းရှင်များအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

## ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့) ပြုလုပ်

**ပဲခူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက တောင်ငူပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဒုတိယဥက္ကဋ္ဌ ဦးသုဝေက မျိုးဆက်သစ်လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတည်ဆောက်ရန်၊ အရေးကြီးသောငြိမ်းချမ်းရေးကြီးကိုရရှိရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်နိုင်ရန် လူထုပါဝင်သောနည်းဖြင့် ဝိုင်းဝန်းကြိုးပမ်းနိုင်ရန် ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အခြားသောဖွံ့ဖြိုးပြီး နိုင်ငံကြီးများနှင့် နိုင်ငံငယ်များ၏ ဒီမိုကရေစီနည်းလမ်းများကို နှိုင်းယှဉ်ကာ မိမိတို့နိုင်ငံတွင်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တောင်ငူ၊ ပဲခူး၊ ပြည်၊ သာယာဝတီခရိုင်တို့မှ ကိုယ်စားလှယ်များ၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်နှင့် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင်တို့က မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသော ကိုယ်စားလှယ်များက အခန်းများခွဲ၍ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအား ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ တောင်ငူမြို့တွင် ပြုလုပ်ပြီး ပထမနေ့၌ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ စာတမ်းအားလည်းကောင်း၊ ဒုတိယနေ့တွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းအားလည်းကောင်း ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ထိုင်း–မြန်မာနှစ်နိုင်ငံအကောက်ခွန်ဆိုင်ရာလုပ်ငန်းဆွေးနွေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့၌ ထိုင်း-မြန်မာနှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာလုပ်ငန်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲခန့်က မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က မိတ်ဆက်အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာနများမှ မိတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ထိုင်းနိုင်ငံမှ ကုန်သည်ကြီးများ၏ ကုန်သွယ်ခွန်နှင့်ပတ်သက်သည့် မေးမြန်းချက်များကို ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်အသင်းဥက္ကဋ္ဌ ဝပ်ချလနှင့် လွိုင်ကော်မြို့နယ် အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးကျော်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မယ်ဟောင်ဆောင်ရဲမှူး ခတ်တနာဆတ်နှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၆၆ ဦး တက်ရောက်ခဲ့သည်။ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် မယ်ဟောင်ဆောင်မြို့တွင်ပြုလုပ်မည့် ငါးခရိုင် (ချင်းမိုင်၊ ချင်းရိုင်၊ လန်းဖွန်း၊ လန်းပန်း၊ မယ်ဟောင်ဆောင်) ဈေးရောင်းပွဲတော်သို့ ကယားပြည်နယ် ကုန်သည်ကြီးများအသင်းမှ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လယ်မြေကေ ၅ သောင်းကျော် ရေနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်မည့် ရောဝတီအရှေ့ဘက်ကမ်းတာ ပြုပြင်



**ပဲခူး ဖေဖော်ဝါရီ ၂၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အတွင်းတည်ရှိသည့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာသည် အလျား ၂၇ မိုင် ၆ ဖာလုံရှည်လျားပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် မြစ်ရေစံချိန်တင်မြင့်တက်မှုကြောင့် တာပေါင်ပေါ် ရေကျော်ခြင်း၊ တာအိတာလျှောဖြစ်ခြင်းနှင့် ထူးပေါက်များဖြစ်ပေါ်ခဲ့ရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့်အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဟန်းသံဃာတော်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းကာရံခဲ့ရခြင်းဖြစ်သည်။

အဆိုပါတာအား ရေရှည်ကြံ့ခိုင်မှု ပိုမိုတောင့်တင်းစေရန်နှင့် ယမန်နှစ် စံချိန်တင်မြစ်ရေအမှတ်အထက် တာပေါင်ငါးပေ မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ၂၀၁၇ ဇန်နဝါရီလအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ် မတ်လအတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာအား ပြန်လည်ပြုပြင်ခြင်းဖြင့် မိုးညိုမြို့နယ်တွင်းရှိ လယ်ယာမြေဧကပေါင်းထောင်ကျော်နှင့် လက်ပံတန်းမြို့နယ်တွင်းရှိ လယ်ယာမြေဧက လေးသောင်းကျော် စုစုပေါင်းလယ်ယာမြေဧက ငါးသောင်းကျော် ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်မည့်အပြင် ဒေသခံပြည်သူများ၊ အဆောက်အအုံများ၊ ကျွဲနွားတိရစ္ဆာန်များ ရေဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## မြေအစိုဓာတ်ဖြင့် စိုက်ပျိုးသော ကုလားပဲခင်းများဖြစ်ထွန်း

**တပ်ကုန်း ဖေဖော်ဝါရီ ၂၈**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရိုးတစ်လျှောက် မြေနု ယာမြေများတွင် မြေအစိုဓာတ်ဖြင့်စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အပင်ပေါက်ကောင်းရရှိပြီး အသီးများအောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ကုလားပဲသီးနှံဈေးနှုန်းမှာလည်း ဈေးကောင်းပေး ဝယ်ယူနေသောကြောင့် ကုလားပဲသီးနှံစိုက်ပျိုးတောင်သူများ စီးပွားရေးတွက်ချေကိုက်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ဒေသခံတောင်သူတွေဟာ မြေအစိုဓာတ်များ၊ မြေရေအောက်ရေများကို အမှီပြု၍ စိုက်ပျိုးရေးလုပ်ငန်းကို မပြတ်လုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း သက်တမ်းတိုပြီး စီးပွားရေးတွက်ခြေကိုက်တဲ့သီးနှံတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ တစ်နှစ်ကို အနည်းဆုံး သီးနှံသုံးကြိမ်လောက် စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာစိုက်ပျိုးတဲ့ ကုလားပဲသီးနှံစိုက်ခင်းတွေမှန်သမျှ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ အခုဆိုရင် ကုလားပဲသီးနှံစိုက်ခင်းတွေဟာ သီးနှံများ ရင့်မှည့်နေပြီဖြစ်လို့ စတင်ရိတ်သိမ်းရတော့ပါမယ်။ တချို့တောင်သူတွေဆိုရင် ကုလားပဲသီးနှံတွေ သိမ်းဆည်းပြီးရင် နောက်ထပ် ပြောင်းဖူးပြန်စိုက်ပျိုးဖို့အတွက် ပြင်ဆင်ထားကြပါတယ်။ မနှစ်က တစ်တင်းကို ငွေကျပ် ၂၀၀၀၀ ကျော်ရောင်းခဲ့ရတယ်။ ဒီနှစ် ကုလားပဲဈေးနှုန်းက မနှစ်ကထက်ဈေးပိုပါတယ်" ဟု ကင်မွန်တန်းကျေးရွာမှ ကုလားပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ပြည်ထောင်စုလမ်းမကြီးပေါ်မှ ယာဉ်များကို အဖွဲ့စုံဖြင့် ပညာပေးဆောင်ရွက်နေ

**နောင်ချို ဖေဖော်ဝါရီ ၂၈**

နယ်စပ်ကုန်သွယ်ရေးအဓိကလမ်းကြောင်းကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၏ လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းလည်းဖြစ်သော မန္တလေး၊ လားရှိုး မူဆယ်၊ တရုတ်နယ်စပ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နေ့ည ထောင်ဂဏန်းချီ၍မောင်းနှင်သွားလာလျက်ရှိကြသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြံ့ခိုင်မှုပြည့်စုံရေးနှင့် လမ်းပိတ်ဆို့မှုမဖြစ်ပေါ်ရေးတို့အတွက် သက်ဆိုင်ရာများက ပြုပြင်ပညာပေးခဲ့ကြသည်။ ထိုကဲ့သို့လုပ်ငန်းများအနက် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအလွန် မိုင်တိုင်အမှတ် ၅၈/၃ အနီးတွင် ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၌ ပါဝင်သောအဖွဲ့စုံဖြင့် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အတက်အဆင်းယာဉ်များအား မြေပြင်မှတ်တမ်းထားလက်တွေ့ပညာပေးမှုများကို စခန်းချဆောင်ရွက်ခဲ့ကြသည်။

ယင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ "လိုင်စင်စစ်တာ၊ အရေးယူတာ ဖမ်းဆီးတာမဟုတ်ပါဘူး။ ယာဉ်မောင်းတွေနဲ့ ယာဉ်တွေမှာ လိုအပ်ချက်ချို့ယွင်းချက်တွေရှိခဲ့ရင် အကြံပြုကူညီပေးနေတာပါ။ လိုအပ်တဲ့အကြံပြုချက်တွေအပေါ် ယာဉ်မောင်းတွေက စနစ်တကျလိုက်နာဆောင်ရွက်သွားဖို့ပဲလိုပါတယ်။ ယခုကားလမ်းကြောင်းက ယာဉ်ပေါင်းစုံပြီး အရေးပါသလို အမှားအယွင်း အတိမ်းအစောင်းမခံတဲ့ ဂုတ်တွင်းအတက်အဆင်းလမ်းကြီးကလည်း ရှိနေပါတယ်။ ဒါကြောင့် အဖွဲ့စုံနဲ့ ခုလို မြေပြင်မှတ်တမ်းယူပြီး ကြိုတင်ပြုပြင်ပညာပေးမှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်" ဟု အဆိုပါအဖွဲ့စုံမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

**သီပေါကိုလတ်**

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသန်းက ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များ မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် လိုအပ်သည့် အထောက်အကူပစ္စည်းကိရိယာများနှင့် ၎င်းတို့၏ စွမ်းပကားများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို ရုံးဝင်းအတွင်းရှိ မြေကွက်လပ်၌ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း၊ လက်တွေ့ပြသကာ တက်ရောက်လာသည့် ကိုယ်ပွားသတင်းစာတိုက်ဝန်ထမ်းများက ဆီမီးလောင်ခြင်းနှင့် အခြားလောင်စာမီးများ လောင်ကျွမ်းခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့် ငြိမ်းသတ်ကြပြီး အခမ်းနားသို့ ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ ဦးကျော်ထက်နှင့် ဝန်ထမ်း ၁၅ ဦး တက်ရောက်ကာ ပါဝင်လေ့ကျင့်ကြကြောင်း သိရသည်။

**မိုးဃံးကျ(မြစ်ကြီးနား)**

## ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ မီးဘေးအန္တရာယ်ပညာပေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**



ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ သတင်းစာတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မီးသတ်ဦးစီးအရာရှိက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ကူညီဆောင်ရွက်မှုများ၊ မီးလောင်စဉ် မီးငြိမ်းသတ်ဆောင်ရွက်မှုများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြသ၍ အသိပညာပေးပြောကြားသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများကို မီးသတ်ဆေးဘူးများသုံးစွဲကာ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်လေ့ကျင့်မှုများကိုဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ဟောပြောပွဲနှင့် သရုပ်ပြသပွဲသို့ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) စာတည်းမှူးဦးလှရွှေနှင့် အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးရုံးခွဲမှ ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဆင်းမ်ကတ်အသုံးပြု၍ အလိုအလျောက်ဓာတ်အားဖြတ်တောက်ပေးနိုင်သော 33KV Line Sectionalizer အားတပ်ဆင်

**မြစ်သား ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်နယ်စပ်တွင် ဆင်းမ်ကတ်အသုံးပြု၍ အလိုအလျောက်ဓာတ်အားဖြတ်တောက်ပေးနိုင်သော 33 KV Line Sectionalizer အား ဖေဖော်ဝါရီ ၂၆ ရက်က တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ ၁၃၂/၃၃/၁၁ KV အင်းကုန်း ပင်မဓာတ်အားခွဲရုံမှ ၃၃ KV အင်းကုန်း-မြစ်သား-ကူမဲ ဓာတ်အားလိုင်းသည် ကျောက်ဆည်၊ မြစ်သား၊ ကူမဲမြို့များအပြင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်သို့ အဓိကဆက်သွယ်ပေးထားသော ဓာတ်အားလိုင်းဖြစ်ပြီး လိုင်းအလျားပမာဏ ရှည်လျားရာ ယခုကဲ့သို့ ၃၃ KV Line Sectionalizer ကို တပ်ဆင်ခြင်းအားဖြင့် လိုင်းတွင်တစ်စုံတစ်ရာ မှားယွင်းမှုဖြစ်လျှင် အလိုအလျောက် ဓာတ်အားဖြတ်တောက်ပေးခြင်း၊ GSM Hand Phone ဖြင့် Command ပေး၍ မိမိဓာတ်အားခွဲရုံမှပင် ဓာတ်အားပြတ်တောက်သွားသောအပိုင်းကို Sim Card အသုံးပြု၍ ဓာတ်အား အတင်အချပြုလုပ်နိုင်ခြင်း၊ အင်းကုန်းပင်မခွဲရုံမှ ထရန်စဖော်မာနှင့် Protection Devices များကို သက်တမ်းကြာရှည်စွာ သုံးစွဲနိုင်စေခြင်း၊ လိုင်းအပြစ်ဖြစ်ပါက လျင်မြန်စွာပြုပြင်ပေးနိုင်သဖြင့် ဓာတ်အားပြတ်တောက်ချိန် နည်းပါးသွားစေခြင်း၊ ဓာတ်အားဖြန့်ဖြူးမှု စနစ်ပိုမိုကောင်းမွန်စေခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားရစေမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းထံမှ သိရသည်။

အဆိုပါ 33KV Line Sectionalizer အား ကျောက်ဆည်ခရိုင်နှင့် ကူမဲ၊ မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ ဝန်ထမ်းများက ပူးပေါင်းတပ်ဆင်ခဲ့ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၁၈၀ ခန့်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## နှစ်ပေါင်းများစွာတိမ်ကောနေသည့် အောင်းကြီးကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းစစ်ဆေး



**တပ်ကုန်း ဖေဖော်ဝါရီ ၂၈**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအား အချိန်မီပြီးစီးနိုင်ရေးနှင့် လိုအပ်သောအစီအမံများ ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီဝင် (တပ်ကုန်းမြို့နယ်တာဝန်ခံ) ဦးတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်တို့သည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီက လုပ်ငန်း အကောင်အထည်ဖော်ရေးနေရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ဆရာစံရပ်ကွက်အတွင်းရှိ နှစ်ပေါင်းများစွာ တိမ်ကောနေသည့် ၁၀ ဒသမ ၃၄ ဧကရှိ အောင်းကြီးကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းနှင့် ဘုရင့်နောင်ရပ်ကွက် အောင်မာယလမ်း ကတ္တရာခင်းလုပ်ငန်းခွင်တွင် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်ဝမှန်ကန်စွာ ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပညာရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ထုံးဘိုကျေးရွာ၊ ရှောက်ကုန်းကျေးရွာ၊ ရှားတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များနှင့် ဇျိုင်းအင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ကျောင်းဆောင်သစ်များတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ကြက်သွန်အသစ်များ ဝင်ရောက်လာတော့မည်ဖြစ်၍ ကြက်သွန်ဈေးနှုန်းများ ပြန်လည်ကျဆင်း

**မန္တလေး ဖေဖော်ဝါရီ ၂၈**

နွေကြက်သွန်အသစ်များ မကြာမီရက်ပိုင်းအတွင်း ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်သောကြောင့် လက်ရှိမြင့်တက်နေသော ကြက်သွန်ဈေးနှုန်းများမှာ ပြန်လည်ကျဆင်းလာကြောင်း မန္တလေးကြက်သွန်ဈေးကွက်မှ သိရသည်။

ထို့ပြင် ယခင်ရက်ပိုင်းက မန္တလေးဈေးကွက်တွင် ကြက်သွန်လက်ကျန်နည်းပါးလာမှုကြောင့် ဈေးမြင့်တက်လာခဲ့သော်လည်း အိန္ဒိယမှတင်သွင်းလာခြင်းကြောင့်လည်း ဈေးနှုန်းပြန်လည် ကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ကောင်းမွန်ကြက်သွန်ပွဲရုံမှ ဦးမောင်မောင်ဦးက ပြောသည်။

"ရက်ပိုင်းလောက်ပဲတက်ပြီး ပြန်ကျသွားတယ်။ နွေစိုက်ကြက်သွန်အသစ်တွေလည်း လာတော့မှာဆိုတော့ ဈေးနှုန်းက ဆက်ပြီး ကျအုံးမှာပါ။ လက်ရှိဈေးကွက်ထဲက ကြက်သွန်က ကြာကြာလှောင်လို့မရဘူး။ နွေစိုက်ကြက်သွန်ဆိုတာ အပင်စိုက်လို့၊ လှောင်လို့ကောင်းတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဈေးနှုန်းမြင့်တက်သည့်အချိန်တွင် ကြက်သွန်လက်ကားတစ်ပိဿာဈေးနှုန်းမှာ ကြက်သွန်အကြမ်း ငွေကျပ် ၁၃၀၀ မှ ၁၅၀၀၊ အလတ် ငွေကျပ် ၁၈၀၀၊ အကြီး(ခါး)မှာ ငွေကျပ် ၁၉၀၀၊ ရှယ်မှာ ငွေကျပ် ၂၀၀၀ ရှိပြီး ယခုဈေးကွက်တွင် အကြမ်းငွေကျပ် ၉၀၀ မှ ၁၁၀၀၊ အကြီး(ခါး) ၁၅၀၀၊ ရှယ်မှာ ငွေကျပ် ၁၆၀၀ သာရှိတော့ကြောင်း သိရသည်။

မန္တလေးကြက်သွန်ဈေးကွက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှထွက်သည့် မြစ်သားကြက်သွန်သည် ထိပ်တန်းဖြစ်ပြီး မိုးကြက်သွန်နှင့် နွေကြက်သွန်များထွက်ရှိကြောင်း၊ နွေကြက်သွန်အဖြစ် မုံရွာ၊ မြင်းခြံနှင့် ရွှေဘိုဒေသမှ ထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဖရူဆိုမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်



**လွိုင်ကော် ဖေဖော်ဝါရီ ၂၈**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ဒေါကူးခူကျေးရွာရှိ ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၂၀၀ သန်းဖြင့် ဆောင်ရွက်သော အမက(ဒေါကူးခူ) သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်၊ ပေ (၆၀ × ၃၀) တည်ဆောက်ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ဆောက်လုပ်ရေးလိုအပ်ချက်များနှင့် ကျောင်းရှေ့မြေ ညီညာပြန့်ပြူးစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းပြင် ဒေါကူးခူကျေးရွာအနီး ခေါ်သဲဆည်ရေပေးမြောင်း ကွန်ကရစ်လိုင်နင်စီခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေါကူးခူကျေးရွာပြည်သူများ၏ တင်ပြချက်အရ ငွေတောင်ချောင်းတိမ်ကောနေမှုအား ပြန်လည်ထူးဖော်ပေးရန် တင်ပြလာခြင်းအပေါ် ပြန်လည်တူးဖော်နိုင်ရေး သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၂ ဒသမ ၈၇၆ သန်းဖြင့် ဆောင်ရွက်သော ဖရူဆိုမြို့နယ် ထီးကလူဒေါ်ရွာမှ ဆိုလျားကူးရွာထိ ၂/၁ ဒသမ ၅ မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၀၀ သန်းဖြင့် ဆောင်ရွက်သော ထီးကလူဒေါ်ရွာမှ ခေါသခေါ်ရွာအထိ ၂/၅ မိုင်နှင့် ပေ ၁၄၀ ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖရူဆိုမြို့နယ် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ်၊ Steel Structure တစ်လုံး ( ၁၀၂ × ၂၉ ဒသမ ၆)ပေ၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ ဒသမ ၈၂၈ သန်းဖြင့် တည်ဆောက်လျက်ရှိသော လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းအား စေတနာထားလုပ်ကိုင်ရေး လမ်းညွှန်မှာကြားပြီး ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဖရူဆိုမြို့နယ်ဆေးရုံအတွင်းရှိ ကုလသမဂ္ဂ စီမံကိန်းများဝန်ဆောင်မှုရုံး၊ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုး၊ ရန်ပုံငွေမှဆောင်ရွက်သည့် မိခင်နှင့်ကလေးကျန်းမာရေးဌာန ဆောက်လုပ်ပြီးစီးမှုလုပ်ငန်းအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လောထောတနော ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းအပေါ် စေတနာထားလုပ်ကိုင်ရေးနှင့် ဒေသခံပြည်သူများအား ကျေးရွာမီးတားလမ်းဖောက်လုပ်ရေး လမ်းညွှန်မှာကြားခဲ့ပြီး ကျေးရွာနေပြည်သူများ နွေရာသီတွင် အသုံးပြုနိုင်ရန် သောက်သုံးရေအတွက် အလှူငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့သည်။

ယင်းနောက် မိုဆိုကျေးရွာအုပ်စု ထီးဒူးကူးကျေးရွာအနီး လိုဇ်ကူအတွင်း ပေ ၁၂၀ အနက်နေရာရှိ ရေထွက်ရှိကိုလည်းကောင်း၊ အမက(လောထောတနော) ပေ (၆၀ × ၃၀) သွပ်မိုး အုပ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဖရူဆိုမြို့မှ လောထောတနောကျေးရွာအထိ ကတ္တရာလမ်းဖောက်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဖရူဆိုမြို့နယ် မီးသတ်ဦးစီးဌာန လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းနေအိမ်တည်ဆောက်ရေးလုပ်ငန်း တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ဖရူဆိုမြို့မှ လောခူခူကျေးရွာထိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် လောခူခူကျေးရွာအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် စီမံကိန်းဦးစီးရုံး တည်ဆောက်ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# အိန္ဒု-ဇာသပြင်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီး၍ မကြာမီဖွင့်လှစ်တော့မည်

**ဘားအံ ဖေဖော်ဝါရီ ၂၈**
ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသောလမ်းတစ်လမ်းဖြစ်သည့် အိန္ဒု-ဇာသပြင်လမ်းပိုင်းအား ယခင် ၁၂ ပေအကျယ် ရိုးရိုးကတ္တရာလမ်းမှ လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ယာဉ်ကြီးယာဉ်ငယ်များ အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ၂၄ ပေအကျယ်၊ ထု ၂ လက်မရှိ နိုင်လွန်ကတ္တရာလမ်း အဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်သည့်အနေဖြင့် နိုင်လွန်ကတ္တရာခင်းစက်၊ ဖျော်စက်နှင့် ဆက်စပ်ယန္တရားပစ္စည်းများဖြင့် AC ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒု-ဇာသပြင်လမ်းသည် ဘားအံ-အိန္ဒု-ဇာသပြင်-မော်လမြိုင်ကားလမ်းတွင်ပါဝင်သော လမ်းအစိတ်အပိုင်းတစ်ခုဖြစ်၍ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်းတို့နှင့် ချိတ်ဆက်သွားလာနိုင်သော နိုင်ငံတကာဆက်သွယ်ရေးလမ်းဖြစ်ကာ နေ့စဉ် ကုန်တင်ယာဉ် ၂၃၆ စီးခန့်၊ ခရီးသည်တင်ယာဉ်နှင့် ယာဉ်အမျိုးမျိုး အစီးရေ ၁၆၂၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိရာ ကုန်စည်စီးဆင်းမှုနှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အရေးပါသောလမ်းပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းသည် ၂၄ ကီလိုမီတာ ရှည်လျား၍ ကရင်ပြည်နယ် ဘားအံခရိုင် လမ်းဦးစီးဌာနမှ လမ်းအရှည် ၁၁ ဒသမ ၆ ကီလိုမီတာ၊ လမ်းအကျယ် ၇ ဒသမ ၃၂ ကီလိုမီတာအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၃၀၈၉ ဒသမ ၈၆ သန်းဖြင့် လည်းကောင်း၊ ကျန်လမ်းအရှည် ၉ ဒသမ ၆ ကီလိုမီတာအား ချစ်လင်းမြိုင်ကုမ္ပဏီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားရန်ပုံငွေကျပ် ၅၁၅၂ သန်းအား ကြိုတင်စိုက်ထုတ် ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမည်ဖြစ်၍ ဧပြီလ ပထမပတ်တွင် အဆိုပါလမ်းအား ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

ယင်းလမ်းသည် အိန္ဒုကျေးရွာ၊ နောင်အီပုံးကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ကေလာသကျေးရွာနှင့် ဇာသပြင်ကျေးရွာတို့ကို ဖြတ်သန်းသွားပြီး လူနေအိမ်ခြေ၊ ဥယျာဉ်ခြံမြေများနှင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးစေခြင်းမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆက်သွယ်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စေကာ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို တစ်စိတ်တစ်ဒေသ အထောက်ကူပြုလျက်ရှိသော လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးထရန်စဖော်မာအသစ်များတပ်ဆင်

**တာမွေ ဖေဖော်ဝါရီ ၂၈**
ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာမွေမြို့နယ်အတွင်း နွေရာသီကာလ၌ ဓာတ်အားပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထရန်စဖော်မာအသစ် ၁၈ လုံးအား တပ်ဆင်၍ မိဘပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်မီစွာ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါထရန်စဖော်မာ ၁၈ လုံးတွင် ပထမအသုတ် ၁၀ လုံးကို ဝန်ပိုထမ်းလျက်ရှိသည့်ရပ်ကွက်များ၌ ဖြန့်ကြက်တပ်ဆင်ပေးပြီး တပ်ဆင်ရန်ကျန်ရှိသည့် ထရန်စဖော်မာရှစ်လုံးအား လိုအပ်သည့်ရပ်ကွက်များ၌ တပ်ဆင်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်က တာမွေကြီး(ခ)ရပ်ကွက်(၁၆၇)လမ်းတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်စန်း နှင့် မြို့နယ်လျှပ်စစ်လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးတို့ကြီးကြပ်လျက် ၆ ဒသမ ၆/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာတစ်လုံးအား စနစ်တကျတပ်ဆင်ပေးလျက်ရှိကြောင်း လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးထံမှ သိရသည်။

"ကျန်ရှိတဲ့ ထရန်စဖော်မာ ခုနစ်လုံးကိုလည်း မြို့နယ်အတွင်းမှာ ပြည်သူတွေရဲ့လျှပ်စစ်ဓာတ်အားသုံးစွဲမှုပေါ်မှာမူတည်ပြီး ဓာတ်အားလိုင်းအသစ်တည်ဆောက်တာနဲ့ ထရန်စဖော်မာအသစ်တပ်ဆင်တာတွေကို တိုးချဲ့လုပ်ဆောင်ပေးသွားမှာပါ။ ဓာတ်အားသုံးစွဲသူ မိဘပြည်သူတွေ စိတ်ချမ်းသာစွာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဂရုတစိုက် ဝန်ဆောင်မှုပေးသွားမှာပါ" ဟု ၎င်းကပြောသည်။

တာမွေ(၁၆၇)လမ်း၌နေထိုင်သူ ဦးမျိုးမြင့်က "ရပ်ကွက်တွေမှာ လိုအပ်လျက်ရှိတဲ့ ထရန်စဖော်မာနဲ့ လိုင်းကေဘယ်ကြိုးတွေ တပ်ဆင်ပေးတာ ကျေးဇူးတင်ပါတယ်။ ထရန်စဖော်မာအသစ်တပ်ဆင်ပေးတဲ့အတွက် ဓာတ်အားသုံးစွဲတဲ့နေရာမှာ မီးအားမြှင့်စက်တွေမလိုအပ်တော့ဘူးပေါ့"ဟု ပြောသည်။

ထရန်စဖော်မာအသစ်တပ်ဆင်ပေးခြင်းနှင့် ကေဘယ်ကြိုးများ အသစ်တည်ဆောက်ရာသို့ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းတို့က လာရောက်ကြည့်ရှုအားပေးကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အဓိကဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

**၁၉၇**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာ၌မသမာမှုများမဖြစ်ပေါ်စေရေးဆွေးနွေး

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၈**
၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ် ၈ ရက်မှ ၁၇ ရက်အထိ သံဖြူဇရပ်မြို့နယ်၌ စာစစ်ဌာနငါးခုတွင် ကျင်းပမည်ဖြစ်ရာ စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြင်ပမှဖြေဆိုကြမည့်သူများသည် သန့်ရှင်းရိုးသားစွာ ဖြေဆိုကြစေရေး၊ မသမာမှုများမပေါ်ပေါက်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ပုံနှိပ်ဆိုင်များနှင့် ကွန်ပျူတာ၊ မိတ္တူဆိုင်လုပ်ငန်းရှင်များအား ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပုံနှိပ်လုပ်ငန်းရှင်များသည် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်သော စာရွက်စာစောင်များကို အိတ်ဆောင်အရွယ်အသေးချုံ့ခြင်း၊ မိတ္တူကူးပေးခြင်းနှင့် အသံဖိုင်သွင်းခြင်းတို့ကို မပြုလုပ်ပေးရေး ဆွေးနွေးသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

tr©f(7)vjhdk;&wyf zYrSwyfzYrS'kwd &rSuD,m,Dau;f if OD;pDwyf0Ut if tm;60 wbVnfajrmuf0uúmy aq;½HkD;azaz;m0f&D23 &uf&Hub;fm&Du(21) udk;fajrmufpkyif;ao; vSefchumif;f;o&bnf
၆၈၉



# လက်တွေ့အသုံးချဆေးနည်းတိုများ(၂၀)

ကြည်လွင်မြင့်(မုဒြာ)



**ဆရာခင်ဗျာ၊ အဆုတ်အားကောင်းအောင် ဘယ်လိုနေထိုင်ပြီး ဘယ်လိုအစာတွေ စားသုံးသင့် ပါသလဲ။ ချောင်းတွေ ခဏခဏ ဆိုးတာ အဆုတ်အားမကောင်းလို့ဖြစ်တာလားခင်ဗျ။**

ကန်စွန်းရိုးနီ (ကုန်းကန်စွန်း)က အဆုတ်အားကောင်းစေတယ်။ မန်ကျည်းမှည့် အနည်းငယ်ထည့်ပြုတ်အသုပ်ပြုလုပ်စားပါ။ ချောင်းဆိုးရှည်ရင် ဇော်ဂျီတောင်ဝှေးရွက်နဲ့ ကုန်းကန်စွန်းရွက် ရောပြုတ်သောက်ရပါတယ်။

**ဆရာရှင့် သမီးအသံတစ်ခုခုကြားရင် လန့်လန့်နေတယ်။ အထူးသဖြင့် အိမ်ရှေ့က ကားဟွန်းသံ ကြားရင် နှလုံးတုန်ပြီးရင်ထဲမှာ လှပ်ခနဲဖြစ်သွားပါတယ်။ တံခါးခေါက်သံကြားရင်တောင် လန့်နေတာ၊ တစ်ခုထူးဆန်းတာက သမီးအပြင်သွားနေတဲ့အခါ သတိမထားမိဘူး။ ကောင်းကောင်း နေပါတယ်။ အိမ်မှာတစ်ယောက်တည်းနေရင် အဲဒီလိုဖြစ်နေလို့ ပါဆရာ။ ဘာရောဂါဖြစ်တာပါလဲ ဆရာ။**

စိတ္တဇဝါယောကြောင့်ဖြစ်တဲ့ လေရောဂါတစ်မျိုးပါ။ နှလုံးကိုလေရိုက်တယ်လို့လဲဆိုပါတယ်။ သီးခြားနေရင် အထူးသဖြင့် တိတ်ဆိတ်တဲ့အခါမျိုးတွေမှာ ဖြစ်တတ်ပါတယ်။ လူအများနဲ့ ရောရောနှောနှောနေရင် ရောဂါပျောက်နေတတ်ပါတယ်။ စိတ်ပညာကို လေ့လာပြီး ကိုယ့်ကိုယ်ကိုယ်သတိထားပြုပြင်ပေးရင် ရောဂါပျောက်ကင်းနိုင်ပါတယ်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၆) နှလုံးအပူငြိမ်းဆေးကို တိုင်းရင်းဆေးခန်းတွေမှာ ပြပြီး သောက်သင့်ပါတယ်။ စံပယ်ပန်းရနံ့ ရှူပေးပါ။ စံပယ်ပန်းကုံးကို အိပ်ရာအနီး ထားအိပ်ပါ။

**ဆရာ သမီးက မဝပါဘူး။ ဒါပေမယ့် ဗိုက်ပူခါးတုတ်ဖြစ်နေပါတယ်။ ရေ ခုနှစ်လီတာလောက်ကို သောက်ပါတယ်။ ဗိုက်ပူတာ ပျောက်အောင် ဘယ်လိုလုပ်ရမလဲ ဆရာ ကူညီပါဦး။**

သက်ရင်းကြီးရွက်နု သုံးရွက်လောက် နေ့စဉ် အတို့အမြှုပ်လုပ်စားရင် ဗိုက်ပူတာ ကျစေပါတယ်။ မနက်အိပ်ရာထထချင်း ပျားရည်တစ်ဇွန်းသောက်ရင်လည်း အဆီကျစေပါတယ်။ ညအိပ်ရာ မဝင်မီ မန်ကျည်းမှည့် လက်တစ်ဆုပ်၊ ထန်းလျက်အမည်း ခုနှစ်ခဲ၊ ဆားခါးတစ်ဇွန်း ညစဉ်သောက်ရင် ဗိုက်အဆီကျတာ လက်တွေ့ပျောက်သူရှိပါတယ်။

**ဆရာ ဝက်ခြံကြောင့် ကျန်ခဲ့တဲ့ အမာရွတ်တွေနဲ့ အမည်းစက်တွေကို ဘယ်လိုပျောက်အောင် လုပ်ရမလဲရှင့်။**

မျက်နှာသစ်ပြီး ပျားရည်တစ်ဇွန်းထဲကို သံပရာရည် အနည်းငယ် ညှစ်ထည့်ပါ။ ဝက်ခြံအမာရွတ်တွေ ပေါ်မှာ သေချာဝင်အောင် လိမ်းပါ။ ၁၅ မိနစ်ကြာအောင် ထားပြီးရင် ရေခပ်နွေးနွေးနဲ့ မျက်နှာသစ်ပေးပါ။ ၁၄ ရက် (နှစ်ပတ် စိတ်ရှည်ရှည်ပြုလုပ်ပါ)။ အရောင်ဖျော့လာပြီး ကြည့်ကောင်းလာပါလိမ့်မယ်။ လက်တွေ့ပျောက်ကင်းတဲ့သူက ပြောတဲ့နည်းပါ။

**ဆရာရှင့် ရိုသေစွာ မေးပါရစေ။ ကျွန်မ သားမြတ်အနာပေါက်တာ ဘယ်လိုကုရမလဲဆရာ။**

မိကျောင်းကွမ်းဖတ်ကြိတ်ပြီး အုံပေးပါ။ ပရဆေးဆိုင်မှာ ဝယ်ရင်ရပါတယ်။ ရှေးဆေးကျမ်းပါ နည်းပါ။

**ဆရာ ကျွန်တော့ အသက် ၄၀ ပါ။ ညာဘက်လက်က ပစ္စည်းတစ်ခုခုကိုင်ရင် ထုံနေတတ်ပါတယ်။ ဘာကြောင့်လဲ၊ ဘာလုပ်ရမလဲ ပြောပြပေးပါ ခင်ဗျာ။**

ဇက်ကျိုးပေါင်း စစ်ကြည့်ပါ။ ကျိုးပေါင်းကြောင့် လက်မှာ ထုံကျဉ်ဖြစ်တတ်ပါတယ်။ ခေါင်းငုံ့ လုပ်ရတဲ့ အလုပ်ကြာရှည်လုပ်သူတွေမှာ ဇက်ကျိုးပေါင်းဖြစ်လေ့ရှိပါတယ်။

**ဆရာ သွေးကျရောဂါရှိသူ ဘယ်လိုနေရမယ်ဆိုတာ ပြောပြပေးပါ ဆရာ။**

သွေးကျရောဂါရှိတဲ့သူက အလုပ်ပင်ပင်ပန်းပန်း လုပ်လို့ မရပါဘူး။ အထူးသဖြင့် ညအိပ်ရေး ပျက်လို့မရပါ။ စိတ်ပူပန် သောကများတဲ့အလုပ်ကိုလည်း မလုပ်သင့်ပါ။ ခါတ်စာအနေနဲ့ နွားနို့ပူပူတစ်ခွက်မှာ နနွင်းမှုန့်တစ်ဝက်လောက် ထည့်ဖျော်ပြီး နေ့စဉ်သောက်ပါ။

**ဆရာ ခါးနာပြီး ဘယ်ဘက်တင်ပါးကနေ ခြေထောက်တစ်ချောင်းလုံးကိုက်နေတာ တော်တော်လေးကြာပါပြီ။ ဘယ်လိုလုပ်ရမလဲ ဆရာ။**





ခါးနာရာကနေ တင်ပါးခွက်လျှောရောဂါ ဖြစ်တတ်ပါတယ်။ အကြောပြင်ဆရာ ကောင်းကောင်းနဲ့ ပြပြီး ကုသပါ။ ခါးနဲ့တင်ပါးမှာ ဗာဒံရွက်ကို မီးကင်ပြီးကပ်ပေးပါ။ မုန်ညင်းဆီကို မီးနဲ့ချက် ခြေတစ်လျှောက် ညအိပ်ရာဝင်တိုင်း လူးပေးပါ။

**ဆရာ သမီးအသက် ၃၅ နှစ် ရှိပါပြီ။ ကလေးမီးဖွားပြီးတာ ရက် ၄၀ ပဲရှိပါသေးတယ်။ ရေချိုးပြီးရင် ဘယ်ဘက်မျက်စိက ရဲနေပါတယ်။ သမီးက မီးနေသည် ရေမချိုးတာကြာလို့ အပူကန်တယ် ထင်နေတာ။ လေးဖက်နာလည်းရှိတော့ အဆစ်တွေကိုက်ပြီး အသားတွေလည်း နာသလို ခံစားရပါတယ်။ ဘယ်လိုပြုလုပ်သင့်ပါသလဲ ပြောပြပေးပါရှင့်။**

နနွင်းနဲ့ပျားရည် စပ်သောက်ပါ။ ရေကို နွေးနွေးစပ်ချိုးပါ။ ခြေဆစ်လက်ဆစ်တွေကိုက်ရင် ဆားရည်နွေးနွေးစိမ်ပေးပါ။ မုန်ညင်းဆီ မီးနွေးပြီး ခြေဆစ်လက်ဆစ်တွေလိမ်းပါ။ ဒန့်သလွန်ရွက်ဟင်းချို ချက်သောက်ပေးပါ။ ခြေလေးချောင်း အသားတွေ၊ ဝမ်းတွင်းသားတွေ ရှောင်စားပါ။

**ဆရာကြီးရှင့် သမီးအစ်ကိုမှာ ပွေးပေါက်နေလို့ပါ။ ပွေးသတ်တဲ့ဆေးနည်း ပြောပြပေးပါရှင့်။ ကွမ်းရွက်ကပ်တာ မသက်သာဘဲ ပိုကြီးလာတယ်လို့ ပြောတယ်ရှင့်။ ဆေးနည်းလေးရှိရင် ပြောပြပေးပါ။**

ပွေးကိုင်းမဲဇလီရွက်ကို ပြုတ်သောက်ပါ။ အရွက်နဲ့လည်း ပွတ်ပေးပါ။ သွေးစို့တဲ့အထိ ပွတ်ရပါတယ်။

**ဆရာရှင့် သမီးတို့က ထိုင်းမှာ အလုပ်လုပ်နေပါတယ်ရှင့်။ ပွေးကိုင်းမဲဇလီ မမြင်ဖူးပါဘူး။ ထိုင်းမှာလည်း မရှိလို့ပါရှင့်။**

ကြက်သွန်ဖြူဥတစ်လုံးကို ဖင်ကနေလှီးပြီးထွက်လာတဲ့ အစေးနဲ့ ပွေးအနာကို ဖိပွတ်ပေးပါ။ မကြာခဏပွတ်ပါ။ မုချပျောက်ပါတယ်။ (ရွက်၊ ခေါက်၊ မြစ်၊ သီး ဆေးနည်း ၁၀၀၀ မှ)

**ဆရာရှင့် သမီးက မီးဖွားထားတာ နှစ်လရှိပါပြီ။ ခြေဖျားတွေက ထုံကျဉ်ဖြစ်နေလို့ပါ။ ဘယ်လိုလုပ်ရမလဲ ကျေးဇူးပြုပြီး ပြောပြပေးပါရှင့်။**

နနွင်းသောက်ရဲ့လား။ မီးဖွားပြီး မြန်မာထုံးစံအရ ခုနစ်ရက် နနွင်းသောက်ရပါတယ်။ သက်ရင်း ကြီး၊ တမာရွက်၊ ဝါးရွက်တွေ ပြုတ်ပြီး မီးထွက်ရင် ရေချိုးရပါတယ်။ မီးတွင်း အအေးပတ်ပြီး ထုံကျဉ်ဖြစ်ရင် လိမ်းဖို့ဆေးနည်းမှာ ချင်းခြောက်မှုန့် နှစ်ဆ၊ လင်းနေအမှုန့်တစ်ဆ၊ နနွင်းအမှုန့် တစ်ဆ ရောပြီး ရေနွေးနဲ့ ဖျော်လိမ်းပါ။ (ပရဆေးဆိုင်မှာ အမှုန့် အသင့်ရောင်းပါတယ်။ စပ်ခိုင်းရင် ရပါတယ်။) အခုခေတ် ဆေးရုံခွဲမွေးသူတွေက မီးမလှုံ၊ မီးတွင်းဆေးမသောက်လို့ ဖြစ်ကြတာပါ။

**ဆရာ ကလေးမျက်နှာနီပြီး နို့ပွေးလိုဖြစ်နေတာ ဘာလိမ်းပေးရမလဲရှင့်။ ကလေးက အသက်ရှစ်လပါ။**

ကလေးမျက်နှာမှာ သံပရာရည်နဲ့ ပျားရည် စပ်လိမ်းပါ။ (တစ်နည်း) ကွမ်းရွက်အရည်ညှစ် အုန်းဆီနဲ့ ရောလိမ်းရင်လည်းရပါတယ်။ မိခင်နို့ မသန့်လို့ဖြစ်တာဆို မိခင်နို့မှာ လိမ်းဖို့ဆေးနည်းတွေရှိပါတယ်။ မိခင်နို့ပွေးကနေ ကလေးကို ကူးတတ်ပါတယ်။ (နို့ပွေးပေါက်) နို့တိုက်ရာတွင် မသန့်ရှင်းလို့ မှုစွဲတဲ့အနာ (၁) ဆားခါးကို ရေနွေးကြမ်း အဖန်ရည်နဲ့စိမ်ပြီး ဖန်ဆေးပါ။ (၂) ဒန့်ကျွဲစေ့ကို မီးနဲ့ကျွမ်းအောင် လှော်ပြီး (ကလေး နို့မတိုက်တဲ့အချိန်မှာ) လိမ်းပေးပါ။ (၃) ပွေးကိုင်းရွက်ကို ကြိတ်အရည်ညှစ်ပြီး နို့ကို ဆပ်ပြာနဲ့ ဆေးပြီးမှ လိမ်းပေးပါ။ လိမ်းထားတဲ့ နို့ကို ကလေးနို့မတိုက်ဘဲထားပါ။ ဒါမှမဟုတ် နို့ရည်ကို ညှစ်ပြီး ကြေးဇွန်းနဲ့ တိုက်ပါ။

**ဆရာ ကျွန်တော်က နိုင်ငံခြားမှာ အလုပ်လုပ်နေတာပါ။ လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက တအေ့အေ့နဲ့ လေချဉ်တက်တယ် ခဏခဏပါပဲ။ ရေသောက်ပြီးလဲ တက်တာပဲ။ ရေချိုးခါးနီးရင် အန်ချင်ပါတယ်။ ရေမချိုးခင် အအေးသောက်ရင် သောက်ထားတဲ့ အအေးအကုန် ပြန်အန်ပါတယ်။ ကျွန်တော်က ပိတ်ရက် စနေ၊ တနင်္ဂနွေဆို အရက်သောက်ရာကနေစဖြစ်ခဲ့တာပါ။ ဒီမှာ ဆေးခန်းပြဖို့ကြတော့လည်း ဘာသာစကား အခက်အခဲရှိလို့ ဆေးနည်းတိုရှိရင် ပြောပြပေးပါ။**

အရက်ကြောင့် လေပူအထက်ဆန်ပြီ ပျို့အန် ရောဂါဖြစ်တာပါ။ ရေမချိုးမီ ခြေဖဝါးဆားပွတ် ဒူးအောက်ရေလောင်းပါ။ ဆားကို ဒယ်အိုးနဲ့ နီအောင်လှော်၊ ဆားလှော် မန်ကျည်းစေ့ခန့် မျိုချပါ။ ရေနဲ့ မသောက်ပါနဲ့။ တံတွေးနဲ့ မျိုချပါ။ အန်တဲ့ရောဂါ ပျောက်ပါတယ်။ ည အရက်သောက်ရင် မနက်အိပ်ရာထမှာ ပျားရည်တစ်ဇွန်း ရေနွေးနဲ့ဖျော်သောက်ပါ။

**ဆရာရှင့်၊ ကျွန်မ အသက် ၃၈ နှစ်ရှိပါပြီ။ ငယ်ငယ်က အလေးအပင် မတာများလို့ ခါးကြောညပ် ဝေဒနာခံစားနေရပါတယ်။ ဆရာဝန်တွေက ခွဲစိတ်ကုသဖို့ ပြောထားတယ်။ ကျွန်မက ခွဲစိတ်ရမှာကြောက်လို့ မခွဲဘဲနေတာ နှစ်နှစ်ရှိပါပြီ။ နားနေရင် သက်သာပေမယ့် လှုပ်ရှားတာများရင် မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲပါတယ်။ မခွဲဘဲ ကုသလို့ရမယ့် နည်းလမ်းတွေ ရှိလားလို့ အကြံဉာဏ်တောင်းကြည့်တာပါ။**

ကျွမ်းကျင်တဲ့ အကြောပြင်ဆရာရှာပြီး ကုသပါ။ အနှိပ်သည် မဟုတ်ပါ။ မနှိပ်ပါနဲ့။ ခါးကုန်းပြီး အလုပ်မလုပ်ပါနဲ့။ ဝမ်းမှန်ပါစေ။ ပူတဲ့ ပရုပ်ဆီတွေ အမြဲမလိမ်းပါနဲ့။ မုန်ညင်းဆီကို မီးနဲ့ချက်ပြီး နွေးနွေးလိမ်း၊ စိတ်ရှည်ရှည်နဲ့ စိမ့်ဝင်အောင် လိမ်းပေးရင် အကြောညပ်တာ သက်သာစေ နိုင်ပါတယ်။ ခါးနာသူတွေ မနက်အိပ်ရာထချိန်မှာ ပိုပြီး နာတတ်ပါတယ်။ ညအိပ်ရာဝင်ချိန်ကတည်းက ဆီလိမ်းအိပ်ရင် သက်သာစေနိုင်ပါတယ်။ ခါးနာဝေဒနာအတွက် ခါတ်စာအနေနဲ့ မနက်စာမှာ ဆူးပုပ်ရွက်ကို ကြက်ဥနဲ့ ကြော်စားပါ။ ကျောက်ဖရုံသီးဟင်းခါး ချက်သောက်ပါ။ ဒါမှမဟုတ် သင်္ဘောသီးအစိမ်းကို ဟင်းချိုချက်သောက်ပါ။ သင်္ဘောရွက်ကို ပြုတ်ပြီး အတို့အမြှုပ်လုပ်စားပါ။ ခါးနာသက်သာစေပါတယ်။

**ဆရာ မျက်နှာမှာ အဆီကျိတ်လေးတွေ ထွက်နေတာ ဘယ်လိုလုပ်ရင် ပျောက်မလဲရှင့်။ တစ်ခါမှ မဖြစ်ဖူးပါဘူး။ မိတ်ကပ်တစ်မျိုးလိမ်းတာ မတည့်လို့ ထွက်လာတာပါ။ ဆေးနည်းလေး ပြောပြပေးပါ။ ကျေးဇူးတင်ပါတယ်ရှင့်။**

ရှားစောင်းလက်ပပ်အနှစ် ကပ်ထားပါ။ နာရီဝက်လောက်ကြာမှ မျက်နှာသစ်ပါ။ ရှားစောင်း လက်ပပ်အနှစ်ကို သနပ်ခါးနဲ့ ရောသွေးလိမ်းရင်လည်း ပျောက်ပါတယ်။

**ဆရာ မြောက်အရပ်ကို ဦးခေါင်းထားအိပ်ရင် သွေးတိုးတယ်ဆိုတာ မှန်ပါသလား။ မလွဲသာလို့ ဦးခေါင်းပြုအိပ်ရမယ်ဆိုရင် ဘယ်လို ပြုလုပ်ရပါသလဲ ဖြေကြားပေးပါ။**

ရှေးလူကြီးတွေက အိပ်ရာဝင်ချိန်မှာ ၁။ အရှေ့အရပ်၊ ၂။ တောင်အရပ်တို့ကို ဦးခေါင်းပြုပြီး အိပ်စက်ရမယ်၊ အဲဒီလို ဦးခေါင်းပြု အိပ်စက်တာနဲ့ ကောင်းကောင်း အိပ်ပျော်စေတယ်။ ကောင်းတဲ့ အိပ်မက်ကို မြင်မက်စေတယ်။ အိပ်ပျော်နေချိန်မှာ အစာကြေတာကို ဖြစ်စေတယ်။ မလိုအပ်တဲ့ အပုပ်၊ လေ၊ ဝမ်းတို့ဟာ ညင်ညင်သာသာနဲ့ အောက်ကို ဆင်းသက်စေတယ်။ စမြင်းဒေါသမှ ကင်းပြီး အနာရောဂါလည်း ကင်းစေတယ်။ မနက်အိပ်ရာထချိန်မှာလည်း ကောင်းကောင်းနိုးထစေနိုင်တယ်လို့ ယူဆကြတယ်။ ၃။ မြောက်အရပ်၊ ၄။ အနောက်အရပ်တို့ကို ဦးခေါင်းပြုပြီး မအိပ်ကောင်းပါ။ အိပ်စက်သူများသည် ကောင်းစွာ အိပ်မပျော်နိုင်။ လေပွခြင်း၊ ဟောက်တာ၊ အသက်ရှူမဝတာ၊ လန့်နိုးတာ၊ မကောင်းတဲ့လေ အပုပ်တို့ အထက်ဆန်တာ၊ မျက်စိပွင့်လျက် အိပ်တာ၊ လျှာကိုက်မိတာ၊ နှုတ်နဲ့ခံတွင်းကနေ အာပုပ်ရည်စီးကျတာ၊ ကယောင်ကတမ်းပြောတာ၊ အိပ်မက်မက်ရာမှာ အမြင့်ကနေ၊ ချောက်ကမ်းကနေ ပြုတ်ကျ တယ်လို့ မက်တာအပြင် ညဦးက စားထားတဲ့အစာတွေမှာလည်း မကြေကျက်သဖြင့် ဝမ်းတွင်းစမြင်းခံတာ၊ ဒူလာလိပ်ခေါင်းရောဂါဖြစ်တာတို့ ဖြစ်နိုင်တယ်လို့ ဆိုတယ်။ အနောက်တိုင်း ဆေးပညာရှင်ကြီးတစ်ယောက်က ဟောပြောရာမှာလည်း မြောက်အရပ်မှာ သံလိုက် စက်ကွင်းရှိတာကြောင့် မြောက်အရပ်ကို ဦးခေါင်းပြုပြီး မအိပ်ရ၊ သွေးတိုးတတ်လို့ ညအိပ်ရာထမှာ လေဖြတ်နိုင်လို့ သတိပြုပါလို့ ပြောတာကို မှတ်သားရဖူးပါတယ်။

## ကြော်ငြာ


မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆအ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)

မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆအ ၁၀၅၅ မစေစေခိုင်ဦး (၂၀၁၆)

ALL D ဆအ ၁၀၅၅ မစေစေခိုင်ဦး

ALL D

ALL D

ALL D

ALL D

'ရလဒ်'ကောင်းဖို့ 'ကျောင်းကောင်း'ရွေးပါ

ညီညွတ်ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့် ဘော်ဒါ

FORWARD အဆင့်မြင့် စာသင်ဝိုင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

NELC Summer English Course

Don't Worry, Just Speak!



Young Learners (Age 6 to 15 years old)

| Level | Cambridge Exams |
| --- | --- |
| Beginner (1,2) | |
| Foundation (1,2,3,4,5,6) | Starters, Movers, Flyers |
| Step Up (1,2,3,4,5) | KET, PET, FCE |

*Get Free T-Shirt & Discount before 18th February 2017!

ရန်ကင်း - 01 8550727~8 ဗိုလ်အောင်ကျော် - 01 256516~7

မြောက်ဒဂုံ - 01 526311, 523680 အောင်သဗြေ - 01 501947

သင်္ဃန်းကျွန်း - 09 960603700~800 မရမ်းကုန်း - 09 73065345

မြောက်ဥက္ကလာပ - 01 650766, 09 960604700

မန္တလေး ကျောင်းခွဲ (၁) - 09 91023900, 09 30869100

မန္တလေး ကျောင်းခွဲ (၂) - 09 340007771

နေပြည်တော် - 09 782009390 လားရှိုး - 082 26611

ပြင်ဦးလွင် - 09 400306019 တောင်ကြီး - 084 52572

FELC Pre-school & Language Centre

* Young Learners English Courses
* Four Skills English (For all ages)
* Grammar and Writing Courses

100% Free

Ph: 09 772897794, 09 263333457

SMART GIRLS

(၁)မျိုးလျှင် 10% Discount

09-257666799, 09-31559666

09-5181189, 09-420081189

HIROYUKI Co., Ltd.

STRETCH FILM · EXP-408 Pallet Machine · Strapping Machine TP-202 · TP-6000 · PP-Strapping Band · PE Tying Tape · Handy Wrap with dispanser · OPP Tape · JP-501 Carton Sealing Machine



Address: No 207/209, Kanna Street, Ahlone Township, Yangon Myanmar

Ph: 09 420054279, 09 31056216, 09 43024437. Mandalay Ph:09-36937919

JAMES COOK UNIVERSITY SINGAPORE

"ရေထွက်သဘာဝ သယံဇာတ ပစ္စည်းများ စီးပွားဖြစ် မွေးမြူလုပ်ကိုင်နိုင်ရန် စီမံခန့်ခွဲမှု ပညာရပ်များအကြောင်း ဆွေးနွေးပွဲ"

CROWN EDUCATION Award Winning Company



Speaker Profile

JENNIFER COBCROFT
Associate Professor, Aquaculture
James Cook University(Australia)

- JCU Singapore တွင် လေ့လာသင်ယူနိုင်မယ့် BUSINESS AND ENVIRONMENTAL SCIENCE (AQUACULTURE) ဘွဲ့ဒီဂရီအကြောင်း

CALL NOW +95 (01) 527 838, +95 (09) 732 732 77, 450 200 040, 450 200 080

YANGON
Date : 2 Mar 2016
Time : 2:00 pm - 4:00 pm
Venue : NOVOTEL HOTEL (Eureka Room)

MANDALAY
Date : 4 Mar 2016
Time : 10:00 am - 12:00 noon
Venue : HOTEL MANDALAY, Zabai Phyu Room

Ph : 09 73121050
09 457778224

SEVEN

09-33 333 511
09-33 333 514
09-33 333 644

iStock® ကုန်ပစ္စည်းထိန်း ဆော့ဖ်ဝဲ



CaféPOS®

- Table Reservation
- Menu Ordering
- Billing
- Kitchen Monitoring
- Reporting



HotelPro®

- Guest Info
- Room Status
- Reservation
- Check In/Out
- City Ledger



www.galaxy.com.mm

Galaxy Software Co., Ltd.
Nay Pyi Taw : 09-257333214, 09-974432762
Yangon (HO) : 09-43064181, 09-420909100
Pathein : 09-455042499, 09-455042500
Mandalay : 09-440067577, 09-978030881
Taunggyi : 09-444200771, 09-444200772

## အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ

## မိခင်ကြီး ဒေါ်မြရီ

**(စမ်းရတနာရွှေဆိုင်-ထားဝယ်)**

**အသက် (၇၆)နှစ်**

၂၁-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သောမိခင်ကြီး ဒေါ်မြရီ အသက် (၇၆) နှစ်၊ စမ်းရတနာရွှေဆိုင်(ထားဝယ်) နာမကျန်းဖြစ်စဉ်က မေတ္တာစေတနာ ပြည့်ဝစွာဖြင့် ကြပ်မတ်ကုသပေးခဲ့ပါသော ဆရာဝန်ကြီး ပါမောက္ခ ဦးထွန်းလွင် (ငြိမ်း)၊ ပါမောက္ခဦးစန်းလွင်နှင့် ရွှေဂုံတိုင် (SSC) ဆေးရုံကြီးမှ ဒေါက်တာနီလာစိုး၊VIP(Ward)မှ တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ မေမေဆေးရုံတက်နေစဉ် အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ Telephone ဖြင့်သော်လည်းကောင်း၊ Viber၊ Massageတို့ဖြင့် သတင်းမေးမြန်း ဆုတောင်းပေးကြသူများအား လည်းကောင်း၊ မေမေကွယ်လွန်သွားသည့်အချိန်တွင်လည်း လူကိုယ်တိုင်သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ Telephone၊ Viber၊ Messenger များဖြင့် နှစ်သိမ့်အားပေး သတင်းမေးမြန်းဆုတောင်းပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ ၊ရေဝေးသုသာန်၌ မိခင်ကြီးအတွက် ဓမ္မသြဝါဒစကား ပြောကြားပေးပါသော ဒေါက်တာဦးထွန်းထွန်းဦး၊ နာရေးကိစ္စတွင် ဂူသွင်းပြီးသည်အထိ ကူညီဆောင်ရွက်ပေးပါသော လူမှုကူညီရေးအသင်း သင်္ဃန်းကျွန်းမှ ဦးလူမော်နှင့်ဇနီးအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းထည့်ခြင်းနှင့် ပန်းခြင်းများ ပေးပို့ကြပါသော ကုမ္ပဏီများ၊ အသင်း အဖွဲ့အစည်းများ၊ မိတ်ဆွေ သူငယ်ချင်းများအား လည်းကောင်း၊ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော သူငယ်ချင်း မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာရန်အောင်(ခေါ်) Francis Yang အသက်(၈၂)နှစ်**

မိဘသဖွယ် ချစ်ခင်လေးစားရပါသော ဒေါက်တာရန်အောင်၊ Sao Lan Kham ၏ခင်ပွန်း၊ မနန်းကလျာ+Bobby၊ ကိုရန်နောင်တို့၏ ဖခင် Tristan ၏ အဖိုးသည် (၂၄-၂-၂၀၁၇) နေ့က England နိုင်ငံ London မြို့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သော အစ်ကို ကောင်းရာသုဂတိ လားပါစေ။

ချစ်ညီမလေး

**Daw Judy Yang (St. Pauls) စမ်းချောင်း**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမင်းသိမ်း**

**အသက် (၇၃) နှစ်**

မြန်မာနိုင်ငံတွင် စပီရူလိုင်းနားစိမ်းပြာရေညှိကို ရှာဖွေတွေ့ရှိခဲ့သူ ဆရာကြီး ဒေါက်တာမင်းသိမ်း (Ph.D) (စက်ရုံမှူး-ငြိမ်း၊ အမှတ်-၃၊ ဆေးဝါးစက်ရုံ၊ စစ်ကိုင်း)သည် ၂၂-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ ဆရာကြီး ကောင်းရာသုဂတိ ရောက်ပါစေ။

**ဦးမြင့်စော-ဒေါ်နန်းတင်တင်လှမိသားစု**

**Dawna Hawk Co.,Ltd**

**အမှတ်(၃)ရပ်ကွက်၊ ဘားအံမြို့**

### ဝမ်းနည်းကြေကွဲခြင်း

**ဒုရဲမှူးစုစု (၅၁) နှစ်**

**ရဲလေ့ကျင့်ရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ ရဲ-၄၄၇၂ ဒုတိယရဲမှူးစုစုသည် ၂၇-၂-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၀၀း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့်**

**တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းမိသားစုများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးကျော်ဝင်းဒင် (ခ)**

**ကိုသားငယ် (၅၄)နှစ်**

**(Operation Manager)**

**(Santamaria Travel & Tours Co., Ltd)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမ အရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၈)နေ (ပါမောက္ခ ဦးခင်မောင်ဒင်-ဆရာမဒေါ်စန်းစန်းဆွေ)တို့၏ ချစ်လှစွာသောသားငယ်၊ Capt; ညွန့်ဒင်(ငြိမ်း)-(ဒေါ်ကြူကြူ)တို့၏ သားသမက်၊ ဦးဉာဏ်မင်းဒင် (Executive Director Santamaria Tarvel & Tours Co., Ltd)-ဒေါ်မီမီဒင် (Yangon Academy)၊ ဒေါ်စန်းစန်းဝင်း (ခေတ္တ-အီဂျစ်)တို့၏ ညီ/မောင်ငယ်၊ မောင်ပြည့်စုံဝင်းဒင် (Grade-9, TTC)၊ မယုမိကိုဝင်းဒင်(Grade-6, TTC)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြနွယ်တင့်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ဝင်းဒင်သည် ၂၆-၂-၂၀၁၇ ရက် နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၁၇ ရက် နံနက် ၉ နာရီတွင် အမှတ်(၁၃၆)၊ မင်းကြီးလမ်း (ဗဟိုလမ်း)၊ တောင်သူကုန်းရပ်ကွက်၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်းစိန်မြို့နယ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**တိုက်ခန်းသစ်ရောင်းမည်**

မြောက်ဥက္ကလာပမြို့နယ်

၂-ရပ်ကွက်

**ဖုန်း-၀၉-၅၃၉၄၂၂၂၊ ၀၉-၅၀၈၁၇၆၃**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းကြည် (၈၇) နှစ်**

ပါမောက္ခ ဒေါက်တာဦးသန်းဆွေ (ပါမောက္ခ/ဌာနမှူး၊ သွားတုဆေးပညာဌာန၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့်ဒေါက်တာခင်ခင်အေးတို့၏မိခင်ကြီး ဒေါ်သိန်းကြည် အသက် (၈၇) နှစ်သည် ၂၇-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ/ဆရာမများ**

**သွားဖုံးရောဂါကုပညာဌာန**

**သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးဝင်းမြင့် (ခ) ခါကာဗဟာဒူး**

**မြို့နယ်ကျန်းမာရေးဦးစီးမှူး(ငြိမ်း)**

**အသက် (၈၃)နှစ်**

ဦးနေပြည်စိုး (AGM, Asia General Electric Holding Co.,Ltd)-ဒေါ်ဆွေဆွေအောင်တို့၏ချစ်လှစွာသောဖခင်ကြီး ဒေါက်တာဦးဝင်းမြင့်(ခ)ခါကာဗဟာဒူး အသက် (၈၃)နှစ်သည် ၂၅-၂-၂၀၁၇ ရက် (စနေနေ့) ည ၁၀း၃၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Boad Of Director နှင့် ဝန်ထမ်းများ**

**Asia General Electric Holding Co., Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လှဆင့်**

**အသက်(၇၅)နှစ်**

ဦးငွေထွန်း (ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ညွှန်/မှူး ငြိမ်း)၏ဇနီးဖြစ်သူ ဒေါ်ခင်လှဆင့် အသက် (၇၅)နှစ်သည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိယဝတီလမ်း၊ အမှတ်(၂၈) နေအိမ်၌ ၂၆-၂-၂၀၁၇ရက်နေ့ နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရေအားလျှပ်စစ်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်လှခင်**

**ရခိုင်သဟာယအသင်းကိုယ်စားလှယ်၊ မြောက်ဦးမြို့**

**အသက်(၇၁)နှစ်**

ဦးမြင့်ကျော် (ဒု-ဥက္ကဋ္ဌ ၊ ရခိုင်သဟာယအသင်း၊ ရန်ကုန်)-ဒေါ်နုနုယဉ်တို့၏ဖခင် ဦးမောင်လှခင်(မြောက်ဦးမြို့နယ် ရခိုင်သဟာယအသင်းကိုယ်စားလှယ်)သည် ၂၅-၂-၂၀၁၇ ရက် (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဦးမြဟန်**

**(Rakhine Development Corporation)**

**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်လှခင် (၇၁)နှစ်**

ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့(ရန်ကုန်)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဦးမြင့်ကျော်၏ဖခင်ဖြစ်သူ ဦးမောင်လှခင်သည် ၂၅-၂-၂၀၁၇ ရက်နေ့ နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး**

**ဂေါပကအဖွဲ့(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အေးရိပ်သာ(၂)လမ်း၊ အေးရိပ်သာကွန်ဒို၊ တိုက်အမှတ်-၄၈၃၊ အခန်းအမှတ်-၇-စီ(၇လွှာ)၊ ဧရိယာ ၂၀၀၀စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်နှင်းဆီ [၇/ညလပ(နိုင်)၀၁၄၇၆၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသက်ထွန်း** | **ဒေါ်ကြည်ကြည်ဌေး** |
| **B.A, (Law), LL.B** | **B.A(Law), LL,B** |
| **(စဉ်-၃၅၅၇)** | **(စဉ်-၂၃၆၇)** |
| **တရားလွှတ်တော်ရှေ့နေနှင့်နိုကြီပဗ္ဗလစ်** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၆ စီ-၂)၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း၊**

**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၅၅၆၈၁၂၊ ၀၉- ၅၀၁၅၂၃၄၊ ၀၉- ၅၀-၃၁၂၃၄**

**E-mail:thettun. law @gmail.com**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ဇဝနညာဏ (ဦးမောင်ထွန်း)**

**သိက္ခာတော် (၁၈)ဝါ၊ သက်တော် (၈၈)နှစ်**

**(တောင်ကုတ်)**

**(ယခင်-တေဇိန္ဒာရာမကျောင်းတိုက်၊ ကုက္ကိုင်းလမ်းဆုံ)**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ (ဦးကျွန်ထီး-ဒေါ်ရွှေဦးဖြူ)တို့၏ သား၊ (ဦးကျော်ဟန်-ဒေါ်အေးနွယ်)တို့၏သားသမက်၊ (ဒေါ်မစု)၏ခင်ပွန်း၊ (ဦးမြစိန်-ဒေါ်မအေး)တို့၏မောင်၊ ဦးထွန်းအေး-(ဒေါ်ငွေရည်)၊ (ဦးထွန်းစိန်)-ဒေါ်မဝ၊ (ဦးလှရွှေ)-ဒေါ်တင်သိန်းတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၂၉)၊ မာလာမြိုင် (၇)လမ်းနေ (ဦးကျော်မြင့်)-ဒေါ်စိန်ကျော်၊ ဒေါ်ရီရီဝင်း (ထ-၇၊ အင်းစိန်)တို့၏ဖခင်၊ ကိုမျိုးသန့်-မနှင်းဝေကျော်၊ ကိုဖြိုးဝေကျော်-မမြတ်သက်မှူးရည်၊ ကိုမင်းသူလွင်-မမျိုးမာလာမြင့်၊ ကိုအောင်ကျော်လင်းတို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဘဒ္ဒန္တဇဝနညာဏ (ဦးမောင်ထွန်း)သည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၂း၅၀နာရီတွင် အထက်ပါနေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အဖေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးဘမောင် (၈၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ဘုရားလမ်းနေ (ဦးကြင်မြိုင်-ဒေါ်ဟင်းငါး)တို့၏ သားကြီး၊ ထူးကြီးမြို့၊ မြို့မလမ်းနေ ဒေါ်ပိုးထင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရှုကြည်၊ ဒေါ်ရှုရီ၊ ဦးဝင်းစိန်-ဒေါ်မြင့်မြင့်ကြူ၊ ဦးအောင်မင်း-ဒေါ်သက်သက်မိုး၊ ဦးဝင်းကျော်-ဒေါ်ဝင်းဝင်းကြည်၊ ဦးတင်ဝင်း-ဒေါ်မာလာဝင်း၊ ဦးမြင့်စန်း-ဒေါ်မြင့်မြင့်ရီ၊ ဦးဆန်းဝင်းနိုင်-ဒေါ်လှလှဌေး၊ ဦးနေဝင်းအောင်-ဒေါ်နွယ်နွယ်အောင်၊ ဦးမြလင်းအောင်-ဒေါ်ခင်မိုးသူတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၂၅ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးဘမောင်သည် ၂၆-၂-၂၀၁၇(တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် ဆရာသမား အလ်ဟာဂျ်ဦးထွန်းအောင်(ခ) ရှာဟူလ်ဟမီးဒ် [(Chairman-Gensecon Myanmar Pte. Ltd.,) Supervisor (Rtd.) ဂါးဒီးယန်း သတင်းစာတိုက်] အသက် (၆၉) နှစ်သည် ၂၁-၂-၂၀၁၇ ရက် နံနက် ၃း၅၈နာရီတွင် အလ္လာဟ်သျှင်မြတ်ကရုဏာခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Gensecon Myanmar Pte.Ltd. မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအာကာထွန်း၏ဖခင် အလ်ဟာဂျ်ဦးထွန်းအောင်(ခ) ရှာဟူလ်ဟမီးဒ် [(Chairman-Gensecon Myanmar Pte. Ltd.,) Supervisor (Rtd.) ဂါးဒီးယန်းသတင်းစာတိုက်] အသက် (၆၉)နှစ်သည် ၂၁-၂-၂၀၁၇ရက်နေ့ နံနက် ၃း၅၈နာရီတွင် အလ္လာဟ်သျှင်မြတ်ကရုဏာ ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဧဝရတ်စက္ကူနှင့် မင်ရောင်းဝယ်ရေးမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

အလ်ဟာဂျ်ဦးထွန်းအောင်(ခ)ရှာဟူလ်ဟမီးဒ် [Chairman-Gensecon Myanmar Pte.Ltd (Supervisor-Rtd) ဂါးဒီးယန်းသတင်းစာတိုက်] အသက်(၆၉)နှစ်သည် ၂၁-၂-၂၀၁၇ ရက်နေ့ နံနက် ၃း၅၈ နာရီတွင် အလ္လာဟ်သျှင်မြတ်ကရုဏာခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**New Phyarpon Company Limited**

## အထူးဝမ်းနည်းကြေကွဲခြင်း

စိုးဝဏ္ဏ (Diamond Group Construction)နှင့် ဒေါ်အေးအေးထွန်းတို့၏ဖခင် အလ်ဟာဂျ်ဦးထွန်းအောင်(ခ)ရှာဟူလ်ဟမီးဒ်[Chairman-Gensecon Myanmar Pte.Ltd) (Supervisor-Rtd) ဂါးဒီးယန်းသတင်းစာတိုက်] အသက် (၆၉)နှစ်သည် ၂၁-၂-၂၀၁၇ ရက်နေ့ နံနက် ၃း၅၈ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Diamond Group Construction မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

[ဟာဂျီ ဦးယာစင်နှင့် ဟာဂျီမ ဒေါ်မိမိကြီး (Principal-B.S.C College)]တို့၏သားသမက်၊ ဟာဂျီမဒေါ်မြင့်မြင့်စိန် @ Voilet Yasin (Vice Chairman-GMPL)၏ချစ်လှစွာသောခင်ပွန်း အလ်ဟာဂျ်ဦးထွန်းအောင်(ခ) ရှာဟူလ်ဟမီးဒ်[Chairman-Gensecon Myanmar Pte.Ltd) (Supervisor-Rtd) ဂါးဒီးယန်းသတင်းစာတိုက်] အသက် (၆၉)နှစ်သည် ၂၁-၂-၂၀၁၇ရက်နေ့ နံနက် ၃း၅၈ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.S.C College မှ ဆရာ၊ ဆရာမများ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1726၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ပဲခူး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1811၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

# ကြော်ငြာ

## ဗိုလ်ချုပ် ချစ်လှိုင်(ငြိမ်း)

**ရေ/၃၀၁၁**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

## အသက် (၉၃) နှစ်

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**
**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ-ငြိမ်း)**
**အလုပ်သမားဝန်ကြီး(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ လယ်ကြီးကျေးရွာနေ (ဦးဖိုးစံ-ဒေါ်ပွဲမှီ)တို့၏ သား၊ ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၆၄/က) နေ (ဒေါ်ခင်ငြိမ်းငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ချစ်လှိုင်-ဒေါ်Lornaလှိုင် (Perth, Australia)-ဒေါ်ဆွေဆွေမွန်၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ရီ(ရေ-ငြိမ်း)-ဒေါ်နုနုလှိုင်၊ ဗိုလ်မှူးဝင်းမြတ်(ငြိမ်း)-ဒေါ်ယုယုလှိုင်၊ (ဦးကျော်ဆွေသက်)-ဒေါ်ချိုမာလှိုင်၊ (ဦးဇာနည်မောင်)-ဒေါ်တင်မာလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၄ ယောက်၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီး ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း)သည် ၂၈-၂-၂၀၁၇ ရက် မွန်းလွဲ ၂း၄၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂-၃-၂၀၁၇ ရက်နေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ချုပ် ချစ်လှိုင်(ငြိမ်း)

**ရေ/၃၀၁၁**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

## အသက် (၉၃) နှစ်

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**
**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ-ငြိမ်း)**
**အလုပ်သမားဝန်ကြီး(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ လယ်ကြီးကျေးရွာနေ(ဦးဖိုးစံ-ဒေါ်ပွဲမှီ)တို့၏ သား၊ ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၆၄/က) နေ (ဒေါ်ခင်ငြိမ်းငြိမ်း)၏ခင်ပွန်း၊ Australia နိုင်ငံ Perth မြို့နေ ဦးဇော်လင်းထွန်း-ဒေါ်မိုးပပလှိုင်၊ ဦးကျော်ဘိုဘိုလှိုင်-ဒေါ်အိမျိုးလွင်၊ ရန်ကုန်မြို့နေ ဦးမင်းဇေယျာလှိုင်-ဒေါ်နွေနှောင်းခင်မောင်သန်း၊ မောင်ခန့်သူရိန်၊ ဒေါ်ခိုင်ရီလှိုင်၊ ဦးအာကာလင်း-ဒေါ်မို့မို့ရီလှိုင်၊ မအိအိရီလှိုင်၊ (ဦးဘုန်းမြတ်လှိုင်)-ဒေါ်သဇင်ဘုန်းဇော်၊ ဦးကောင်းမြတ်လှိုင်-ဒေါ်အိမွန်ထူး၊ ဗိုလ်ဇော်မော်ဟိန်း-ဒေါ်မြတ်ယုဇနလှိုင်၊ ဦးအောင်သူသိန်း-ဒေါ်မီမီသက်လှိုင်၊ ဦးရန်လင်းအောင်-ဒေါ်လှိုင်ထက်သက်၊ မောင်ဟံသာဇေအောင်၊ ဦးကျော်စိုးဝင်း-ဒေါ်ခိုင်တင်ဇာလှိုင်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် ၁၀ ယောက်တို့၏ဘိုးဘိုးကြီး ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း) သည် ၂၈-၂-၂၀၁၇ရက် မွန်းလွဲ ၂း၄၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂-၃-၂၀၁၇ ရက်နေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေး၊ မြစ်တစ်စု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းကြည် (၈၅)နှစ်

ပါမောက္ခ ဒေါက်တာသန်းဆွေ၊ ပါမောက္ခ/ဌာနမှူး၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဒေါက်တာခင်ခင်အေးတို့၏ မိခင်ကြီး ဒေါ်သိန်းကြည်သည် ၂၇-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းကြည် (၈၅)နှစ်

ပါမောက္ခ ဒေါက်တာသန်းဆွေ၊ ပါမောက္ခ/ဌာနမှူး၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဒေါက်တာခင်ခင်အေးတို့၏ မိခင်ကြီး ဒေါ်သိန်းကြည်သည် ၂၇-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊**
**သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းကြည် (၈၅)နှစ်

ပါမောက္ခ ဒေါက်တာသန်းဆွေ၊ ပါမောက္ခ/ဌာနမှူး၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဒေါက်တာခင်ခင်အေးတို့၏ မိခင်ကြီး ဒေါ်သိန်းကြည်သည် ၂၇-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊**
**သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

## ဒေါ်မိမိခိုင် (၅၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၁၈၈)နေ (ဦးတင်ဝင်း)-ဒေါ်တင်လှတို့၏သမီးကြီး၊ ဦးဘိုဘို-ဒေါ်တင်တင်လှိုင်၊ ဦးမျိုးတင့်-ဒေါ်ခင်အုန်းမြင့်၊ (ဦးဆန်းထွန်း)-ဒေါ်အိအိခိုင်၊ ဦးမျိုးဝင်းဆန်း၊ ဦးနိုင်နိုင်ထွန်း-ဒေါ်အေးအေးအောင်တို့၏ အစ်မ၊ (ဦးဝင်းသောင်း)၏ဇနီး၊ ကိုအေးမျိုးမင်း-မကြည်ပြာလှိုင်၊ (ကိုသူရအောင်)-မဇာဇာဌေး၊ ကိုစည်သူအောင်-မိကိထောတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မနွေးနွေးသူရ၊ မအေးမြယမုံ၊ မလဝန်းချိုတို့၏အဘွားသည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၈၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဲအုပ်လှထွန်း(ငြိမ်း) (၆၃)နှစ်

**ကျောက်ဖြူမြို့**

ကျောက်ဖြူမြို့၊ ကလန်းတဲကျေးရွာနေ (ဦးဖြူချမ်းအောင်-ဒေါ်အေးယဉ်ဖြူ)တို့၏သား၊ (ဦးထွန်းလှ)-ဒေါ်စောနုခိုင်တို့၏ညီ၊ (ဦးမောင်ညွန့်အောင်)-ဒေါ်စိုးလှမ၊ (ဦးရွှေထွန်းဖြူ)-ဒေါ်လှညိုဖြူတို့၏မောင်၊ ဦးအောင်စိုး-ဒေါ်လှခင်မေ၊ ဦးလှထွန်းအောင်-ဒေါ်အရွှေမ၊ ဦးမောင်ထွန်းရွှေ (သတ္တုတွင်း အင်ဂျင်နီယာ-အေဒင်စွမ်းအင်ကုမ္ပဏီ၊ တီကျစ်၊ ပင်လောင်းမြို့)-ဒေါ်ခင်မော်လွင်၊ ဦးမောင်ဝေလှ-ဒေါ်မသန်း၊ ဒုရဲမှူးသန်းဖေ(မြို့မစခန်းမှူး၊မြောက်ဦးမြို့)-ဒေါ်နုနုသိန်း(အ. ထ. က-မြောင်းဘွေ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ စိန်ပန်းမြိုင်လမ်းသွယ်၊ အပိုင်း(၃)၊ (၁၇)ရပ်ကွက်၊ အမှတ် (၄၅၁/က)နေ ဒေါ်တင်တင်အေး၏ ခင်ပွန်း၊ မဇွန်၊ မိုးသက်ထား(MIT, Co., Ltd)၊ ဗိုလ်ကြီးဖြိုးပြည့်စုံကျော်-မသဇင်နွယ်စိုးတို့၏ချစ်လှစွာသောဖခင်၊ ရဲအုပ်လှထွန်း(ငြိမ်း)သည် ၂၇-၂-၂၀၁၇ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင်ရေဝေးသုသာန်၌ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ၃နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဥ (၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘစိန်-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ (ဦးဘိုးချမ်း-ဒေါ်မှီ)တို့၏သမီး၊ (ဦးလှခိုင်)-ဒေါ်သန်းမြင့်တို့၏ညီမ၊ (ဦးမြင့်သန်း)-ဒေါ်စန်းစန်းဌေး၊ ဒေါ်ခင်ခင်မြင့်၊ (ဦးမြင့်သူ)-ဒေါ်လှမြင့်၊ ဦးမြင့်ထွန်း [3/E UNITEAM MARINE]၊ ဦးဗိုလ်ကြည်-ဒေါ်ယဉ်ယဉ်မြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော အဘွား၊ အမှတ်(၄၈၁)၊ မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေ (ဦးတင်သိန်း)၏ ချစ်လှစွာသောဇနီးသည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာ လမ်း၊ အမှတ်(၄၈၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သိန်း(ကျုံတနီး) (၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအုန်းဖေ-ဒေါ်ခင်တင့်)တို့၏ သမီး၊ (ဦးမောင်မှတ်-ဒေါ်ထွေးတင်)တို့၏သမီးချွေးမ၊ (ဦးအုန်းကြိုင်)၏ဇနီး၊ ဦးကုန္တသာဘ၊ ဦးဝဇီရာဉာဏတို့၏ရဟန်းအစ်မ၊ ဒေါ်ခင်စန်းမြင့်(မိသားစုဆေးဆိုး)၊ ဦးသန်းလွင်-ဒေါ်မြတ်မြတ်ဦး၊ ဦးခင်မောင်လွင်-ဒေါ်ခင်ချိုချို၊ ဦးတင်ဌေးအောင်(လ/ထညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်တင်တင်ခိုင်၊ ဦးစိုးနိုင်-ဒေါ်ဇင်မာအောင်(မိသားစုဆေးဆိုး)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်သိန်းသည် ၂၈-၂-၂၀၁၇(အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုလ်မည်ဖြစ်ပါသည်။ (အမှတ်-၁၇၁၊ ၉-လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ရွှေ (၇၂)နှစ်

**ဌာနစုမှူး(ငြိမ်း)၊ ကုန်သွယ်ရေး**
**အထက်တန်းပြဆရာမဟောင်း**
**(အထက-၂၊ မအူပင်/လှိုင်ကော်၊ အထက-၁၆ မန္တလေး)**

(ဦးတင်ရွှေ-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ် (၁၂/ခ)နေ ဦးအောင်နိုင် (ညွှန်ကြားရေးမှူး ငြိမ်း၊ တရားရုံးချုပ်)၏ဇနီး၊ ဒေါ်သွဲ့နိုင်ဦး (လက်ထောက်ဌာနမှူး၊ ရေသန့်၊ ရန်ကုန်မြို့တော်စည်ပင်)-ဦးစိုင်းအောင်ကျော်၊ ဒေါ်စိုးစန္ဒာနိုင် (CITCC, Myanmar Co., Ltd)-ဗိုလ်ကြီးကျော်သီဟ၊ ကိုထက်မင်းအောင်(Telenor Myanmar Co., Ltd.)- မနန်းရွှေစင်တို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူး ခင်မောင်ရွှေ(ငြိမ်း)၊ (ကိုရွှေဝင်း)၊ ဒေါ်သီတာရွှေ၊ ဒေါ်ဥမ္မာရွှေတို့၏ အစ်မ၊ မောင်သုခဟိန်း၊ မောင်ဉာဏစွမ်း၊ မပိုးဝတ်ရည်မောင်တို့၏အဘွားသည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) ည ၁၁း၀၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီနှင့် ၄၆-လမ်း ရုံးချုပ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်ဝင်းဒင်(ခ)ကိုသားငယ် (၅၄)နှစ်

**(Operation Manager)**
**(Santa Maria Travel & Tours Co., Ltd)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၈)နေ (ဦးသာဒင်-ဒေါ်သိန်းညွန့်)၊ (ဦးချစ်ဆွေ-ဒေါ်စိန်)တို့၏ မြေး၊ (ဒေါ်ခင်သိန်းရှင်-ဦးမြသိန်း)၊ ဒေါ်လှကျွေ-(ဗိုလ်မှူးခင်အောင်)၊ သိက္ခာတော်ရဆရာဦးဝင်းတင်-ဒေါ်ချိုအိလွန်း၊ ဦးတင်အောင်ဆွေ-ဒေါ်အယ်လ်ဗိုင်းနာတာပတို့၏တူ ဦးကျော်ဝင်းဒင်သည် ၂၆-၂-၂၀၁၇ရက် နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၁၇ရက် နံနက် ၉နာရီတွင် အမှတ် (၁၃၆)၊ မင်းကြီးလမ်း(ဗဟိုလမ်း)၊ တောင်သူကုန်းရပ်ကွက်၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်းစိန်မြို့နယ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီသီ(မြိတ်) (၇၈)နှစ်

**အထက်တန်းပြဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ (၁၅)လမ်း၊ အမှတ် (၄၅၉)နေ (ဦးအိစံ-ဒေါ်ရှုအိ)တို့၏သမီး၊ ဦးကျော်ဝင်း(တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ဦးဝင်းနိုင်၊ ဦးနိုင်ဝင်း၊ (ဒေါက်တာဝင်းနိုင်)-ဒေါက်တာဝင်းမီမီခိုင်၊ ဦးစိုးတင်ဦး (ကထိက၊ ဓာတုဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)-ဒေါ်ဝင်းသီသီမြိုင် (ကထိက၊ ဓာတုဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၊ ဒေါက်တာကျော်သက်တို့၏မိခင်၊ မမြသိင်္ဂါခင်၊ မငြိမ်းစုသာသာ၊ မဆုလဲ့ဝတီ၊ မဆုသံစဉ်ဖိုး၊ မောင်ချမ်းငြိမ်းထွဋ်တို့၏အဘွားသည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၀၀း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သီသီ (မြိတ်)

## အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မာဃ(၁၅)လမ်း၊ (၁၂)ရပ်ကွက်၊ အမှတ်(၄၅၉)နေ ဦးကျော်ဝင်း၏ ဇနီးသည် ၂၇-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

### ရဟန်းဒါယိကာမကြီး

## ဒေါ်မြမှင်(ဥက္ကံ) (၈၅)နှစ်

ဥက္ကံမြို့၊ အနော်ရထာရပ်ကွက်၊ ဘုရားကြီးကွက်သစ်နေ (ဦးအောင်မြိုင်-ဒေါ်အေးစိန်)တို့၏ သမီးကြီး၊ ဦးအောင်မြ(ငွေမောင်းဆေးတိုက်)၏ ဇနီး၊ ဦးဝင်းမြင့်-ဒေါ်ခိုင်မာစီ၊ ဦးအေးကြည်-ဒေါ်ကြည်ကြည်စိန်၊ ဦးငွေစိုး-ဒေါ်ခင်ညွန့်(ဇလွန်)၊ ဦးခင်မောင်စိုး-ဒေါ်မြစန္ဒာဝင်း (ဟိန်းထက် ကိုယ်ပိုင်အထက်တန်းကျောင်း-ဥက္ကံမြို့)တို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၀၀း၀၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဥက္ကံသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ခင်စိုးရီ(ခရမ်း)

## အသက် (၇၂)နှစ်

**ခရမ်းမြို့နယ်အသင်း နာယက**
**အသင်းဝင်အမှတ်(၂၀၆)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်း၊ အမှတ်(၄၀)နေ (ဦးကျင်ဝမ်)၏ဇနီး၊ ဦးမင်းမင်းမြင့်-ဒေါက်တာ ဒေါ်ခင်မမတို့၏မိခင် ဒေါ်ခင်စိုးရီသည် ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

# အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်စိုးရီ(ခရမ်း) (၇၂)နှစ်

**(တရားလွှတ်တော်ရှေ့နေ)**

ခရမ်းမြို့နေ [ဦးဘိုကြီး-ဒေါ်တင်ဥ(ခ)ဒေါ်ညို]တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈) ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် (၆၀)နေ (ဦးကျင်ဝမ်)၏ဇနီး၊ ဦးမင်းမင်းမြင့်-ဒေါက်တာခင်မမ၊ ဦးဝင်းနိုင်-ဒေါ်ခင်ပပ၊ ဦးကျော်ဇောလင်း-ဒေါ်တင်ဇာလီသက်၊ ဦးကျော်စိုးမိုး၊ ဦးကျော်မင်းထွန်း(MIP)-ဒေါ်တင်နိုင်နိုင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၇ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၄၀၊ အနော်မာ အရှေ့ ၁၇ လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့် (၆၇)နှစ်

**(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)**
**(ကြေး/မြေ အရာရှိ-၁၅၀)**
**(သုံးခွ) အထက(၃)၊**
**ဗိုလ်တထောင်ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အမှတ် (၂၁)၊ စီဝါယာလမ်းနေ [ဦးအုန်းမောင် (နာရီပြင်ဆရာကြီး)-ဒေါ်ခင်ညွန့်]တို့၏ သားကြီး၊ (ဦးကျင်ဟိန်း)-ဒေါ်နှင်းရီ၊ (ဦးတင်မြင့်)-ဒေါ်ကြည်တို့၏တူ/သား၊ [ဦးသန်းအောင် (မီးသတ် ဒု/ဦးစီးမှူး)]-ဒေါ်ကြည်ကြည်ဝင်းတို့၏ မောင်၊ ဦးတင်ထူးမောင် (ဒု/လဝကမှူး-ငြိမ်း)၊ ဦးမြင့်ဝင်း-ဒေါ်ကြည်ကြည်မြင့်(ခ) မဗိုလ်မတို့၏ အစ်ကိုကြီး၊ Mr.Takeo Kojima-မဝင်းပပအောင်၊ မဝင်းယုယုဗိုလ်တို့၏ဘကြီး၊ အမှတ်(၁၉)၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဒေါ်နှင်းဆီ၏ခင်ပွန်း၊ [ဦးနေလင်းအောင် (ဘိုကလေး၊ စည်ပင် SAE)]၊ ဒေါက်တာဇာဏီအောင်တို့၏ ဖခင်၊ Ketsuki Kojima, Morito Kojima တို့၏အဘိုးလေး ဦးအောင်မြင့်သည် ၂၈-၂-၂၀၁၇ ရက် နံနက် ၅း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ် (၁၉)၊ လေးလွှာ၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ထိုက်အောင်

## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက် (မြောက်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ် (၇၉-ခ)နေ (ဦးသိန်းအောင်)-ဒေါ်လှကြိုင်တို့၏ သား၊ (ဦးခင်ဇော်ဦး)-ဒေါ်ခင်သိန်းမော်၊ ဦးဆန်းအောင်-ဒေါ်အေးအေးတိုးတို့၏ ညီ/မောင်၊ Dr.အောင်မျိုးထွန်း- Dr. ဝသန်ဆန်း၊ ဦးကျော်ဆက်အောင်-ဒေါ်တင်တင်နွဲ့တို့၏အစ်ကို ဦးကျော်ထိုက်အောင်သည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်မြင့်(ခ)မစုငယ်

## အသက် (၅၀)

မြိတ်မြို့၊ နောက်လယ်ရပ်၊ (၃)လမ်း၊ အမှတ် (၉၆)နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ် (၃၀)၊ သုံးလွှာနေ [ဦးအံချွန်(ခ)ဦးသိန်းဝင်း-ဒေါ်ကျင်စူ]တို့၏ စတုတ္ထသမီး၊ ဒေါ်ရင်ကြူ၊ ဦးထွန်းမြင့်-ဒေါ်အေးကြူ၊ ဒေါ်ဝင်းကြူတို့၏ညီမ၊ ဦးထွန်းနိုင်-ဒေါ်ဇာမှုန်လွင်တို့၏အစ်မ၊ ဒေါက်တာပြုံးမြတ်မွန်၊ ဒေါက်တာနန္ဒာမွန်၊ မောင်သန်းနိုင်စိုးတို့၏အဒေါ်သည် ၂၈-၂-၂၀၁၇(အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နန္ဒထေရီ (ဒေါ်နီနီဝင်း)

## အသက် (၅၃)နှစ်၊ ဝါတော် (၈)ဝါ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် (၅၂)နေ (ဦးမြရှိန်-ဒေါ်ခင်ကြည်-ဒေါ်ဝဏ္ဏထေရီ)တို့၏သမီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၄၅)နေ ဦးသိန်းမြင့်-ဒေါ်ကြင်ကြင်မြတို့၏ သမီးချွေးမ၊ (ဦးကျော်စွာမြင့်-MAI-IFCS)၏ဇနီး၊ ကိုသျှားကျော်ဆင့်၊ ကိုကောင်းကျော်ဆင့်တို့၏မွေးသမိခင်သည် ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၇(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁း၃၀ နာရီအထိ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ သံဒင်း မကွေးပတ်လမ်း၊ ကမ္ဘောဇ ရတနာ့ဂုဏ်ရည် သီလရှင်ကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေး(ကျောက်တံခါး) (၇၇)နှစ်

ကျောက်တံခါးမြို့၊ ဦးစံကျော်လမ်းနေ (ဦးစိန်ဖေ-ဒေါ်မြမေ)တို့၏ သမီးထွေး၊ [သီဟဗလ ဦးစံကျော် (မော်ကွန်းဝင်ပထမဆင့်)]၏ တူမ၊ ရန်ကုန်မြို့၊ အမှတ် (၇၄-ဘီ)၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်နေ ဒေါ်တင်တင်၊ [ဦးတင်မြင့် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့အာမခံ)]-ဒေါ်နွယ်နွယ်မြင့်၊ ဒေါ်ခင်ခင်၊ (ဦးစိန်ရ)-ဒေါ်စန်းမြင့်၊ ဦးချစ်သန်း (ညွှန်မှူး-ငြိမ်း၊ ဗဟိုဘဏ်၊ မန္တလေး)-ဒေါ်ခင်အေးတို့၏ညီမထွေး၊ တူ/တူမ ၁၁ယောက်၊ မြေး ၁၁ယောက်တို့၏အဘွား ဒေါ်ခင်လေးသည် ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂နာရီတွင် ဗဟိုရိရစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အုန်းပင်လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၇ ရက် နံနက် ၇နာရီမှ ၉နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ရင် (၆၃)နှစ်

**B.E (Petroleum) (1972-1978)**
**အင်ဂျင်နီယာချုပ်(တူးဖော်ရေး-ငြိမ်း) M.O.G.E**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်နေ (ဦးနီ-ဒေါ်ကြည်)တို့၏ သား၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၁)ရပ်ကွက်နေ (ဦးဘသစ်-ဒေါ်အေးရှင်)တို့၏သားသမက်၊ ဒေါ်အမာတင်၏ခင်ပွန်း၊ ဗိုလ်မှူးသက်ထက်အောင်-မထိုက်ထိုက်ထွေး၊ မောင်ငြိမ်းချမ်းစိုး-ဒေါက်တာခင်ခင်ဆုလတ်တို့၏မွေးသဖခင်၊ မောင်လင်းထက်မြတ်၏အဘိုးသည် ၂၈-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၉၊ ပ-ထပ်၊ ငုဝါလမ်း၊ အေးရိပ်မွန်၊ ၈-လမ်းနှင့်၉-လမ်းကြား၊ ၅-ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီခင်ဦး (၆၂)နှစ်

**( 1972-77 NOV B.Ed )**
**အထက(၄) အင်းစိန်၊ အထက(၁) ကူမဲ (ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်(၃)လမ်း၊အမှတ်(၁၂၂)၊အခန်း(၈) နေ(ဦးစံထွန်းကျော်-ဒေါ်ဖြူဖြူ)တို့၏သမီး၊ [ဦးသာထွန်းအေး(2nd Officer)]၏ ဇနီး၊ မောင်ကျော်မြတ်သာ(CMV Cruise Line)၊ ဝင်းနုအေး(CONFIDENCE ENGLISH LANGUAGE CENTRE)-နန္ဒလင်း(2nd Officer)၊ မခင်ဖြူသာ(CONFIDENCE ENGLISH LANGUAGE CENTRE)တို့၏ ချစ်လှစွာသောမိခင်၊ မြေးလေး ANGEL၏ဘောင်ဘောင်သည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) ည ၇း၂၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းနိုင်(ဝါးခယ်မ) (၅၅)နှစ်

ဝါးခယ်မမြို့နေ (ဦးကျော်တင်-ဒေါ်ညွန့်ဟန်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၃-C)၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်နှင်းယုနွယ်၏ ခင်ပွန်း၊ မောင်သန့်ထက်ဦး၊ မောင်အောင်မြင့်မြတ်တို့၏ ဖခင်၊ ဦးတင်မောင်ဦး-ဒေါ်လဲ့လဲ့ကြည်တို့၏ညီ/မောင်၊ ဦးသိန်းလွင်၏အစ်ကို၊ ဒေါ်ခင်မာဆွေ၊ ဦးတင်အောင်မိုး-ဒေါ်ဝင်းဝင်းခိုင်၊ ဦးသိန်းဇော်-ဒေါ်ယဉ်မေသန်း၊ ဦးဝင်းကျော်နိုင်-ဒေါ်ခုမိကျန်၊ ဦးကျော်ကျော်နိုင်-ဒေါ်သင်းသင်းမြတ်တို့၏အစ်ကိုသည် ၂၈-၂-၂၀၁၇ ရက် နံနက် ၄း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းညို

## အသက် (၆၅)နှစ်

ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရေးလမ်းနေ (ဦးထွန်းမြတ်-ဒေါ်စောတင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီလမ်း၊ စီမံကိန်း(၁)နေ ဦးသန်းမြင့်-ဒေါ်အေးညွန့်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အောင်ချမ်းသာလမ်း၊ မြေညီထပ်၊ အမှတ် (၁၂၉)၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်နေ ဦးသန်းထွေး၏ချစ်ဇနီး၊ မောင်ဖြိုးပြည့်မောင်-မစုစန္ဒာစိုးတို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၂၇-၂-၂၀၁၇ (တနင်္လာနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊ အောင်ချမ်းသာလမ်း၊ မြေညီထပ်၊ အမှတ်(၁၂၉)၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## Pi Za Men (၅၉)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖန်ထင်ကျေးရွာနေ (Pu Tluang Khar-Pi Dar Par)တို့၏သမီးထွေး၊ Pi Mang Nawn, (Pu Co Zah), (Pu Peng Lian), (Pu Bawi Hua), Pi Zung Ting, (Pi Meng Kil), Pi E Chin တို့၏ညီမ၊ Thla Tin Thang, Sui Chin,Sung Hlei တို့၏မွေးသမိခင်၊ Pu Khua Khu (Pa Khua)၏ ချစ်လှစွာသောဇနီးသည် ၂၈-၂-၂၀၁၇ ရက် နံနက် ၉း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၈၈၄၊ ငုဝါလမ်း၊ ၄၅ ရပ်ကွက်၊ မြောက်ဒဂုံ၊ မန္တလေးလမ်း၊ မြောက်ဒဂုံ၊ ၄၆-လမ်းဆုံ၊ မြောက်ဒဂုံတို့မှ ကားများ မွန်းတည့် ၁၂ နာရီ၊ မြကန်သာ၊ အုတ်ကျင်း၊ ဘီအိုစီမှတ်တိုင်၊ အင်းစိန်နှင့် ရွှေပြည်သာ (၃)ထိပ်မှ ကားများ နံနက် ၁၁း၃၀ နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# လိုင်လင်းပီ၊ ရေဗွာနှင့် မတူပီမြို့နယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဗွာမြို့၌ ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

မတူပီ ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ်၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မင်းတပ်မြို့မှ လိုင်လင်းပီမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လိုင်လင်းပီမြို့ လေယာဉ်ကွင်းငယ် ဖောက်လုပ်မည့်နေရာသို့ရောက်ရှိရာ လေကြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းဖောက်လုပ်မည့် မြေနေရာရွေးချယ်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လေယာဉ်ကွင်းဖောက်လုပ်နိုင်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် လေယာဉ်ကွင်းဖောက်လုပ်မည့် မြေနေရာ၌ စက်ယန္တရားများ စုစည်းထားရှိမှုနှင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုင်လင်းပီမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် လိုင်လင်းပီမြို့ အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရှမ်းပြည်နယ် အရှေ့မြောက်ဒေသနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ တပ်မတော်မှ သတင်းစာရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့် မုံးကိုးဖြစ်စဉ်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဘုရင့်နောင်ရိပ်သာ၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်ရှင်းလင်းပြောကြားသည်။(အောက်ပုံ)**



သတင်းစာရှင်းလင်းပွဲ၌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဖုန်တာရှင်သည် ကိုးကန့်ဒေသအတွင်းသို့ ပြန်လည်အခြေချလှုပ်ရှားနိုင်ရန်နှင့် မုံးကိုး၊ ဖောင်းဆိုင်နယ်မြေအတွင်း အခြေခံနယ်မြေတည်ဆောက်ရန် KIA၊ MNDAA၊ TNLA အင်အား ၁၀၀၀ ခန့်ဖြင့် တပ်ပေါင်းစုအမည်ခံ၍ လှုပ်ရှားဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်ခဲ့သည်ကို သတင်းရရှိခဲ့ပါကြောင်း၊ နိုဝင်ဘာ ဒုတိယပတ်တွင် MNDAA အဖွဲ့မှ ဖုန်တာရှင် ခေါင်းဆောင်သော အင်အား ၃၀၀ခန့်က ဟုံအိုင်မှ မုံးကိုးနယ်မြေအတွင်းသို့ ရောက်ရှိပြီး မုံးကိုးဒေသအား သိမ်းပိုက်ရန်နှင့် မူဆယ်မြို့အား စီးနင်းတိုက်ခိုက်ရန် စီစဉ်ဆောင်ရွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့**


မြန်မာစာဂုဏ်ထူးရှင် ဖြစ်လိုသူတိုင်း မျှော်လင့် အားကိုးကြီးစွာ စောင့်စားခဲ့ကြသော
နွေ မြန်မာစာ
• မတ်လ(၉)ရက် ဖွင့်မည်။
• နွေ သင်ရိုးကုန် (၀တန်း၊ ၉တန်း၊ ၁၀တန်း)
• တစ်စီတကုံး အထူးတန်းခွဲများ
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊
ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁
မထက်ယမင်းအောင်
မသည်းမြတ်အောင်
မသော်သော်ဟန်
တစ်နိုင်ငံလုံး မြန်မာစာ ပထမ
တစ်နိုင်ငံလုံး ဘာသာစုံ စတုတ္ထ

ဂုဏ်ထူးဦးသိန်းနိုင်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ပညာရေး ဘော်ဒါ
၂၀၁၆ ခုနှစ်တွင် ပေါ်ထွန်းခဲ့သော ဤကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပညာရေးဘော်ဒါမှ
မြန်မာစာ–ဂုဏ်ထူးဦးသိန်းနိုင်၊ ဒေါက်တာထွန်းခင်
အင်္ဂလိပ်စာ–ဆရာနေအုပ်၊ ဂုဏ်ထူးဦးအောင်ခိုင်၊ ဒေါက်တာ ဇီဝ
သင်္ချာ–ဒေါက်တာညီညီ
ဆရာမကြီးဒေါ်ဆွေညွန့်လွင်၊ ဆရာတော်လင်းအောင် တို့၏ တပည့်ရင်း တပည့်ချစ်
"သိန်းနိုင်ရွှေတံဆိပ်"၊ Seiko တိုင်ကပ်နာရီ ဆုတံဆိပ်များနှင့် ငွေစင်ငွေသား ... အသီးသီး ချီးမြှင့်ပေးခဲ့သည်။
Asia Plaza Hotel
ဝင်ခွင့်အပ်နှံရန်...
• မြို့အမှတ် ၂၀(A)+၂၀(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဥက္ကံတိတ်အိမ်ရာ၊ (ORANGE SUPER MART ညာဘက်)
သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄ ၂၀၀၃၀၇၂၇
၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းကြိုတင် အပ်နှံထားပါမှသာ နှစ်စဉ်နှစ်တိုင်းကဲ့သို့ နေရာအတွက် စိတ်ချရမည်။





တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

